

www.burmeseclassic.com
www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၀၉၂၄၀၉၁၀
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၂၀၀၁၀၁၀

စီစဥ်သူ - ကိုတင်ထွန်း

ပုံနှိပ်ခြင်း

| | | |
|---|---|---|
| ပထမအကြိမ် | - | ၂၀၁၀၊နိုဝင်ဘာလ |
| အုပ်ရေ | - | ၅၀၀ |
| မျက်နှာဖုံး | - | မြတ်မင်းဟန် |
| ကွန်ပျူတာစာစီ | - | *Welfare* |
| အတွင်းဖလင် | - | *Quality* |

ပုံနှိပ်သူ
နော်ဆဲနေမူး (ချာလီပုံနှိပ်တိုက်) (၀၈၂၇၇)
အမှတ်(၁၂၁)၊ အလုံလမ်း။
အလုံမြို့နယ်၊ ရန်ကုန်မြို့။

ထုတ်ဝေသူ
ဦးတင်ထွန်း ( မြဲ )(၀၄၂၀၅)
စိတ်ကူးသစ်စာပေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း။
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၁၅၀၀ကျပ်

ဂ၉၅ • ၈၃

နေစိုးသော်
ရွှေနေမလေးမေစံရှားနှင့်ဝံပုလွေမင်းသမီး / နေစိုးသော် ။ –ရန်ကုန်။
စိတ်ကူးသစ်စာပေ၊ ၂၀၁၀။
၂၁၅ – စာ ၊ ၁၂ • ၃ စင်တီ×၁၈ စင်တီ။
(၁) ရွှေနေမလေးမေစံရှားနှင့်ဝံပုလွေမင်းသမီး

# [ ၁ ]

BURMESE CLASSIC .com

“မေစံရှား . . . ဟုတ်တယ်နော်”

“ဟုတ်ပါတယ်။ အမိန့်ရှိပါရှင်”

“အေး . . . အမိန့်ကတော့ သေမိန့်ပဲ”

“ရှင် . . .”

“မင်းကို သေမိန့်ပေးမှာ။ အခုလိုပဲ အများအတွက်၊ အားနည်းတဲ့သူတွေအတွက်၊ အမှန်တရားအတွက် လုပ်နေတာတွေကို ဆက်ပြီးလုပ်ပါ။ မလုပ်ရင် မင်းကို သေမိန့်ပေးမှာ”

“အခုပြောနေတာ ဘယ်သူပါလဲရှင်”

“အဲဒါ မင်းသိဖို့ မလိုပါဘူး”



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မက အမိန့်ပေးခိုင်းစေတာကို လိုက်လုပ်တဲ့သူ မဟုတ်ပါဘူး။ ကျွန်မယုံကြည်ချက်နဲ့ကျွန်မ လုပ်နေတဲ့သူပါ။ ကျွန်မလုပ်နေတဲ့ အလုပ်တွေကိုတော့ ဘာနဲ့တားတား အရှုံးပေးမှာမဟုတ်တဲ့သူပါ။ ဘုရားကြိုက်တဲ့အလုပ်၊ သူတော်ကောင်းတွေ သူတော်မြတ်တွေကြိုက်တဲ့ အလုပ်မို့ မပျက်မစီးမစောင်းရအောင် ကျွန်မ ကြိုးစားသွားမှာပါ"

"ဟား ... ဟား ... ဟား ... ကြိုက်သွားပြီ။ May San Sharr loves truth. Truth loves May San Sharr ပေါ့။ ဟုတ်လား။ သာဓုဗျာ ... သာဓု ... သာဓု"

"ဟဲလို ... ဟဲလို ..."

မေစံရှားက ဖုန်းကိုကြည့်ပြီးနောက် ပိတ်လိုက်သည်။ သူမ၏ မျက်လုံးများမှာ ဝင်းလဲ့နေလျက် နှုတ်ခမ်းနီထွေးထွေးမှာ ပြုံးရိပ်ပြုံးယောင်များ တွဲခိုနေသည်။

မေစံရှား ဖုန်းပြောနေသည်ကို နားစွန်နားဖျားကြားကာ စိုးရိမ်စိတ်ဖြင့် ကြည့်နေသော ကိုနေသော်က မေစံရှားကို အကဲခတ်လျက် ...

"ဘာလဲ ရှား။ ရှားကို ခြိမ်းခြောက်တာလား။ ဘယ်သူဆက်တာလဲ"

ဟု မေးခွန်းတွေ ဆင့်ကာဆင့်ကာ ထုတ်လိုက်သည်။

"လမ်းဘေးဖုန်းတစ်ခုခုက ဆက်ပုံပါပဲ။ ဘယ်သူမှန်း မသိပါဘူး။ ခြိမ်းခြောက်တာတော့ ခြိမ်းခြောက်တာပဲ ကိုကို။ အခုလုပ်နေတဲ့ အမှန်တရားအတွက် အလုပ်တွေကို ဆက်လုပ်ပါတဲ့။ မလုပ်ရင် သေမိန့်ပဲ ... တဲ့"

"ဟာ ... တစ်မျိုးကြီးပါလား"





မေစံရှားက နှစ်လိုဖွယ်ပြုံးရင်း စားပွဲပေါ်ရှိ ဖတ်လက်စ ဥပဒေစာအုပ်များကို အစီအရီကောက်ယူကာ နောက်ဘက်ရှိ စာအုပ်မှန်ဗီရိုထဲသို့ ပြန်ထည့်သည်။

"ရှားကို အားပေးတာပါ ကိုကိုရယ်။ မစိုးရိမ်ပါနဲ့"

ကိုနေသော်က စားပွဲရှေ့မှ ထိုင်ခုံတွင် ထိုင်နေရာမှ သက်ပြင်းချလျက် ...

"စိုးရိမ်တာကိုတော့ မစိုးရိမ်ပါနဲ့လို့ ပြောလို့ရမှာမဟုတ်ဘူး။ အချစ်ပေါက်ဖွားလာကတည်းက စိုးရိမ်မှုက အရိပ်လိုကပ်ပါလာတာ။ ရှားက ကောင်းတာလုပ်နေတာမှန်ပေမဲ့ မကောင်းသူတွေက ကြိုက်မှာမဟုတ်ဘူး။ အဲဒီမကောင်းသူတွေဆိုတာ လောဘ၊ ဒေါသ၊ မောဟတွေနဲ့ ကြီးစိုးနေတဲ့သူတွေဆိုတော့ ရှားအဖို့ အချိန်မရွေး အန္တရာယ်ရှိနိုင်တယ်လေ"

မောလျှသံနှင့် ပြောသည်။

BURMESE CLASSIC .com

ချစ်သူ၏မျက်နှာကို မေစံရှားက မြတ်နိုးလေးစားစွာ ကြည့်ပြီး ...

"ဒါဖြင့် ကိုကိုက ရှားလုပ်နေတဲ့အလုပ်တွေကို မလုပ်စေချင်တော့ဘူးပေါ့ ... ဟုတ်လား"

စူးစမ်းမေးလေသည်။

"ဟင့်အင်း ... အဲဒီလိုတော့ ကိုကိုမတားဘူး။ ရှားအလုပ်တွေကို ကိုကိုထောက်ခံတယ်။ မလုပ်စေချင်တာမဟုတ်ဘူး စိုးရိမ်တာကို ပြောပြတာ"

"ကိုကိုရယ် ... ကိုကို့ကို ရှားနားလည်ပါတယ်။ ကျေးဇူးလည်း တင်ပါတယ်။ ဒါပေမဲ့ 'ကောင်းတဲ့အလုပ် ကံ' ရဲ့နောက်မှာ



www.burmeseclassic.com

www.burmeseclassic.com



'ကောင်းတဲ့ အကျိုးသက်ရောက်မှု ကံ' ပဲ လိုက်လာမှာပါ။ အဲဒါကို ရှား ယုံတယ်''

''ကိုကိုက အခု ရုပ်ရှင်ကားရိုက်တဲ့နောက်ကို လိုက်သွားရမှာ။ ကားက ပင်းတယ၊ ကလော၊ အင်းလေး၊ တောင်ကြီးမှာ လှည့်ရိုက်မှာ။ ရုပ်ရှင်ကားကြီးဆိုတော့ ကြာမယ်။ အနည်းဆုံး သုံးပတ်လောက်တော့ ကြာမှာပဲ။ အဲဒီအချိန်မှာ ရှားနဲ့ကိုကို ဝေးနေရမှာ။ စိုးရိမ်တာပေါ့''

''အဲဒါဆိုလည်း ရှားကို တစ်ခါတည်းခေါ်သွားလေ''

''တကယ်လား''

အလောတကြီး စိတ်အားထက်သန်စွာ မေးလိုက်သော ကိုနေသော်ကို မေစံရှားက ကြည့်ကာ သဘောကျစွာ တခစ်ခစ်ရယ်လေသည်။

''ကြည့်ပါဦး ... ခေါ်သွားလည်းဆိုရော ချက်ချင်း ဆွဲခေါ်တော့မယ့်ပုံမျိုးနဲ့ တကယ်လား ... တဲ့။ ကိုကို ခေါ်မှာကို ယုံပါတယ်။ ရှားက မလိုက်နိုင်သေးတာပါ''

''ဖြစ်ပြန်ပြီ''

''ကဲပါ ... ကိုကိုရယ်၊ ကိုကို့အလုပ်ကိုပဲ အာရုံထားပြီး လိုက်သွားပါ။ ကိုကိုပြန်လာတော့ သတင်းကောင်းတစ်ခုပေးနိုင်အောင် ရှားကြိုးစားပါ့မယ်''

''တကယ်နော် ...''

မေစံရှားက လှပစွာ ခေါင်းညိတ်ပြသည်။ ဝမ်းသာပီတိနှင့် ကိုနေသော်က ထိုင်ခုံမှ ရှေ့သို့ကိုင်းလျက် ခုံပေါ်တင်ထားသော မေစံရှား၏လက်ကို ဖမ်းဆုပ်ယူရန် လက်လှမ်းလိုက်စဉ် ...





''ဒေါ်မေစံရှား ရှိပါသလား ခင်ဗျာ''

ရုံးခန်းတံခါးဝဆီမှ အသံတစ်သံ ပေါ်ထွက်လာသည်။ မေစံရှား၏လက်ကို ဆုပ်ကိုင်တော့မည့်ဆဲဆဲ ကိုနေသော်၏လက် တန့်သွားသည်။ 'အရေးကောင်း ဒိန်းဒေါင်းဖျက်ပြီ' ဟူသောအတွေးနှင့် ကိုနေသော့်မျက်နှာ ရှုံ့သွားသည်ကို မေစံရှားက သတိပြုမိပြီး သဘောကျစွာ ခစ်ခနဲရယ်သည်။

ပြီးမှ ရုံးခန်းဝသို့လှမ်းကြည့်ကာ ...

''ရှိပါတယ် ဝင်ခဲ့ပါ။ ဟင် ... မောင်ရှင်''

အံ့ဩခြင်းနှင့်အတူ မေစံရှားမျက်နှာ ဝင်းလက်သွားသည်။ 'မောင်ရှင်' ဟူသော အမည်ခေါ်သံကြောင့် ကိုနေသော်ပါ ချာခနဲ လှည့်ကြည့်မိ၏။

မှန်ပါသည်။

မောင်ရှင် ...။ သမာဓိမောင်ရှင်။ မေစံရှား ယုံကြည်အားကိုးရသော မွေးစားမောင်ငယ် မောင်ရှင်။ (သမာဓိမောင်ရှင်အကြောင်းကို ရွှေနေမလေး မေစံရှားနှင့် သမာဓိမောင်ရှင်အမည်ဖြင့် လုံးချင်းဝတ္ထု ရေးသားထုတ်ဝေပြီးဖြစ်သည်။ ဗီဒီယိုအဖြစ်ပင် အသက်ဝင်ပြီးဖြစ်သည်။)

''ကျွန်တော် မောင်ရှင်ပါခင်ဗျာ။ အနှောင့်အယှက်ဖြစ်သွားရင် ခွင့်လွှတ်ပါခင်ဗျာ။ မမစံရှား ဘာမျှမပြောပေမဲ့ အစ်ကိုနေသော်ကျွမ်းတိုသွားတာ ကျွန်တော်သိပါတယ်။ ဆောရီးနော် အစ်ကိုနေ''

မောင်ရှင်က ရယ်ကျဲကျဲဖြင့်ပြောကာ အခန်းတွင်း ဝင်လာသည်။ အရပ်အမောင်းသင့်သင့်၊ မျက်နှာခန့်ခန့်၊ ဆံပင် သပ်သပ်ရပ်ရပ်နှင့်ဖြစ်ပြီး ဂျင်းဘောင်းဘီနှင့် စပို့ရှပ်ကို တွဲဝတ်ထားသော မောင်ရှင်



www.burmeseclassic.com

www.burmeseclassic.com

မှာ ရုပ်ရှင်မင်းသားတစ်ဦးအလား။ ကိုနေသော်က ရယ်၍ ...

"ကျွဲမြီးတိုတာပေါ့ကွ။ မင်းဝင်လာတာ တကယ့်အချိန်ကောင်းပဲ"

မေစံရှားက ရှက်ပြုံးပြုံးသည်။

"မောင်ရှင် မင်းအစ်ကိုက သူ့ရဲ့ဝတ္ထု၊ သူ့ရဲ့ဇာတ်ညွှန်းကို ရုပ်ရှင်ကားကြီးရိုက်မှာမို့ ခရီးထွက်ရမှာ။ ခရီးမထွက်ခင် လာချွဲနေတာလေ"

မောင်ရှင်က ကိုနေသော့်ဘေး ထိုင်ခုံတွင် ဝင်ထိုင်သည်။

"ကိုနေနဲ့ မမရှားတို့လည်း ယူသင့်ပြီဗျာ"

"အဲဒါ ပြောတာပေါ့ကွ။ တွေ့တဲ့သူတိုင်းက အဲဒီလိုပဲပြောနေတာ။ ဒါပေမဲ့ မင်းအစ်မက အချိန်ဆွဲနေလို့"

အခွင့်ရခိုက် မောင်ရှင်၏စကားကို ကိုနေသော်က အားပြုကာ မေစံရှားကို ဖိအားပေးလိုက်သည်။

"မဲမျှားလို့ နိုင်မယ်မထင်နဲ့နော် ကိုကို။ မောင်ရှင်မကလို့ မောင်ရှင့်ချစ်သူကပါ ထောက်ခံမဲပေးလာရင်လည်း ကိုကို ရှားကို နိုင်မှာမဟုတ်သေးဘူး။ အဆုံးအဖြတ်မဲက ရှားဆီမှာပဲရှိတာ"

"အဲဒါ ရှား ညစ်နေတာပါကွာ"

"အို ... စွပ်စွဲချက် ပြင်းထန်လိုက်တာ။ အဲဒါ ညစ်တာမဟုတ်ဘူး။ စစ်နေတာ။ အချစ်ကို စစ်နေတာ။ ကိုကို့အချစ်ကို စစ်နေတာ။ ဘယ်လောက် စိတ်ရှည်သည်းခံနိုင်လဲလို့ စာမေးပွဲစစ်နေတာ

"အဲဒါ စာမေးပွဲကိုက မတရားတာ။ ဖြေနိုင်လည်း အောင်မှတ်ကို မရဘူး"

ကိုနေသော် စိတ်ပျက်လက်ပျက် ပြောဟန်ကြောင့် မေစံရှား





က ခပ်တိုးတိုးရယ်သည်။

ကိုနေသော်နှင့် မေစံရှား အချေအတင် စကားပြိုင်နေကြသည်ကို မောင်ရှင်က ဘေးမှကြည့်ပြီး သဘောကျစွာ ပြုံးနေပြီးမှ ...

"ကဲ ... ဒီပွဲက ဘယ်တော့မှ အဖြေထွက်မှန်းမသိသေးလို့ ခဏရွှေ့ဆိုင်းလိုက်ပါဦး။ ကျွန်တော့်ပုစ္ဆာလေးကို မမရှား တွက်ပေးပါဦး"

ဖြတ်ပြောလိုက်သည်။

"မင်းပုစ္ဆာ ... ဘာပုစ္ဆာလဲ။ ဘာတွက်ပေးရမှာလဲ"

မေစံရှားက ပြန်မေးသည်။

"စောစောက မမရှားရဲ့စကားထဲမှာ ပါတယ်လေ။ မောင်ရှင့်ချစ်သူဆိုတာ"

"ဟဲ့ ... မင်းမှာ ချစ်သူရှိနေပြီလား"

မေစံရှား၏ တအံ့တသြစကားနှင့် ...

"ဒါကြောင့် မင်း ငါ့ကို ကိုယ်ချင်းစာတတ်လာတာကိုး"

ကိုနေသော်၏စကား ရှေ့ဆင့်နောက်ဆင့် ထွက်လာသည်။ မောင်ရှင့်ကိုလည်း နှစ်ဦးသား ဝိုင်းကြည့်လိုက်ကြ၏။

မောင်ရှင်က ပြုံးမလိုမဲ့မလို မျက်နှာဖြင့် သက်ပြင်းရှိုက်သည်။

"ချစ်သူလို့ မပြောနိုင်သေးပါဘူး မမရှားရာ။ ချစ်သူမဖြစ်သေးပါဘူး။ ကျွန်တော့်ရင်ထဲမှာ 'ကြွေ' ခါစပဲ ရှိပါသေးတယ်။ သူက ပျောက်သွားလို့"

မေစံရှားရော ကိုနေသော်ပါ စိတ်မကောင်းဖြစ်သွားကြသည်။

"ဘယ်လိုဖြစ်တာလဲ"

မမရှား၏ ကရုဏာအမေး။



www.burmeseclassic.com

www.burmeseclassic.com



"ပြောရမှာ ရှက်လည်း ရှက်ပါတယ်။ မရှက်လည်း မရှက်ဘူး ဆိုသလို ဖြစ်နေပြီ။ တကယ်ဆို အဲဒီအတွက်ပဲ မမရှားဆီကို ကျွန်တော် အကူအညီတောင်းရအောင် လာခဲ့တာ"

မောင်ရှင်၏ ခယသောအပြောနှင့် အကြည့်။

"ဒါဆို ပြောလေ"

ကိုနေသော်က ဝင်ထောက်သည်။

"သူက ကျွန်တော့်ထက် အများကြီး ကြီးမှာပါ။ မမရှားတို့ ကိုနေတို့ထက်တောင် ကြီးမှာပါပဲ။ သူ မပြောပေမဲ့ ကျွန်တော့်အထင် အသက်က သုံးဆယ့်ငါးလောက်ရှိမယ်"

"မမနဲ့ မောင်လေး ဇာတ်လမ်းပေါ့"

ကိုနေသော့်စကားကြောင့် မောင်ရှင် ပြုံးလာ၏။ ယဲ့ယဲ့မျှသော အပြုံး။ မချိပြုံးလည်း ဖြစ်နိုင်၏။

"ကျွန်တော်ခန့်မှန်းရသလောက် သူက အတွေ့အကြုံရင့်ကျက် ပြီးသူ ဖြစ်မှာပါပဲ။ အိမ်ထောင်ကျဖူးတယ်"

"မောင်ရှင်ရယ် ...မင်းကတော့ ဖြစ်ရမယ်"

မေစံရှားက ကြင်နာစွာ ခပ်ညည်းညည်း ဆိုသည်။

"ကျွန်တော့်ကိုယ်လည်း ကျွန်တော် နားမလည်ပါဘူး။ မိန်း ကလေးတွေ တော်တော်များများနဲ့ ဆက်ဆံခဲ့ဖူးပါတယ်။ ကျွန်တော့်ကို လမ်းဖွင့်ပေးတဲ့ မိန်းကလေးတွေလည်း ရှိခဲ့ဖူးတယ်။ ကျွန်တော် ဘာမှ မဖြစ်ခဲ့ပါဘူး။ သူ့ကျမှ ...

"အဲဒါ အချစ်လေကွာ ...။ အဲဒါ နှလုံးသားလေကွာ ..။ ဘယ်ပုံသေနည်းနဲ့မှ တွက်ချက်လို့မရတာ၊ ဘယ်ဖော်မြူလာမှ အတိ အကျ ထုတ်လို့မရတာ။ ငါတို့ထင်တာထက်ပိုပြီး ဆန်းကြယ်လျှို့ဝှက်





တာ ...အဲဒါ အချစ်ပဲ"

ကိုနေသော့်စကားကြောင့် မေစံရှားကပြုံးသည်။

"စာရေးဆရာက အရေးထဲမှာ အာဘိဓမ္မာတွေ ဝင်ဖွင့်နေပြန် ပါပြီ။ မောင်ရှင်ပြောမှာ ပြောစမ်းပါစေဦး ကိုကိုရယ်"

"ဒီလို မမရှားရဲ၊ သူက လှတော့လှတယ်။ သိပ် ထူးထူးခြား ခြားအလှကြီးတော့ မဟုတ်ဘူး။ ဘယ်လိုပြောမလဲ။ ဆွဲဆောင်မှုတော့ ရှိတယ်။ ကျွန်တော်ခိုက်မိသွားတာက သူ့ရဲ့ ရီဝေမျက်လုံးတွေပဲ"

"Feeling မျက်လုံးတွေလား"

"ဖြစ်နိုင်တယ် ကိုနေ။ သူ့မှာ ခံစားချက်တွေရှိနေပုံပဲ။ အဲဒီ ခံစားချက်တွေကြောင့် သူ့မျက်လုံးတွေက လှနေတာဖြစ်မယ်"

"မငိုဖူးသောမျက်လုံးသည် မလှနိုင်ချေတဲ့ ...။ အီတာလျံ စကားပုံ ရှိတယ်ကွ"

"ဟုတ်မှာပါ။ သူ့ကို ကျွန်တော် စတွေ့တဲ့နေ့ကလည်း အဲဒီ မျက်လုံးမျိုးတွေနဲ့ပါ"

ကိုနေသော်ရော မေစံရှားပါ မောင်ရှင့်မျက်နှာကို ငေးကြည့် နေမိကြ၏။ မောင်ရှင်၏ အချစ်၊ မောင်ရှင်၏ နှလုံးသားကို သူတို့ ကူး ယူက်ခံစားနေမိကြပုံပင်။

"သူ့နှာမည်က ကြည်လဲ့တဲ့"

www.burmeseclassic.com

www.burmeseclassic.com

□

Moon Shine စားတော်ဆက်သို့ မောင်ရှင်က ကိစ္စတစ်ခု စုံစမ်းရန်အတွက် ရောက်သွားချိန်တွင် ကြည်လဲ့ကို စတင်တွေ့ခဲ့ခြင်း ဖြစ်သည်။

အချိန်မှာ ည (၇)နာရီခန့် ရှိပြီဖြစ်သည်။

အပြင်ဘက်ပန်းခင်းများကြားမှ တစ်ခုသောစားပွဲတွင် ကြည်လဲ့ ထိုင်နေသည်။ တစ်ဦးတည်း ထိုင်နေခြင်းဖြစ်၏။ အစားအသောက်စား နေခြင်းဖြစ်သော်လည်း သူမ၏အမူအရာအရ တစ်စုံတစ်ယောက်ကို စောင့်နေခြင်းဖြစ်ပုံရသည်။

သူမ၏ ချစ်သူကိုလား။

သူမ၏ ခင်ပွန်းကိုလား။





သစ်ပင်ပန်းပင်များတွင် ထွန်းညှိထားသော ရောင်စုံမီးရောင် များ၏ အလင်းရောင်ဖြင့် ကြည်လဲ့သည် လှနေ၏။ ဖူးပွင့်စပန်းကလေး မဟုတ်သော်လည်း အလှကြွယ်ဆုံး ပွင့်နေသည့် ပန်းတစ်ပွင့်ပမာ ဖွံ့ဖွံ့ ထွားထွား၊ ကြွကြွရွရွ။ ထူးခြားသည်က ရုပ်ရှင်မင်းသမီး မို့မို့မြင့်အောင် ကဲ့သို့ မေးစေ့မှ မှဲ့နက်ကလေး။

မောင်ရှင်က သူမ၏စားပွဲခုံနှင့် မလှမ်းမကမ်းမှာ ထိုင်ကာ စားစရာမှာရင်း မိမိ စောင့်ကြည့်စုံစမ်းချင်သော သူကို ရှာဖွေနေရိုက် သူမကို သတိပြုမိသွားခြင်းဖြစ်၏။

မြင်မြင်ချင်း မောင်ရှင့်ရင်တွေ တဒိုင်းဒိုင်းခုန်သွားသည်။ ဘဝ တွင် မိန်းကလေးတစ်ဦးကြောင့် ပထမဆုံးအကြိမ် ရင်ခုန်မိခြင်းပင်။

ရင်ခုန်မိသည်နှင့်အမျှ သူမကို ငေးကြည့်မိ၏။

သူမသည်လည်း အပြင်ဘက်ကို တစ်ချက်တစ်ချက် လှမ်း ကြည့်ရင်း မျက်လုံးအဝေ့ တစ်ကြိမ်တွင် မောင်ရှင့်ကို မြင်သွားသည်။

အကြည့်ချင်း ဆုံသွားသည်။

သူမရင်တွင် မည်သို့ရှိမည်မသိ။ မောင်ရှင်ကတော့ လျှပ်စစ် ဓာတ် အတို့ခံရသည်နှင့်မခြား။

ပထမတစ်ကြိမ်မို့ သူမက ချက်ချင်း အကြည့်လွှဲသွားသည်။ မောင်ရှင်၏ အကြည့်ရိုင်းကြောင့်လည်း ဖြစ်နိုင်၏။

သို့သော် . . .

မကြာမီပင် နောက်တစ်ကြိမ် အကြည့်ချင်း ဆုံမိကြပြန်သည်။

သည်တစ်ခါတွင်မူ မောင်ရှင်က ဦးစွာ ပြုံးပြလိုက်သည်။ မောင်ရှင့်အပြုံးကြောင့် သူမ၏မျက်နှာသည်လည်း ပြုံးယောင်သမ်း သွား၏။ တစ်ယောက်ကိုတစ်ယောက် အသိအမှတ်ပြု လိုက်မိကြသည်



www.burmeseclassic.com

www.burmeseclassic.com

သို့ဖြစ်သည်။

ထိုအခိုက်မှာ လူရွယ်နှစ်ဦး သူမ၏စားပွဲသို့ ရောက်လာသည်။ လူရွယ်များမှာ အံတန်ငယ်မူးနေကြဟန်ရှိ၏။

စားသောက်ဆိုင်တွင် တစ်ဦးတည်းရှိနေသော မိန်းကလေးမို့ အထင်သေးသည့်သဘောပါသည်။

"မမက တစ်ယောက်တည်းလား"

တစ်ယောက်က စ,သည်။

သူမ၏မျက်နှာ တင်းသွားသည်။ ရှက်သွားခြင်း၊ ကြောက်သွားခြင်းနှင့် အားတင်းလိုက်ခြင်းတို့ကြောင့် ဖြစ်သည်။ ဘာမျှပြန်မပြောဘဲ အစားအသောက်ကိုသာ ငုံ့၍ စားနေသည်။

"အဖော်မရှိရင် ကျွန်တော်တို့ အဖော်ပြုပေးမယ်လေ"

ဒုတိယလူရွယ်၏စကား။

တစ်ဆက်တည်းမှာပင် သူတို့နှစ်ဦးက သူမ၏ဘေးခုံများတွင် ဝင်ထိုင်လိုက်ကြ၏။ တစ်ဖက်တစ်ယောက်စီ ထိုင်လိုက်ခြင်းဖြစ်၍ ပိုင်းညှပ်လိုက်သည့် အနေအထား။

သူမ မျက်လုံးပြူးသွားသည်။

"နင်တို့ ဒါ ဘာလုပ်တာလဲ။ ငါ့စားပွဲမှာ လာမထိုင်နဲ့။ သွား"

မျက်နှာကိုတည်၍ ခပ်မာမာပြောလိုက်သော်ငြား ရွံ့ကြောက်တုန်လှုပ်မှုက သိသိသာသာ။

လူရွယ်များက ရယ်သည်။

"မမကလည်းဗျာ . . . သူစိမ်းတွေကျနေတာပဲ။ ကိုယ့်မောင်တွေလို သဘောထားစမ်းပါ"

"မင်းတို့ လာမနှောင့်ယှက်ပါနဲ့။ ကိုယ့်ဘာသာ နေပါရစေ"





"မမကို အဖော်ပြုပေးချင်လို့ပါဗျာ။ မမက တစ်ယောက်တည်း ငေါင်နေလို့ ကိုယ်ချင်းစာလို့ပါ"

စားတော်ဆက်၏ပြင်ပ စားပွဲများမှာ သီးသီးခြားခြား ပြင်ဆင်ထားသည်မို့ စားပွဲတစ်ခုနှင့်တစ်ခုက ဝေးကွာ၏။ ပြီးတော့ လူသိပ်မစည်သေး၍ အချို့စားပွဲများက အလွတ်ဖြစ်သည်။ ထို့ကြောင့် သူမတို့စားပွဲဝိုင်းမှ ပြဿနာကို အခြားသူများက မသိနိုင်။ စားပွဲထိုးများလည်း သူတို့အလုပ်နှင့်သူတို့မို့ ရောက်မလာ။

သူမ အကျပ်တည်းဖြစ်နေပြီ။

မောင်ရှင်မှာမူ မျက်စိရှေ့တွင် မလှမပဖြစ်နေသော မြင်ကွင်းကို မကြည့်ချင်ဘဲ မြင်နေရ၏။ ပြဿနာမကြီးထွားဘဲ အေးချမ်းစွာပြီးသွားမည်လားဟု စောင့်ကြည့်နေလိုက်သည်။

သို့သော် အခြေအနေက အေးမသွား။

အေးမသွားသည့်ပြင် အပူပိုင်းသို့ပင် ကူးစက်လာ၏။

"ကျွန်တော်တို့နဲ့ လိုက်ခဲ့ပါလားဟင်"

"ဘာ . . ."

"ကျွန်တော်တို့မှာ ကားပါတယ်"

"မင်းတို့ စော်ကားလှချေလား။ သွား . . . ထွက်သွားစမ်း"

"မမပါမှ သွားမယ်"

အကျည်းတန်သွားပြီ။

လူရွယ်တစ်ဦးက သူမ၏လက်ကို ဖျတ်ခနဲလှမ်းဆွဲသည်။ သူမက ဆတ်ခနဲ ရုန်းဖယ်ပစ်လိုက်သည်။

"မင်းတို့ လွန်လွန်းနေပြီ။ ငါ ရဲကို တိုင်လိုက်ရမလား"

လူရွယ်နှစ်ဦးက တသိမ့်သိမ့် ရယ်မောလိုက်ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့က ဘယ်သူတွေလဲ သိလား။ ကြောက်မယ့်လူတွေ ထင်လို့လား"

သူမ၏အကြည့်က မောင်ရှင့်ထံရောက်လာသည်။ အကူအညီတောင်းသည့်သဘော။ မောင်ရှင် မနေသာတော့။

ထိုင်ရာမှထကာ သူမ၏စားပွဲနားသို့ ကပ်သွားလိုက်သည်။

"မမ . . . ကျွန်တော် နောက်ကျသွားတယ်။ ဆောရီးပဲ"

လူရွယ်နှစ်ဦး ဆတ်ခနဲမော့ကြည့်ကြ၏။ မလိုလားသောမျက်လုံးများ။ အစာလုခံရသော ကျားများ၏ ဒေါသ။

"မင်း ဘာဝင်ရှုပ်တာလဲ။ ဒါမျိုး ရိုးနေပြီ။ သူ့ရဲကောင်းလာမလုပ်နဲ့"

တစ်ယောက်က ပြော၏။ လေသံက မာ၏။ ကြမ်း၏။

"မောင်မောင် နောက်ကျလိုက်တာ။ မမရောက်နေတာ ကြာပြီ"

သူမက မောင်ရှင့်စကားနှင့် လိုက်လျောညီထွေဖြစ်အောင် ဝင်ပြောသည်။

မောင်ရှင်က လူရွယ်များအား ဂရုမထားဟန်ဖြင့် . . .

"ကဲ . . . သူငယ်ချင်းတို့ ဖယ်ကြကွာ။ တို့ကို မနှောင့်ယှက်ရင် ကောင်းမယ်"

ဟု ပြောလိုက်သည်။ လူငယ်တစ်ဦးက ဝုန်းခနဲ ထသည်။

"ဘာကွ . . . .။ မင်းက ငါတို့ကို လာနှောင့်ယှက်တာ။ မင်းထွက်သွားစမ်း"

မောင်ရှင့်ကို မျက်နှာချင်းဆိုင်ရပ်၍ ပြောပြီး ရင်ဘတ်ကို ဆောင့်တွန်းသည်။ မောင်ရှင် တင်းသွားသည်။





"မင်းတို့ လွန်နေပြီ။ ဒီထက်ပိုလာရင် သည်းခံမှာမဟုတ်တော့ဘူးနော်"

"အံမာ . . . မင်းက ဘာကောင်မို့လို့လဲ။ ငါတို့ ဘာကောင်လဲ မင်းသိလို့လား"

ဒုတိယလူရွယ်ကပါ ထိုင်ရာမှထကာ မောင်ရှင့်ကို စူးစူးရဲရဲကြည့်၍ ဒေါသတကြီးပြောသည်။ သူမမျက်နှာ စိုးရိမ်စိတ်ဖြင့် ဆီးရွက်လောက်ငယ်သွားသည်ကို မောင်ရှင်တွေ့ရ၏။ မျက်လုံးကလေးများ ကလယ်ကလယ်နှင့်။

"မင်းတို့ ဘာကောင်ဖြစ်ဖြစ်ပါ။ ခုလိုလုပ်တာတော့ မသင့်တာ မသင့်တာပဲ။ ပြဿနာ မဖြစ်ချင်ဘူးကွာ။ အေးအေးဆေးဆေး ထွက်သွားပေးပါ"

မောင်ရှင်က တည်ကြည်ပြတ်သားစွာ ပြောလိုက်သည်။ ပြောရင်းက အကြောအခြင်များကို သတိဖြင့်စုရုံးကာ ကိုယ်ကို အသင့်အနေအထား ပြုနေလိုက်၏။

"ဘာကွ . . ."

ပွဲက ကြမ်းသွားပြီ။

လူရွယ်တစ်ယောက်က လက်သီးဖြင့် မောင်ရှင်၏မျက်နှာကို ထိုးချလိုက်သည်။ သည်လိုဘယ်ရမလဲ။ မောင်ရှင်ပေပဲ။ လက်သီးကို ရှောင်၍ ရှေ့သို့ဟန်ချက်ပျက်ကာ အချိန်လွန်လာသော လူရွယ်၏ရင်ဝအား ဒူးတစ်ချက် တိုက်သွင်းလိုက်သည်။

"ဒုတ်"

"အွတ်"

လူရွယ် နာကျင်စွာအော်၍ စားပွဲပေါ် မှောက်ကျသွား၏။ သူမ



www.burmeseclassic.com

www.burmeseclassic.com



အလန့်တကြား အော်လိုက်သံကို မောင်ရှင်ကြားရ၏။

ဒုတိယလူရွယ်က မိုက်မိုက်ကန်းကန်း ဝင်ထိုးလာပြန်ရာ မောင်ရှင်က လက်ဖြင့်ကာပြီး တန်ပြန်လက်သီးများ ဆက်တိုက်ကျွေးလိုက်သည်။ ထိုလူရွယ် ဖရိုဖရဲဖြစ်သွားလျှင် ခြေဖျားဖြင့် ဝမ်းဗိုက်ဆီသို့ ကန်ထည့်လိုက်ရာ . . .

"ဘုတ်"

"အီး"

လူရွယ် အော်၍ ဗိုက်ကိုဖိကာ လဲကျသွား၏။

"လာ . . . လာ . . . သွားကြစို့"

လူရွယ်နှစ်ဦးမှာ အရက်မူးနေသော အရှိန်နှင့် မောင်ရှင်၏ တိုက်ခိုက်မှုအရှိန်တို့ကြောင့် ရုတ်တရက် ဘာမျှ ထပ်မံရန်မမူနိုင်တော့။ ရန်ဖြစ်သံကြောင့် အနားသို့ရောက်လာသော စားပွဲထိုးလေးအား မောင်ရှင်က ကျသင့်ငွေကိုမှန်းလျက် တစ်ထောင်တန်အချို့ကို လက်ထဲထည့်လိုက်ကာ သူမ၏လက်ကိုဆွဲ၍ ထိုနေရာမှ ထွက်လာခဲ့သည်။

သူမသည်လည်း မရုန်းမကန် မငြင်းမဆန်ဘဲ မောင်ရှင့်နောက်မှ ပါလာခဲ့သည်။

အငှားကားတစ်စီးကို ငှားကာ သူမနေထိုင်ရာသို့အရောက် မောင်ရှင်က ပို့ပေးသည်။ သူမသည် အခြေအနေမဲ့ နိမ့်ကျသူ အမျိုးသမီးတစ်ဦးမဟုတ်။ ကွန်ဒိုတစ်ခုတွင် နေထိုင်သူဖြစ်၏။

ကျောက်စိမ်းကွန်ဒို ကားပတ်ကင်တွင် ကားကို ရပ်လိုက်သောအခါ တုန်လှုပ်ပြီး မျက်ရည်ဝဲနေသော သူမကို ထားမပစ်ရက်ခဲ့သဖြင့် မောင်ရှင်က သူမအခန်းထဲ လိုက်ပို့ခဲ့သည်။

သူမက ကျေးဇူးတင်ကြောင်း ပြော၍ ကော်ဖီတိုက်သည်။

---

စိတ်ကူးသစ်စာပေ



"မမနာမည် ကြည်လဲ့ပါ။ ခုအချိန်မှာတော့ မမက မင်းမြင့်တဲ့အတိုင်း တစ်ကောင်ကြွက်ပါပဲ။ မိဘတွေလည်း မရှိကြတော့ဘူး။ ဆွေမျိုးသားချင်း အရင်းအချာကလည်း မရှိဘူး။ မမခင်ပွန်းကလည်း ဆုံးသွားတာ ငါးနှစ်ရှိပြီ။ သားသမီးလည်း မကျန်ခဲ့ဘူးလေ"

သူမက သူမ၏ ကိုယ်ရေးရာဇဝင်အကျဉ်းကို မရှက်မကြောက် ဖော်ပြသည်။ အားငယ်သူတစ်ဦး၏ ရင်ဖွင့်ခံစားချက်ဟု မောင်ရှင်နားလည်၏။

သူမ၏ခံစားချက်ကို ကြားသိရတော့လည်း မောင်ရှင့်အဖို့ ကရုဏာက ထပ်ဆင့်သွားပြန်သည်။

"ကျွန်တော့်နာမည် မောင်ရှင်ပါ။ မိတ်ဆွေရင်းချာတစ်ယောက်လို၊ မောင်တစ်ယောက်လို သဘောထားလို့ရပါတယ်။ အကူအညီလိုရင်လည်း ပြောပါ"

မောင်ရှင်က စိတ်ရင်းအမှန်ဖြင့် ပြောလိုက်သည်။

"ကျေးဇူးပါပဲကွယ်"

"ဒါနဲ့ မေးကြည့်လို့ရမလား။ မမက ဘာကြောင့် အဲဒီစားသောက်ဆိုင်ကို ရောက်နေတာလဲ။ မိတ်ဆွေတစ်ဦးဦးနဲ့ ချိန်းထားလို့လား"

"ဟုတ်တယ် . . .။ အလုပ်ကိစ္စတစ်ခုအတွက် ချိန်းထားလို့ပါ။ ချိန်းထားပြီးမှ ရောက်မလာလို့ တစ်ယောက်တည်းဖြစ်နေတုန်းခုလို ဖြစ်တာပါပဲကွယ်"

"ကဲ . . . ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး"

မောင်ရှင်က ပြောပြောဆိုဆို ထိုင်ရာမှထသည်။ သူမကလည်း အတူထရပ်သည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"နောက်ကျလည်း အချိန်မရွေး လာလည်ပါ"

သူမက နှစ်လိုစွာ ပြောဏ်။

အကြည့်ချင်း ဆုံသွားသည်။ မောင်ရှင့်ရင်တွင် ပြောင်းဆန်အောင် လှုပ်ရှားသွားသလို သူမသည်လည်း တစ်စုံတစ်ရာ လှုပ်ခတ်သွားပုံပေါ်သည်။ အကြည့်ကို သူမက အမြန်ဆုံး လွှဲဖယ်လိုက်သော်လည်း မျက်နှာပြင်မှ အရိပ်များကိုကား ရှောင်ဖုံး၍မရခဲ့။

မျက်လုံးများထဲမှာ တစ်ဦးကိုတစ်ဦး နားလည်လိုက်ကြသည် သို့ရှိ၏။

❑

"ဝန်ခံရရင်တော့ မမမရှားရယ်။ မမကြည်လဲ့ကို ကျွန်တော် မြင်မြင်ချင်း ချစ်မိသွားတယ်လို့ ပြောရမှာပဲ။ သူနဲ့တွေ့တဲ့ညက ကျွန်တော် လုံးဝ အိပ်မပျော်ဘူး။ သူ့မျက်နှာကိုပဲ မြင်နေတယ်။ သူမ အကြောင်းကိုပဲ တွေးနေမိတယ်။

အဲဒါနဲ့ နှစ်ရက်သုံးရက်ကြာတော့ သူ့ကွန်ဒိုက အခန်းကို ကျွန်တော်လိုက်သွားတယ်။ တံခါးပိတ်ထားတာ တွေ့ရတယ်။ သူ့မှာက ဖုန်းမရှိလို့ ဖုန်းဆက်လို့လည်းမရဘူး။ အဲဒီနောက် အကြိမ်တော်တော်များများ ထပ်သွားတယ်။ မတွေ့ဘူး။ တံခါးပိတ်လျက်ပဲ။ ဒီလိုနဲ့ တစ်လ ကျော်ကြာသွားတယ်။

ပြီးခဲ့တဲ့အပတ်ကတော့ အဲဒီအခန်းမှာ အမျိုးသမီးတစ်ဦးကို တွေ့ရတယ်။ မေးကြည့်တော့ သူ့ကို တစ်ဆင့်ငှားသွားတာတဲ့။ ကြည်လဲ့က မြို့ပြန်သွားတယ်တဲ့။ မြို့က ဘယ်မြို့လဲမေးတော့ ပဲခူးတဲ့။ လိပ်စာတော့ သူမသိဘူးတဲ့"

မောင်ရှင်က စကားကို ခေတ္တဖြတ်သည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"ဒါနဲ့ လမ်းစဲပျောက်သွားရော ဆိုပါတော့။ ဒါများကွာ ... လွယ်လွယ်လေး။ သတင်းစာထဲမှာ ကြော်ငြာထည့်လိုက်။ မမကြည်လဲ့ ရောက်ရာအရပ်မှ အမြန်ပြန်လာပါ။ လက်ခံထားသူ အရေးယူမည်ပေါ့ ကွာ။ ဟား ... ဟား ... ဟား ..."

ကိုနေသော်က ဝင်ပြောရင်း သူ့စကားသူ သဘောကျကာ ရယ်သည်။ မေစံရှားက မောင်ရှင့်ကို အားနာဟန်ဖြင့် ...

"ကိုကိုကလည်း မောင်ရှင်က တကယ့်ခံစားချက်နဲ့ ပြောနေ တာကို ရယ်စရာလုပ်ပစ်တယ်။ မနောက်ပါနဲ့။ ဆင်ကျီစားရာ ဆိတ် မခံသာတဲ့"

ဟု ဝင်ပြောသည်။

"မမရှားပြောမှပဲ ကျွန်တော် ဆိတ်ဖြစ်သွားပြီ"

မောင်ရှင်ကပါ သဘောပေါက်လိုက်သည်။ ရယ်လည်း ရယ် သည်။

"မမရှားက စကားပုံကို ပြောတာပါကွာ။ ကဲ ... ဒီလိုဆို မင်းက ဘာဖြစ်ချင်လဲ။ ဘာလုပ်ချင်လဲ"

မောင်ရှင်၏မျက်နှာ တည်သွားသည်။ တည်ရုံမက မှိုင်သွား သည်။

"မမကြည်လဲ့ကို ပြန်တွေ့ချင်တယ်။ အဲ ... ပြန်တွေ့ချင် တယ်ဆိုတာထက် မမကြည်လဲ့ပျောက်သွားပုံက ထူးဆန်းနေတယ်လို့ ကျွန်တော့်စိတ်ထဲမှာ ခံစားရတယ်"

မောင်ရှင်က စကားကို ခပ်လေးလေးခပ်ဆဆ ပြောသည်။

"ဘာကြောင့်လဲ"

မေ့စံရှား၏ စူးစမ်းအမေး။





"ကျွန်တော့်စိတ်ထဲမှာ ထင်နေတာကို ပြောတာပါ။ ပြီးတော့ ဘေးအခန်းတွေကို မေးကြည့်တော့လည်း ဘယ်သူမှ ရေရေရာရာ မပြော နိုင်ကြဘူး။

"ဒါကတော့ ရန်ကုန်ပဲ။ ဘေးချင်းကပ်နေတဲ့ အခန်းပေမဲ့ မရင်းနှီး မကျွမ်းကျင်ကြဘူးကွ။ နယ်မှာလိုမဟုတ်ဘူး"

ကိုနေသော်က ဝင်၍ ပြေရာပြေကြောင်းပြောသည်။

"မဟုတ်ဘူး။ ကျွန်တော့်စိတ်က မကောင်းမှုတစ်ခုခု ရန့်ရ နေတယ်လို့ ခံစားရတာ"

မောင်ရှင်က သူ့အတွေးကို ခိုင်ခိုင်မာမာ ထပ်ပြောသည်။

မေစံရှား အာရုံများ စုစည်းမိသွား၏။

"ကြည်လဲ့ပျောက်သွားတာ မရိုးသားဘူး။ ကြည်လဲ့ တစ်ခုခု ဖြစ်သွားတယ်လို့ မင်းထင်တယ်ပေါ့။ ဒီလိုလား ..."

"ဟုတ်တယ် မမရှား။ ဟိုညက သူနဲ့ချိန်းထားတာ ဘယ်သူ လဲ။ သူဘာကြောင့် ပျောက်သွားလဲ။ ပဲခူးပြန်သွားတယ်ဆိုတာ တကယ့် လား။ အခု သူ့အခန်းမှာရောက်နေတဲ့ အမျိုးသမီးကရော တကယ် အခန်းငှားနေတာ ဟုတ်ရဲ့လား"

မေစံရှားနှင့် ကိုနေသော် အကြည့်ချင်းဆုံသွားသည်။

"အဲဒါ မမရှား သွားရင်းလာရင်း စုံစမ်းပေးပါ"

"ဟဲ့ ... မင်းက မမရှားထက် ပိုတော်တာပဲဟာ"

"မဟုတ်ဘူး မမရှား။ မမရှားက ရှေ့နေဆိုတော့ မေးရမြန်း ရ စုံစမ်းရတာ ကောင်းတယ်။ ကျွန်တော်က ဘာကောင်မှမဟုတ်ဘူး။ ပြီးတော့ ရဲက ကျွန်တော်စုံစမ်းတာဆိုရင် မသင်္ကာဖြစ်နေမှာ"

"ကဲ ... ဒါဆိုလည်း ကောင်းပါပြီရှင်။ စုံစမ်းပေးပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com

ကိုနေသော်က ဝင်၍ ...

''ကြည်လဲ့ကို ပြန်တွေ့ရင် မင်္ဂလာဆောင်က ငါတို့ထက်စောသွားမယ့်သဘော ရှိတယ်ပေါ့နော်။ ဟုတ်လား မောင်ရှင်။ ဟား ... ဟား ... ဟား ...''

''ကိုကိုကတော့ ပြောပြန်ပြီ''

မေစံရှားခမျာမှာတော့ ရယ်၍ငို၍မရသော မျက်နှာနှင့်။

❦ ❦ ❦

[ ၂ ]

❑

ကိုနေသော်နှင့် သမာဓိမောင်ရှင်တို့ အတူတကွ ထွက်သွားကြပြီးနောက် မေစံရှားသည် နေ့လယ်ပိုင်း တရားရုံး၌ လျှောက်လဲရမည့်အမှုတစ်ခုအတွက် အချက်အလက်များရှာဖွေရင်း အလုပ်ရှုပ်နေခဲ့သည်။

''ဒေါက် ... ဒေါက် ...''

တံခါးခေါက်သံ ပေါ်လာသဖြင့် ...

''ဝင်ခဲ့ပါရှင်။ တံခါးဖွင့်ထားပါတယ်''

အလုပ်လုပ်ရင်းမှပင် ပြန်၍ အသံပြုလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



တံခါးပွင့်လာပြီးနောက် သေးသေးသွယ်သွယ်၊ အသားညိုညို နှင့် အသက်သုံးဆယ်ကျော်ကျော်ခန့်ရှိမည့် အမျိုးသမီးတစ်ဦး ဝင်လာသည်။ ပါတိတ်ဝမ်းဆက်ကို ရိုးရိုးရှင်းရှင်း သပ်သပ်ရပ်ရပ် ဝတ်ဆင်ထားပြီးအမူအရာမှာ ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက် ရှိလှ၏။

"ဒေါ်မေစံရှားနော်"

သူမက စားပွဲရှေ့ရောက်ရောက်ချင်း စူးစမ်းအတည်ပြုသည်။

"ဟုတ်ကဲ့ . . . ကျွန်မ ဘာကူညီရမလဲ။ ထိုင်ပါရှင်"

မေစံရှားက ပင်ကိုသဘာဝအတိုင်း ဟန်ဆောင်မှုကင်းသော အပြုံးဖြင့် ပြန်ပြောလိုက်သည်။

သူမမျက်နှာ၌ အပြုံးတစ်ပွင့် ဝင့်ခနဲ ဖူးပွင့်လာပြီး . . .

"ကျွန်မက ဒေါ်မေစံရှားရဲ့ နာမည်သာကြားဖူးတာ လူမမြင်ဖူးဘူး။ အသက်ကြီးကြီးမှတ်တာ။ ကျွန်မထက်တောင် ငယ်ဦးမယ်"

ဟု ပြောသည်။ ပြောရင်း စားပွဲရှေ့မှ ထိုင်ခုံတွင် ဝင်ထိုင်သည်။

"ကျွန်မနာမည်က သိမ့်ပါ"

သူမက ပြောပြောဆိုဆို သူမ၏ လယ်သာလက်ပွေ့အိတ်ထဲမှ ကတ်ကလေးတစ်ခုကို ထုတ်ပေးသည်။ သိမ့်၏လိပ်စာကတ်။

မေစံရှားက ကတ်ကလေးကို တစ်ချက်သာငုံ့ကြည့်ပြီး စားပွဲပေါ်ချထားလိုက်၏။ သိမ့်၏ မျက်လုံးနက်နက် တောက်တောက်ကလေးများကို အကဲခတ်ရင်း . . .

"မမသိမ့်လို့ပဲ ခေါ်ပါရစေ။ ကိစ္စကို အမိန့်ရှိပါရှင်"

ပြေပြစ်ချောင်စွာ ပြောလိုက်သည်။

စိတ်ကူးသစ်စာပေ



"အင်း . . . ပြောရမှာ နည်းနည်းတော့ တစ်မျိုးဖြစ်နေမလား တော့ မသိပါဘူးရှင်။ ဒေါ်မေစံရှားက ရှေ့နေဆိုပေမဲ့ စုံထောက်လုပ်တဲ့နေရာမှာ တော်တယ်လို့ ပြောသံကြားလို့ အားကိုးပြီး လာခဲ့ရတာပါ"

သိမ့်၏ အားတုံ့အားနာ ခြေဆင်းစကား။ ထိုစကားအရဆိုသော် တရားရုံးတွင်ရင်ဆိုင်ရမည့် အမှုတစ်ခုမဟုတ်ပဲ စွန့်စားခန်းတစ်ခုတော့ ဖြစ်ဦးမှာသေချာသည်။ မေစံရှား မှန်းဆလိုက်မိ၏။

"ကျွန်မ ကူညီနိုင်တာဆိုရင်တော့ ကူညီပါ့မယ်"

မေစံရှားစကားကြောင့် သိမ့် အားတက်သွားပုံရ၏။

"ကျွန်မရဲ့ ညီအစ်မဝမ်းကွဲတစ်ယောက် ပျောက်နေလို့ပဲ။ အဲဒါ . . ."

လာပြန်ပြီ။ ခုလေးတင်ပဲ မောင်ရှင်က သူ့ချစ်သူပျောက်၍ ရှာပေးပါတဲ့။ ယခု သိမ့်က သူ့ညီအစ်မဝမ်းကွဲတစ်ယောက် ပျောက်နေပြန်သတဲ့။

"လူပျောက်ဆိုရင်တော့ ရဲစခန်းကိုတိုင်ကြားတာ အကောင်းဆုံးပါရှင်"

"မှန်ပါတယ်။ ဒါပေမဲ့ ကျွန်မက သူ့ကို ပျောက်နေတာဆိုပေမဲ့ သူက ခရီးထွက်နေတာလား၊ ဘယ်သွားနေတာလဲ မသိတာမျိုးဆိုတော့ ရဲက အရေးတယူ ရှိလှမယ်မထင်လို့ပါ"

"မမသိမ့်နဲ့အတူနေတာ မဟုတ်ဘူးလား"

"မဟုတ်ပါဘူး။ သူက သီးခြားနေတာပါ။ အမှန်ပြောရရင် သူနဲ့ကျွန်မက ဝမ်းကွဲညီအစ်မတွေဆိုပေမဲ့ ရင်းရင်းနှီးနှီးလည်း မရှိလှဘူး။ ပြီးတော့ ဘယ်လိုပြောရမလဲ။ ကိစ္စတစ်ခုနဲ့ စကားများထားပြီး မဆုံဖြစ်ကြ၊ စကားမပြောဖြစ်ကြတာ တစ်နှစ်ကျော်နေပါပြီ"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အခု ဘယ်လိုဖြစ်လို့လဲ။ သူ့မိသားစုတွေရော"

"သူက မိသားစုမရှိပါဘူး။ မိဘဆွေမျိုးအရင်းအချာ မရှိတော့ သလို ခင်ပွန်းလည်းဆုံးပြီး မုဆိုးမဘဝနဲ့ အထီးကျန်နေတဲ့သူပါ"

"သူပျောက်နေတယ်လို့ မမသိမ့်က ဘာကြောင့် ပြောနိုင်တာ လဲ"

"သူနေတဲ့ ကွန်ဒိုကိုသွားပြီး ရှာတော့မှ သူ မရှိတာကို သိရ တာပါ။ နယ်က သူ့အိမ်မှာများလားလို့ ဆက်သွယ်စုံစမ်းတော့လည်း မရှိဘူးလို့ သိရလို့ပါ"

"နယ်မှာလည်း အိမ်ရှိတယ်လား"

"ဟုတ်ကဲ့ . . .။ ပဲခူးမှာပါ။ ဖိုင်းဂနိုင်းရပ်ထဲမှာပါ"

"လူက တစ်ယောက်တည်း။ အိမ်က နှစ်အိမ်တောင်လား"

"ပဲခူးကအိမ်က မိဘတွေရဲ့အိမ်ပါ။ မိဘတွေမရှိတော့ သူ့အိမ် ပေါ့။ ဒီရန်ကုန်က ကွန်ဒိုတိုက်ခန်းက ယောကျ်ားရမှ ယောကျ်ားနဲ့အတူ နေတဲ့ အခန်းပါ။ ယောကျ်ားက လွန်ခဲ့တဲ့ငါးနှစ်လောက်က ဆုံးသွား ပါတယ်"

"မမသိမ့်က သူနဲ့အဆက်ပြတ်နေရာကနေ ခုမှ ပြန်ဆက် သွယ်တာပေါ့။ ဟုတ်လား"

"ဟုတ်ပါတယ်။ အခုမှ အကြောင်းတစ်ခုပေါ်လာလို့ပါ။ အဲဒါ က အရင်က သူနဲ့ကျွန်မ စပ်တူဝယ်ထားတဲ့ မော်ဘီကခြံကို ရောင်း ချင်လို့ သူ့ကို ကျွန်မသွားရှာတာပါ။ သူသဘောတူမှ ရောင်းလို့ရမှာ မို့ပါ။ ဝယ်တုန်းကစာချုပ်တွေကလည်း သူ့ဆီမှာသိမ်းထားတာမို့ပါ"

"ဒီက ကွန်ဒိုတိုက်ခန်းက ပိတ်ထားတာလား"

"အမျိုးသမီးတစ်ယောက် ရောက်နေတယ်။ သူက အိမ်ငှား





တင်သွားတာလို့ ပြောတယ်"

"ဒါဆို ဒီမှာလည်းမရှိ၊ ပဲခူးကအိမ်မှာလည်းမရှိ ဖြစ်နေတာ ပေါ့။ ဟုတ်လား"

"ဟုတ်ပါတယ်"

"သူ့ဓာတ်ပုံတွေ ဘာတွေ ပါလား"

"ဟင့်အင်း . . . ကျွန်မဆီမှာ သူ့ဓာတ်ပုံ တစ်ပုံမှမရှိဘူး"

"သူ့နာမည်ကရော"

"ကြည်လဲ့ပါ"

"ရှင် . . ."

မေစံရှား၏အံ့ဩမှု အထွတ်အထိပ်ရောက်သွားသည်။ ကြည် လဲ့။ မုဆိုးမ။ ကွန်ဒိုမှာနေသည်။ ပဲခူးမှာအိမ်ရှိသည်။ ပျောက်နေသည်။ မောင်ရှင်ပြောသွားသည့် အမျိုးသမီးပေပဲလား။

"သူက ကျောက်စိမ်းကွန်ဒိုမှာ နေတာလား"

သိမ့်က မေစံရှားကို တအံ့တဩပြန်ကြည့်သည်။

"ဟုတ်ပါတယ်"

"အသက်သုံးဆယ့်ငါးလောက်လား"

"ဟုတ်ပါတယ်"

"မေးစေ့မှာ မှဲ့နက်ကလေးရှိတယ် မဟုတ်လား"

သိမ့် မျက်လုံးလေးပိုင်းသွား၏။ တအံ့တဩဖြင့် . . .

"ဟုတ်ပါတယ်။ ဒေါ်မေစံရှား ဘယ် . . . ဘယ်လိုသိ . . .",

မေစံရှားက မောလျစွာ ယဲ့ယဲ့ပြုံးလိုက်မိသည်။

"ကျွန်မရဲ့မောင်တစ်ယောက်က ခုလေးတင်ပဲ လာပြီး ကျွန်မ ကို အကူအညီတောင်းသွားတာ။ သူ့မိတ်ဆွေ အစ်မတစ်ယောက် ပျောက်



www.burmeseclassic.com

www.burmeseclassic.com



နေလို့ ရှာပေးပါတဲ့။ နာမည်က ကြည်လဲ့တဲ့။ ကျောက်စိမ်းကွန်ဒိုမှာ နေတာတဲ့။ အခန်းကိုသွားတော့ အမျိုးသမီးတစ်ယောက် ရောက်နေတယ်တဲ့။ ကြည်လဲ့ ပဲခူးပြန်သွားတယ်လို့ ပြောတယ်တဲ့''

''ဟင် ... ဒါ ... ဒါဆို ကျွန်မအစ်မကို ပြောတာပဲ''

''တိုက်တိုက်ဆိုင်ဆိုင် ဖြစ်နေတယ်နော်''

''ဒေါ်မေစံရှား ကူညီပေးစေချင်ပါတယ်။ လိုအပ်တာတွေ ကျွန်မဘက်က တာဝန်ယူပါ့မယ်''

''ဓာတ်ပုံရှိရင် ကောင်းမှာပဲ''

''ကျွန်မ ဒီကိုမလာခင် အိမ်မှာ ရှာပါသေးတယ်။ တစ်ပုံမှ မရှိတာ''

''ကွန်ဒိုက မမကြည်လဲ့ရဲ့ အခန်းနံပါတ်က ...''

''၅၀၉ ပါ''

# [ ၃ ]

❑

ကျောက်စိမ်းကွန်ဒိုမှာ ရန်ကုန်မြို့၏ အချက်အချာကျသော နေရာတစ်မှာရှိသည်။ ပတ်ဝန်းကျင်မှာ ခြံကြီးများနှင့် သီးသီးသန့်သန့်ရှိကြသည်။ တောင်ကုန်းကလေးတစ်ခုပေါ်၌ တည်ရှိသော ကွန်ဒိုမှာ အပေါ်ဆုံးထပ်မှသာ ကြည့်မည်ဆိုလျှင် ရန်ကုန်မြို့ကို အပေါ်မှစီး၍ တစ်မြို့လုံး မြင်ရမည်ထင်သည်။

ကွန်ဒို၏လုံခြုံရေးဌာနမှာ စုံစမ်းသောအခါ ကွန်ဒို၏မန်နေဂျာဖြစ်သူ ဦးကျော်စွာမှာ နှစ်လွှာတွင်နေကြောင်း သိရသည်။ အခန်းနံပါတ်မှာ ၂၀၅။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



နှစ်လွှာသို့ မြေအောက် Base မှနေ၍ ဓာတ်လှေကားဖြင့် မေစံရှားတက်လာခဲ့ပြီး အခန်း ၂၀၅ ၏ရှေ့၌ ရပ်လိုက်သည်။ လူခေါ်ဘဲလ်ကို နှိပ်လိုက်ပြီး မကြာမီမှာပင် အသက်ငါးဆယ်ရွယ်ခန့် ရည်မွန်သန့်ပြန့်သော ရုပ်ရည်နှင့် သဘောကောင်းပုံရသူတစ်ဦး ထွက်လာသည်။

"ဘယ်သူနဲ့ တွေ့ချင်လို့ပါလဲ ခင်ဗျာ"

ယဉ်းကျေးပျူငှာမှုရှိသော အမေး။

"ဦးကျော်စွာကိုပါရှင်"

မေစံရှားကလည်း လေးလေးစားစား ပြန်ပြောလိုက်၏။

ရှေ့နေဝတ်စုံနှင့် တည်ကြည်ခန့်ညားသော မေစံရှားကို သူက တစ်ချက်အကဲခတ်ပြီး ...

"ကျွန်တော်က ဦးကျော်စွာပါ"

မေစံရှားက အပြုံးဖြင့် ...

"ကျွန်မက မေစံရှားပါ။ ရှေ့နေမလေး မေစံရှားပါ။ ဦးကျော်စွာဆီမှာ အကူအညီတစ်ခု တောင်းချင်လို့ပါ"

ဦးကျော်စွာကလည်း နှစ်လိုစွာ ပြုံးသည်။

"ကျွန်တော် ကြားဖူးပါတယ်။ ဘာကူညီရမလဲ။ ဝင်ပါ"

မေစံရှားကို ဧည့်ခန်းမှာ နေရာချပေးပြီး ဖနီးသည်ဖြစ်ဟန်တူသူအား မေစံရှားအတွက် ကော်ဖီပြင်ခိုင်းသည်။

"ဒီကွန်ဒိုမှာ ကျွန်မမိတ်ဆွေရဲ့ အစ်မတစ်ဦး နေပါတယ်။ နာမည်က ကြည်လဲ့ပါ။ အခန်းအမှတ်က ၅၀၉ ပါ"

မေစံရှားက လိုရင်းကို စကားစသည်။

"ဟုတ်ကဲ့"

"အခု မကြည်လဲ့ပျောက်နေတယ်လို့ ကျွန်မမိတ်ဆွေက ပြော





ပြီး စုံစမ်းပေးပါဆိုလို့ပါ။ ဦးကျော်စွာ ကြည်လဲ့နဲ့ပတ်သက်ပြီး တစ်ခုခု သိထားတာများ ရှိသလားလို့ပါ"

"ငါးလွှာကပေါ့နော်။ ကြည်လဲ့ဆိုတာ။ အင်း ..."

ဦးကျော်စွာက ခေတ္တစဉ်းစားပြီး ...

"ဟုတ်ပြီ၊ မှတ်မိပြီ။ သူ [illegible]န်ခဲ့တဲ့ နှစ်လလောက်ပဲ သူ့မြို့ကို ပြန်သွားပါတယ်"

"ပဲခူးကိုလားရှင်"

"ဟုတ်ပါတယ် ...။ ဟုတ်တယ် ... ပဲခူးကို။ ပဲခူးမှာ သူ့မိဘတွေရဲ့အိမ်ရှိတယ်လို့ ပြောဖူးတယ်"

"ဦးကျော်စွာနဲ့ မကြည်လဲ့နဲ့ ခင်လား"

"အခင်မင်ကြီးတော့ မဟုတ်ပါဘူး။ ကွန်ဒိုကိစ္စနဲ့ တွေ့ဖူးဆုံဖူး သိဖူးတာလောက်ပါပဲ။ သူ့ယောက်ျား ရှိစဉ်တုန်းကတော့ သူ့ယောက်ျားကိုမြင့်စိန်နဲ့ ကျွန်တော် ရင်းရင်းနှီးနှီး ဆက်ဆံဖူးပါတယ်။ အခုဆို ကိုမြင့်စိန်ဆုံးတာ ငါးနှစ်လောက်ရှိသွားပါပြီ"

"ဒါဆို မမကြည်လဲ့က တစ်ယောက်တည်း ဆက်နေတာလား"

"ဟုတ်ပါတယ်"

"မမကြည်လဲ့ ပဲခူးပြန်သွားကြောင်း ဦးကျော်စွာ ဘယ်လိုသိပါသလဲ"

"အဲ ... အဲဒီတုန်းက သူ ကျွန်တော့်ကို ဖုန်းဆက်ပြောတာပါ။ သူ ဒီလိုပဲ ပဲခူးကို တစ်နှစ်တစ်ခါနှစ်ခါလောက် ပြန်တတ်ပါတယ်"

"သူ့အခန်းမှာ ဖုန်းရှိလား"

"မရှိပါဘူး"

"ဒါဖြင့် ဘယ်ကဖုန်းနဲ့ ဆက်တယ်ထင်လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟမ်းဖုန်းရှိတယ်ထင်တယ်"

"အဲဒီဖုန်းနံပါတ်များ ဦးကျော်စွာ သိပါသလား"

"ဟင့်အင်း ... မသိဘူးဗျ"

"မကြည်လဲ့ထွက်သွားတာကော ဦးကျော်စွာကိုယ်တိုင် တွေ့လိုက်လား"

ထိုအချိန်တွင် ဦးကျော်စွာ၏ဇနီးက ကော်ဖီလာချပေးသည်။

"သုံးဆောင်ပါဦးရှင်"

ဟုလည်း ပျူငှာစွာ ပြောသည်။

"ကျွန်တော်တို့ မတွေ့လိုက်ပါဘူး။ ဒါပေမဲ့ ကျွန်တော့်ဇနီးကို လုံခြုံရေးဝန်ထမ်းတွေ ပြောပြလို့ မကြည်လဲ့ထွက်သွားတာတော့ သိလိုက်တယ်"

"လုံခြုံရေးဝန်ထမ်းတွေက ပြောပြတာများ ကျွန်မ သိနိုင်မလား"

ဦးကျော်စွာ၏ဇနီးက ...

"ဝန်ထမ်း ဦးလှဦးပြောတာက ကြည်လဲ့ထွက်သွားတာ ညဘက်ကြီးပါ။ ည (၈)နာရီလောက်လို့ ပြောပါတယ်။ သူဝတ်နေကျ သိုးမွေးကုတ်ရှည်ကြီးဝတ်ပြီး သူဆောင်းနေကျ အနားပြားကြီးကြီးနဲ့ ဦးထုပ်ဆောင်းလို့တဲ့"

မေစံရှား တစ်ချက်တွေသွားသည်။

"ကြည်လဲ့ထွက်သွားတာက ဆောင်းတွင်းဘက်မှာမို့ ထင်တယ်"

"ဟုတ်တယ်လေ။ လွန်ခဲ့တဲ့ နှစ်လဆိုတော့ ... အင်း ... ဒီဇင်ဘာထဲမှာပေါ့"





"ညဘက်ကြီး ဦးထုပ်ဆောင်းတယ်ဆိုတာ ထူးဆန်းသလားလို့"

"သူက ဦးထုပ်အမြဲဆောင်းတယ်ရှင့်။ ပြီးတော့ ခရီးသွားမှာဆိုတော့ အေးမှာစိုးလို့ထင်ပါတယ်"

"ဟုတ်မှာပါ။ ဒါနဲ့ ကြည်လဲ့ အဲဒီလိုမပြန်ခင် ကြည်လဲ့ရဲ့အမူအရာတွေ ထူးခြားမှုရှိလား။ ဥပမာ ... မျက်နှာမကောင်းတာတို့ မလိမ်းမခြယ် ဖိုးရိုးဖားရားနေတာတို့များ ရှိသလား"

"ကျွန်မသိသလောက်တော့ အဲဒီလို မရှိပါဘူး။ ပုံမှန်ပါပဲ။ အပြင်ထွက်ရင် တစ်ခါတလေ ဆုံတတ်ပါတယ်"

"ဪ ... ဒါပေမဲ့ အခုသူနေတဲ့အခန်းမှာ အမျိုးသမီးတစ်ယောက် ရောက်နေတယ်လို့ ပြောတယ်။ အိမ်ငှားလို့ ပြောပါတယ်။ အဲဒါ ဦးကျော်စွာ သိပါသလား"

ဦးကျော်စွာက ...

"အဲဒါ ကြည်လဲ့က ကျွန်တော့်ကိုပြောပြီး ငှားသွားတာမဟုတ်ဘူးဗျ။ တကယ်ဆို ဒီကွန်ဒိုရဲ့စည်းကမ်းအရ အဲဒီလိုလုပ်လို့ မရဘူး။ ကျွန်တော်တို့ကို အသိပေးရမယ်။ ခုဟာက အခုနေတဲ့ အမျိုးသမီးက ပြောမှ သိရတာ"

ဝင်ပြောသည်။ ယင်းကိစ္စကို ဦးကျော်စွာက ဘဝင်ကျပုံမရ။

"အဲဒီအမျိုးသမီးက ဘယ်လိုပြောလဲ"

"သူက ကြည်လဲ့ရဲ့ သူငယ်ချင်းပါတဲ့။ သူ့ကို အိမ်ငှားသွားတယ်တဲ့။ သူကလည်း လက်ရှိနေတဲ့တိုက်ခန်း ရောင်းလိုက်ရလို့ နေစရာမရှိတာနဲ့ ကြည်လဲ့က အခန်းစောင့်သဘောမျိုးနဲ့ ငှားသွားတာလို့ပြောတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သူ့နာမည် ဦးကျော်စွာ သိပါသလား"

"ခက်ခက်လို့ ပြောပါတယ်"

"ကဲ ... ကျေးဇူးပါပဲရှင်။ ခုလို စိတ်ရှည်လက်ရှည် ရှင်းပြခဲ့တဲ့အတွက် မေ့မပြနိုင်အောင် ကျေးဇူးတင်ပါတယ်။ ကျွန်မကလည်း စိတ်ပူနေတဲ့ မိတ်ဆွေအတွက် ကြားက ကူညီစုံစမ်းပေးရတာပါ"

"ရပါတယ်ဗျာ။ နောင် အကူအညီလိုရင်လည်း လာပါ။ အားမနာပါနဲ့"

"ဟုတ်ကဲ့။ လာတော့ လာရလိမ့်ဦးမယ် ထင်တယ်။ လာရင်သာ ကူညီပေးပါ"

"ရပါတယ်။ ဪ ... ကျွန်တော့်ဖနီးအမည်က မသိတာပါ။ ကျွန်တော်နဲ့မတွေ့ရင်လည်း သိတာနဲ့ ပြောလို့ဆိုလို့ ရပါတယ်"

"ဟုတ်ကဲ့ပါ"

ဦးကျော်စွာတို့ ဖနီးမောင်နှံကို ကျေးဇူးတင်ကြောင်း ထပ်မံပြောကာ နှုတ်ဆက်ထွက်လာသောအခါ မေစံရှားစိတ်ထဲမှာ လေးနေသလို ခံစားရသည်။

တစ်ခုခုများ ...။

# [ ၄ ]

❑

ပဲခူးမြို့၊ ရွှေမော်ဓော စေတီတော်မြတ်ကြီးကို မေစံရှားနှင့် ကိုနေသော် ဦးခိုက်ကြသည်။ ရွှေတောင်ကြီးပမာ ဝင်းပြောင်သပ္ပာယ်လှသော စေတီတော်မြတ်ကြီး၏ အေးမြသည့်အရိပ်မှာ နားခိုရင်း ..

"ရှား ... ဘာတွေ ဆုတောင်းလဲ"

ကိုနေသော်က မေးသည်။

"ကိုကိုကရော"

မေစံရှားက အမေးကိုမဖြေသေးဘဲ မေးခွန်းပြန်ထုတ်သည်။

"ရှားနဲ့ မြန်မြန်လက်ထပ်ပါရစေလို့ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အပြုံးဖြင့် ကိုနေသော်ဖြေသည်ကို မေစံရှားက သဘောကျစွာ ရယ်ပြီးမှ ...

"ကိုကိုကတော့ ဒီဦးတည်ချက်ကလွဲရင် တခြားမရှိဘူးနော်"

"ဒါပေါ့။ ကိုကိုက ရှားနဲ့ နီးချင်ပြီပဲဟာ"

"အခုကော ဝေးနေလို့လား"

"ဆိုင်သာဆိုင် ပိုင်မှ မပိုင်ရသေးတာ"

ချစ်သူကို မေစံရှားက စာနာစွာကြည့်မိသည်။

"ရှားလည်း ကိုကို့လိုပဲ ဆုတောင်းတာပါပဲ ကိုကိုရယ်"

ကိုနေသော် ကျေနပ်သွားပုံပေါ်သည်။

"ဒါဆိုရင်တော့ နီးသည်ထက် နီးလာပြီပေါ့"

ဟု အရယ်နှော၍ ပြောပြီးမှ ...

"နေပါဦး ...။ ဦးကျော်စွာနဲ့တွေ့ခဲ့ပြီး ကြည်လဲ့ ခရီးထွက်သွားတယ်ဆိုတဲ့ ကိစ္စကို ရှားက လုံခြုံရေးဝန်ထမ်းတွေကို အတည်ပြုမကြည့်ခဲ့ဘူးလား"

အလုပ်ဘက်သို့ ကူးပြောင်းပြီး မေးသည်။

"အတည်ပြုကြည့်ခဲ့ပါတယ်။ သေချာပါတယ်။ ဝန်ထမ်းတွေက တွေ့လိုက်တယ်။ ညဘက်ကြီး ကြည်လဲ့ထွက်သွားတာတဲ့"

"ဒါဆို ဒီပဲခူးကို လာတာလား"

"မမသိမ့်ပြောစကားအရက ပဲခူးမှာမရှိဘူးလေ"

"ဒါဖြင့် အခု ကိုကိုတို့လာတာ ဘယ်သူနဲ့တွေ့မလဲ"

"ညက မမသိမ့်နဲ့ ဖုန်းပြောဖြစ်တော့ ဒီမှာ ကြည်လဲ့ရဲ့ သူငယ်ချင်းရှိတယ်။ အိမ်ချင်းနီးတယ်။ ငယ်သူငယ်ချင်း။ အမျိုးတွေလိုပဲ ချစ်ကြတယ်တဲ့။ ဖြူလို့ခေါ်တယ်တဲ့။ ဖြူ့ကိုတွေ့ရင် အကျိုးအကြောင်း





သိနိုင်တာပေါ့"

"လိပ်စာက"

"ကြည်လဲ့အိမ်လိပ်စာကို မမသိမ့်ဆီမှာ သေချာမေးခဲ့ပါတယ်။ ကြည်လဲ့အိမ်ကိုတွေ့ရင် ဖြူ့ကိုလည်း တွေ့နိုင်မှာပါ"

"ကဲ ... ဒါဆို အချိန်ရှိတုန်း သွားကြစို့"

ကိုနေသော်၏ ပါပလေကာကားကလေးဖြင့် မမသိမ့်ပေးလိုက်သော် လိပ်စာကို ရှာသောအခါ ဆိုက်ဆိုက်မြိုက်မြိုက် တွေ့ရသည်။

အိမ်က ပိတ်လျက်သား။

ဘေးအိမ်ကို မေးကြည့်တော့ ...

'ကြည်လဲ့ ပြန်မလာတာ ကြာပြီ။ သူက ရန်ကုန်မှာပဲနေတာ' တဲ့။

ဖြူ၏အိမ်လိပ်စာကို စုံစမ်းတော့ အလွယ်တကူရသည်။

"ကျွန်မ ဖြူပါ"

ဖြူ့ကိုလည်း သူမ၏အိမ်မှာ အဆင်သင့်တွေ့ရသည်။

မေစံရှားက သူမ၏ လိပ်စာကတ်ကလေးကို ထုတ်ပေးရင်း–

"ကျွန်မက မေစံရှားပါ။ သူက စာရေးဆရာ ကိုနေသော်ပါ"

ဟု မိတ်ဆက်လိုက်သည်။

"ဟာ ... တွေ့ရတာ ဝမ်းသာလိုက်တာ။ ဖြူက ဆရာကိုနေသော်ရဲ့ စာဖတ်ပရိသတ်ပါ။ ရွှေနေမလေး မေစံရှားကိုလည်း အလွန်ချစ်ခင်လေးစားတဲ့ သူပါ"

ဖြူက ဝမ်းသာအားရ တရင်းတနှီးကြိုဆိုနေရာပေးကာ ဧည့်ခံသည်။ ဖြူမှာ အသက် (၃၅) ဝန်းကျင်ရှိမည်ဟု မှန်းဆရပြီး အိမ်တွင် အမေကြီးတစ်ဦးနှင့်နေသောကြောင့် အပျိုကြီးဖြစ်ပုံရ၏။ ကြည်လဲ့နှင့်



www.burmeseclassic.com

www.burmeseclassic.com



ရှယ်တူ ဖြစ်ပေလိမ့်မည်။

"မမဖြူက မမကြည်လဲ့ရဲ့ သူငယ်ချင်းနော်"

"ဟုတ်ပါတယ်၊ ညီအစ်မလိုချစ်ကြတဲ့ သူတွေပါ"

"မမသိမ့်ကိုရော သိလား"

"လူချင်းတော့ မတွေ့ဖူးဘူး။ ကြည်လဲ့ပြောပြောနေတာတော့ ကြားဖူးတယ်။ သူနဲ့ ညီအစ်မဝမ်းကွဲဆိုလား မသိဘူး"

"ကျွန်မတို့ ဒီကိုလာတာက မမကြည်လဲ့နဲ့ ပတ်သက်လို့ပါ"

"ဟုတ်ကဲ့ . . . ဖြူ ဘာကူညီရမလဲ"

ကိုနေသော်ကတော့ ဘာမှဝင်မပြော။

"မမသိမ့်က ကျွန်မကို အကူအညီတောင်းလို့ပါ။ မမကြည်လဲ့ကို သူနေတဲ့ကွန်ဒိုမှာ မတွေ့ဘူး။ ပဲခူးကို စုံစမ်းကြည့်တော့လည်း မရှိဘူး သိရတယ်တဲ့။ ဒါ မမကြည်လဲ့ပျောက်နေတယ်လို့ သံသယရှိတယ်တဲ့။ အဲဒီအတွက် ကျွန်မလာတာပါ"

ဖြူ့မျက်နှာတွင် စိုးရိမ်ကြောင့်ကြဟန် ထင်းခနဲ ပေါ်လာ၏။

"ကြည်လဲ့ ဒီကို ပြန်မလာပါဘူး"

ဖြူက တိကျနိုင်မာစွာ ပြောသည်။

"မမဖြူ ဘာကြောင့် အဲဒီလို ခိုင်ခိုင်မာမာ ပြောနိုင်ပါလဲ"

"ကြည်လဲ့နဲ့ဖြူက စောစောကပြောခဲ့သလို သူငယ်ချင်းလည်း သူငယ်ချင်း၊ ညီအစ်မလိုလည်း ချစ်ကြတာ။ ကြည်လဲ့ပြန်လာရင် ဖြူ သိမှာပါ။ ပြီးတော့ သူပြန်လာရင် ဖြူ့ဆီ လာကိုလာရမယ်လေ။ ဘာကြောင့်လဲဆိုတော့ သူ့အိမ်သော့ကို ဖြူ့ကို အပ်ထားခဲ့လို့ပဲ"

"ဒါဆို မမကြည်လဲ့ ဘယ်တုန်းက နောက်ဆုံးပြန်လာခဲ့တာလဲ"

စိတ်ကူးသစ်စာပေ



"မနှစ်က . . . မနှစ်က ဆောင်းတွင်းတုန်းကပါ"

"အဲဒီနောက်ပိုင်း မမကြည်လဲ့နဲ့ မမဖြူ အဆက်အသွယ် ရှိခဲ့လား"

"လူချင်းတော့ မတွေ့ဘူး။ ပို့စကတ်လေးတွေတော့ အပြန်အလှန်ပို့ဖြစ်တယ်။ အရင်လ လဆန်းတုန်းကတောင် သူ့ဆီက ပို့စကတ် တစ်ခု ရခဲ့သေးတယ်။ သူ့မွေးနေ့မို့ ပို့လိုက်တာလေ"

ကိုနေသော်နှင့် မေစံရှား အကြည့်ချင်းဆုံသွားသည်။

"အရင်လ လဆန်းဆိုတော့ ဇန်နဝါရီကို ပြောတာလား"

"ဟုတ်တယ်။ ဇန်နဝါရီ ၆ ရက်က သူ့မွေးနေ့ပါ"

"အဲဒီရက်က မမကြည်လဲ့ ရန်ကုန်မှာ မရှိတော့ဘူးပဲ။ မမကြည်လဲ့ ကွန်ဒိုကနေထွက်သွားတော့ ဒီဇင်ဘာလထဲမှာပဲ"

"ပို့စကတ် ဖြူ့ဆီကိုရောက်လာတာ ဇန်နဝါရီ ပထမပတ်ထဲမှာပဲ။ ဖြူကလည်း ပို့စကတ် ပြန်ပို့ဖြစ်တယ်"

"မမဖြူဆီမှာ အဲဒီပို့စကတ်ရှိသေးလား"

"အာ . . . အဲဒါတော့ ခက်သွားပြီ။ တစ်လောက မီးလန့်လို့ ဖြူတို့ပစ္စည်းတွေ ထုပ်ကြပိုးကြ၊ ပြေးကြရတာဆိုတော့ အားလုံး နေရာတကျမရှိတော့ဘူး။ ပို့စကတ်လည်း ပျောက်နေလောက်ပြီ"

"အဲဒီပို့စကတ်က မမကြည်လဲ့လက်ရေး အမှန်ပဲလား"

"သေချာပါတယ်"

ကိုနေသော်က ဝင်၍ . . .

"ဒီအတိုင်းဆိုရင် မမကြည်လဲ့က ပဲခူးကိုပြန်မလာဘဲ တခြားတစ်နေရာရာမှာ ရှိနေတဲ့သဘောပဲ"

ဟု ထင်မြင်ချက်ဝင်ပေးသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အဲဒီလို ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ သူဘယ်ရောက်နေလဲ။ သူ ကွန်ဒိုမှာလည်းမရှိ၊ ပဲခူးမှာလည်းမရှိ"

ဖြူကြ ချိန်ဆဆဖြင့် ...

"အလုပ်ကိစ္စနဲ့များ ခရီးသွားတာလား။ သူက ကျောက် အရောင်းအဝယ်လေး ဘာလေး လုပ်တယ်ဆိုတော့လေ"

ဟု ပြောသည်။

တခြား ၊ တစ်နေရာ ...။

ဘယ်နေရာလဲ ...။

ဘာကြောင့် တခြားနေရာကို သွားသလဲ။

လူမသိ၊ သူမသိ ကိုယ်ယောင်ဖျောက်တာလား။

မေစံရှား ခေါင်းထဲမှာ အတွေးတွေဝင်လာသည်။

မောင်ရှင်နှင့် စကားပြောစဉ်က ...

မမသိမ့်နှင့် စကားပြောစဉ်က ...

စိတ်ဝင်စားမှု သာမန်မျှသာဖြစ်ခဲ့သော်လည်း ယခုတော့ မေစံရှား စိတ်ဝင်စားသွားပြီ။

မောင်ရှင်ပြောခဲ့သလို အန္တရာယ်ရနံ့တစ်ခု မေစံရှား ရလိုက်သည်။

| ၅ |

❑

ပဲခူးမှ ပြန်လာပြီးနောက် ကြည်လဲ့ပျောက်နေခြင်းကိစ္စအပေါ်၊ မရိုးသားမှုတစ်ခုခု ရှိနေပြီဟု မေစံရှား တွေးမိ၏။

ယခုရက်ပိုင်းမှာ မောင်ရှင်ကလည်းမလာ။ သူ ဘယ်ကိုသွား၍ ဘာကိစ္စများ ဆောင်ရွက်နေပါသနည်း။ တိုင်ပင်ချင်သော်လည်း မောင်ရှင်မလာ၍ တိုင်ပင်မရနိုင်။ ကိုနေသော်ကလည်း ပဲခူးမှပြန်လာပြီးနောက် ဖာတ်ညွှန်းတစ်ခုအတွက် နယ်သို့ ဒါရိုက်တာနှင့် ပါသွားသည်။

ထို့ကြောင့် ကြည်လဲ့နေခဲ့ရာ ကျောက်စိမ်းကွန်ဒိုသို့ မေစံရှား တစ်ကိုယ်တည်း ထွက်လာခဲ့၏။ ရည်ရွယ်ချက်မှာ ဦးကျော်စွာတို့နှင့် ထပ်မံတွေ့ဆုံရန်ဖြစ်၏။

စိတ်ကူးသစ်တာပေ

www.burmeseclassic.com

www.burmeseclassic.com

"ဘာကိစ္စလဲကွယ့်။ ဘာရှာနေတာလဲ"

ဦးကျော်စွာတို့ကို မတွေ့သဖြင့် ကြည်လဲ့နေခဲ့ရာ အခန်းကို တက်၍ လေ့လာရန် စိတ်ကူးရပြီး ငါးလွှာသို့ တက်လာခဲ့သည်။ ဓာတ်လှေကားမှထွက်၍ ကြည်လဲ့အခန်းနံပါတ်ကို ရှာမိုက်၊ အခန်းတစ်ခုမှထွက်လာသော အသက်ခြောက်ဆယ်ကျော်ရှိ အမျိုးသမီးကြီးတစ်ဦးက မေးလိုက်ခြင်းဖြစ်သည်။

"လာတာကတော့ ကြည်လဲ့ကို လာရှာတာပါ"

မေစံရှားက အဆင်ပြေသလို အဖြေပေးလိုက်သည်။

"ကြည်လဲ့ . . . မရှိဘူးကွယ့်။ သူ့အခန်းက ၅၀၉ လေ။ အန်တီတို့ တစ်ခန်းကျော်ပေါ့"

"ကြည်လဲ့ကို အန်တီသိလား"

"သိပါတယ်။ အိမ်နီးချင်းတွေပဲဟာ"

မေစံရှားက အားတက်သွားသည်။ စလင်းဘက်ထဲမှ လိပ်စာကတ်ကို ထုတ်၍ပေးရင်း . . .

"ကျွန်မက မေစံရှားပါ။ ရှေ့နေပါ"

ဟု နှုတ်မှလည်း မိတ်ဆက်လိုက်သည်။

"မေစံရှား . . . ဟုတ်လား"

သူမက တအံ့တဩ ပြန်မေးသည်။ မျက်နှာ ဝင်းဝင်းလက်လက် ဖြစ်သွားပုံက ဝမ်းသာမှုကို ဖော်ပြသည်ဟု ထင်ရ၏။

"ဟုတ်ပါတယ် အန်တီ"

"တွေ့ရတာ ဝမ်းသာတယ်ကွယ်။ အန်တို့ တူမလေးတစ်ယောက် ပြဿနာတစ်ခုဖြစ်စဉ်က ရှေ့နေဒေါ်မေစံရှားက ကူညီပေးလို့ သူအဆင်ပြေခဲ့ကြောင်း ခဏခဏပြောတာနဲ့ မေစံရှားနာမည်ကို ရင်းနှီး





နေတာ။ အန်တီက အသက်ကြီးကြီးမှတ်လို့။ အခုတော့ ငယ်ငယ်လေးပဲ။ ကဲ . . . ကဲ . . . အချိန်ရရင် အထဲဝင်ပါဦးလား။ ကော်ဖီလေးဘာလေး သောက်ရင်း စကားပြောရအောင်"

မေစံရှားအဖို့ 'ရေငတ်တုန်း ရေတွင်းထဲကျ' ဖြစ်ရ၏။ ကြည်လဲ့ကိစ္စ မေးမြန်းစုံစမ်းဖို့ လမ်းစတစ်ခု မထင်မှတ်ဘဲ ရလာခဲ့သည်လေ။

ဧည့်ခန်းမှာ ထိုင်မိတော့ . . .

"အန်တီ့နာမည်က ဒေါ်ဦးလို့ခေါ်ပါတယ်။ အိမ်သားတွေကတော့ အလုပ်ကိုယ်စီ၊ ကျောင်းကိုယ်စီ ထွက်သွားကြပြီမို့ နေ့လယ်ဆို အန်တီတစ်ယောက်တည်း။ ခဏနော်"

ဟု အမျိုးသမီးကြီးက သူမကိုယ်သူမ မိတ်ဆက်စကားပြောပြီး အတွင်းဝင်သွားသည်။

ဧည့်ခန်းနံရံရှိ ဓာတ်ပုံများထဲမှာ ဒေါ်ဦး၏ဘွဲ့ဝတ်စုံနှင့် ငယ်စဉ်ကဓာတ်ပုံကို တွေ့ရ၏။ အခန်းမှာ သေသပ်လှပပြီး အသုံးအဆောင်များက ခေတ်မီလှ၏။ ဆိုဖာဆက်တီကြီးကပင် အိအိစက်စက်။

ခဏအကြာမှာ ဒေါ်ဦးပြန်ထွက်လာသည်။ သူမလက်ထဲမှာ ကော်ဖီနှင့်မုန့် ထည့်ထားသောဗန်းကို ကိုင်လျက်။

"ကဲ . . . ကော်ဖီ သုံးဆောင်ပါဦး"

မေစံရှားရှေ့သို့ ချပေးကာ နှစ်လိုဖွယ်ရာစွာ ပြောသည်။

"အဲဒါ အန်တီ့ပုံမဟုတ်လား"

ဘွဲ့ဓာတ်ပုံကို ညွှန်ပြပြီး မေးလိုက်တော့ ဒေါ်ဦးပြုံးသည်။

"အန်တီ ဘွဲ့ယူစဉ်ကပုံလေ။ တူမက မှန်းမိသားပဲ"

"အန်တီက ငယ်တုန်းကလို ချောနေသေးတာကိုး"

ဒေါ်ဦး သဘောကျစွာ ရယ်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"မုန့်လည်းစား၊ ကော်ဖီလည်း လိုချင်သေးရင် ထပ်ဖျော်ပေးမယ်။ အန်တီ့ကို ဒီလောက်ပြောနေမှတော့ အများကြီးကျေးဇူးသင့်ပြီပေါ့နော်"

မေစံရှားကပါ ရယ်ရင်း ...

"မြှောက်ပြောတာ မဟုတ်ပါဘူးအန်တီရယ်။ အမှန်ကိုပြောတာပါ"

"ကဲ ... ထမင်းစားပြီးမှပဲ ပြန်တော့နော်"

နှစ်ဦးသား ရယ်ပွဲကလေးဖြစ်ကာ တစ်ခဏအတွင်း ရင်းနှီးကျွမ်းဝင်သွားကြသည်။

"အန်တီက အထက်တန်းကျောင်းဆရာမ အငြိမ်းစားပါ"

ဟု ဒေါ်ဦးက ပြောပြသည်။

"အန်တီ မမကြည်လဲ့အကြောင်း ပြောပါဦး"

မေစံရှားက လိုရင်းဘက်သို့ လမ်းကြောင်း ဦးတည်လိုက်သည်။

"တူမက ကြည်လဲ့ရဲ့မိတ်ဆွေလား"

"မဟုတ်ပါဘူး အန်တီ။ ကျွန်မမိတ်ဆွေက မမကြည်လဲ့ရဲ့ ညီအစ်မဝမ်းကွဲပါ။ သူက ကြည်လဲ့ပျောက်နေတယ်၊ ဝိုင်းရှာပေးပါလို့ ပြောတာနဲ့ ကူညီပြီးရှာကြည့်ဖို့ပါ"

"ကြည်လဲ့မရှိတာ အတော်ကြာပြီ။ နှစ်လကျော်လောက်ရှိပြီထင်တယ်။သူက သူ့ဇာတိမြို့ကို ပြန်တတ်တယ်။ အခုလည်း မြို့ပြန်တယ်ထင်တယ်။

"မြို့ပြန်မယ့်အကြောင်း အန်တီ့ကို ပြောဖူးလား"

"ဒါတော့ မပြောဖူးဘူး။ အန်တီ့အထင်ပြောတာ"

"ကျွန်မ ပဲခူးကို ရောက်ခဲ့ပြီးပါပြီ။ သူ့အိမ်လည်း ရောက်ခဲ့





တယ်။ သူ့ သူငယ်ချင်းနဲ့လည်း တွေ့ခဲ့တယ်။ သူ ပဲခူးကို ပြန်မလာဘူး"

ဒေါ်ဦးမျက်နှာ၌ အံ့ဩရိပ်၊ မယုံကြည်နိုင်ရိပ် ပေါ်လာ၏။

"အင်း ... ဒါဆို သူ ဘယ်သွားပါလိမ့်"

"ကျွန်မ ဦးကျော်စွာနဲ့လည်း တွေ့ပြီးပါပြီ။ ဦးကျော်စွာရဲ့ဇနီး မသိတာကလည်း မမကြည်လဲ့ ခရီးထွက်သွားတာ တွေ့လိုက်တယ်လို့ ပြောပါတယ်"

"အလုပ်ကိစ္စနဲ့ တခြားကို သွားတာများလား"

"ဦးကျော်စွာပြောတော့ မမကြည်လဲ့က ခရီးမထွက်ခင် သူ့ဆီကို ဖုန်းဆက်တယ်တဲ့။ မြို့ပြန်မယ် ပြောတယ်တဲ့။ ခက်တာက အခု မြို့ပြန်မရောက်တာပဲ"

"အို ... ဒုက္ခပါပဲ။ အက်ဆီးဒင့်တွေ ဘာတွေများ ဖြစ်လေသလား"

"အဲဒီလိုတော့ မဖြစ်နိုင်ဘူးထင်မိတယ်။ ဘာကြောင့်လဲဆိုတော့ အက်ဆီးဒင့်ဖြစ်လို့ ဆေးရုံရောက်ရင် ခုလောက်ဆို ဒီကသိရမှာပေါ့။ ပဲခူးကလည်း သိရမှာပေါ့။ အခုဟာ အစပျောက်သလိုဖြစ်နေတာ"

"မေစံရှားက ကြည်လဲ့ကို မြင်ဖူးတွေ့ဖူးလား"

"မတွေ့ဖူးဘူး အန်တီ။ အန်တီ့ဆီမှာကော သူ့ဓာတ်ပုံများ ရှိနိုင်မလား"

"မရှိနိုင်ဘူးထင်တယ်။ သူက အန်တီတို့ကို ဓာတ်ပုံပေးစရာ အကြောင်းမရှိဘူးလေ။ အဲ ... အဲ ... နေဦး။ မနှစ်က အလှူလုပ်တုန်းက အန်တီတို့အလှူကို သူလာတယ်။ အဲဒီမှာ ဓာတ်ပုံရိုက်ထား



www.burmeseclassic.com

www.burmeseclassic.com

တာတွေတော့ရှိတယ်။ သူ့ပုံပါမလား မသိဘူး''

ဒေါ်ဦးက ပြောပြောဆိုဆို ဆက်တီစားပွဲခုံအောက်မှ ဓာတ်ပုံ အယ်လ်ဘမ်ကို လှမ်းယူသည်။ ပြီးလျှင် အယ်လ်ဘမ်ကိုဖွင့်ကာ တစ်မျက်နှာပြီးတစ်မျက်နှာ လှန်လှောကြည့်သည်။

မေစံရှားက တွေ့လိုဇောဖြင့် လည်တဆန့်ဆန့် မျှော်ကြည့်ရင်း စိတ်စောစွာ စောင့်နေရ၏။

''ဟော ... ကံကောင်းလိုက်တာ။ တွေ့ပြီ။ ဒါ ... ကြည်လဲ့ပဲ''

ဒေါ်ဦးက အယ်လ်ဘမ်ကို မေစံရှားထံ ထိုးပေးသည်။

အယ်လ်ဘမ်ထဲမှဓာတ်ပုံက အမျိုးသမီးနှစ်ဦး မုန့်စားနေရာမှ လှည့်၍ ဓာတ်ပုံအရိုက်ခံသောပုံဖြစ်၏။

နှစ်ဦးစလုံးမှာ အသက်သုံးဆယ့်ငါးရွယ် ရွယ်တူဖြစ်ကြ၏။ ရုပ်ရည်ကလည်း ဆင်သည်။ အရပ်အမောင်း၊ အလုံးအထည်ပုံစံကလည်း တူသည်။ ညီအစ်မဟုဆိုလျှင် ရနိုင်၏။ မတူသည်က တစ်ဦးမှာ မေးစေ့၌ မှဲ့ပါသည်။ ထိုမေးစေ့မှာ မှဲ့ပါသူသည် ကြည်လဲ့ဖြစ်၏။

မောင်ရှင့်စကားမှာ ရုပ်ရှင်မင်းသမီး မို့မို့မြင့်အောင်လို မှဲ့ပါသည်ဟု ဆိုခဲ့သည်မဟုတ်လား။

ယခု ဒေါ်ဦးကလည်း သူ့ကိုပင် လက်ထောက်၍ပြနေသည်။

မောင်ရှင်ပြောသလို ကြည်လဲ့၏မျက်နှာမှာ ထူးခြားသည်ဟု ဆိုရလောက်အောင် မချောမောစေကာမူ ဆွဲဆောင်မှုတော့ရှိနေသည်။ ဆံပင်ကို နောက်တွင်သိမ်း၍ စည်းထားသဖြင့် မျက်နှာအနေအထားက ပေါ်လွင်၏။ မျက်လုံးတွေက ရီဝေဝေဟုဆိုနိုင်သော်လည်း ညို့ဓာတ်ပါသည်။ ကျန်တစ်ယောက်က ဆံပင်ကို ဖြန့်ချထား၏။

စိတ်ကူးသစ်စာပေ



''မမကြည်လဲ့ဘောက ဘယ်သူလဲ အန်တီ''

''မှုံရွှေရည်တဲ့။ ကြည်လဲ့ရဲ့မိတ်ဆွေပေါ့''

''မှုံရွှေရည်က ဘယ်မှာနေလဲ။ ကျွန်မ သူနဲ့တွေ့လို့ရမလား''

ဒေါ်ဦးက သက်ပြင်းချသည်။

''မှုံရွှေရည်က လွန်ခဲ့တဲ့ နှစ်လကျော်ကျော်ကပဲ ဆုံးသွားတယ်''

''ဟင် ... ဘာဖြစ်လို့လဲ''

''အိမ်ကို သူခိုးဝင်တာ။ အိမ်ရှင်နဲ့ တွေ့လို့နေမှာပေါ့။ အိမ်ရှင်ကိုသတ်ပြီး အိမ်ကိုပါ မီးရှို့သွားတယ်''

''တစ်အိမ်လုံး မီးလောင်သွားတာလား''

''မီးသတ်တွေ အရောက်မြန်လို့ တစ်အိမ်လုံးမလောင်ဘူး။ ဒီမှာ အန်တီပြမယ် သူတို့အိမ်''

''သူတို့အိမ်က ဒီနားမှာလား''

''ဟုတ်တယ်''

ဒေါ်ဦးက မေစံရှားအား ဝရန်တာဘက်သို့ခေါ်သွားကာ ဝရန်တာမှနေ၍ လမ်းတစ်ဖက်ကို လက်ညှိုးထိုးပြသည်။

''ဟိုအိမ်ပဲ။ ခြံဝင်းလေးနဲ့ အိမ်လေး။ အခုတော့ ပိတ်ထားတယ်။ ခြံဝမှာ အိမ်ရောင်းမည်လို့ချိတ်ထားတာ တွေ့လား''

''မှုံရွှေရည်က မိသားစုမရှိဘူးလား''

''ရှိတယ်။ သူ့ယောက်ျား ကျန်ခဲ့တယ်။ သူတို့မှာ ကလေးမရှိဘူး။ အခု သူ့ယောက်ျားက မိန်းမသေတာနဲ့ စိတ်ညစ်ပြီး သူ့နမရှိတဲ့ သဃ်န်းကျွန်းမှာ သွားနေတယ်''

''အဲဒီကိစ္စဖြစ်တာနဲ့ မမကြည်လဲ့ပျောက်သွားတာ ဘာမှမကွာဘူးနော်''

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ရှေ့ဆင့်နောက်ဆင့်ပဲ"

မေစံရှားက ဧည့်ခန်းတွင်းပြန်ရောက်ပြီး အယ်လ်ဘမ်ကို ကြည့်မိ၏။ ဓာတ်ပုံထဲက နှစ်ယောက်။ တစ်ယောက်က သေး၊ တစ်ယောက်က ပျောက်နေ။ ပြီးတော့ အချိန်ကာလက ရှေ့ဆင့်နောက်ဆင့်။

ယင်းကို မေစံရှား ဘဝင်မကျ။

ယင်းအဖြစ်အပျက်နှစ်ခု ဆက်နွှယ်မှုရှိနေလေသလား။

"အန်တီ ဒီဓာတ်ပုံ ကျွန်မယူသွားလို့ ရမလားဟင်။ ကျွန်မ မမကြည်လဲ့ကို ရှာရမှာမို့ပါ"

"ရပါတယ် ယူသွားပါ"

"ဪ ... ဒါနဲ့ မမကြည်လဲ့နဲ့ သေသွားတဲ့ မှုံရွှေရည်နဲ့က တော်တော်ရင်းနှီးကြလား"

"အင်း ... အဲဒါ ဘယ်လိုပြောရမလဲ။ မိတ်ဆွေတော့ မိတ်ဆွေပဲ။ ဒါပေမဲ့ ကြည်လဲ့က အဆင်မြေတယ်။ သူ့ယောကျ်ားက ချမ်းသာတဲ့ အသိုင်းအဝိုင်းကလေ။ သူ့ယောကျ်ားသေသွားပေမဲ့ ယောကျ်ားထားခဲ့တဲ့ ဥစ္စာပစ္စည်းတွေရှိတယ်။

ပြီးတော့ သူက ကျောက်အရောင်းအဝယ်လေး ဘာလေး လုပ်တယ်။ ဒီတော့ အခြေအနေကောင်းတယ်။ မှုံရွှေရည်ကတော့ မပြေလည်ဘူး။ မှုံရွှေရည်ယောကျ်ား ခင်မောင်ရင်က လောင်းကစားသမား။ မှုံရွှေရည်ကလည်း သူ့ယောကျ်ားလိုပါပဲ။ ဒီတော့ ကြွေးတွေဝိုင်းနေတာ။ ဒီလိုအိမ်ကိုမှ သူနိုးက ဘယ်လိုစိတ်ကူးနဲ့ဝင်လဲ မသိပါဘူး။ အခုလည်း အိမ်ကိုရောင်းပစ်ဖို့ လုပ်နေတယ်လေ။ ကြွေးတွေရှင်းရမယ် ထင်တာပဲ"

"ဒါဆို .. မမကြည်လဲ့နဲ့ မှုံရွှေရည်က အပြိုင်အဆိုင်ရှိတဲ့





သဘောပေါ့"

"မိန်းမချင်းဆိုတော့ ပြိုင်ဆိုင်မှုရှိနိုင်တာပေါ့လေ။ ခင်မောင်ရင်နဲ့ ကြည်လဲ့ယောကျ်ားကလည်း သူငယ်ချင်းတွေပါပဲ။ ဒါပေမဲ့ သူတို့ချင်းက ဘဝအတွက် ရပ်တည်ကြိုးစားမှုချင်းမှ မတူတာ။ အလုပ်ကောင်းရင် ကံကောင်းမယ်၊ အလုပ်မကောင်းရင် ကံမကောင်းနိုင်ဘူးပေါ့"

အငြိမ်းစားဆရာမ၏ အတွေးအခေါ်က သဘာဝကျလှပါသည်။

မေစံရှားက သူတို့နှစ်ဦးအကြောင်း တွေးနေစဉ် ...

"ကြည်လဲ့က ဆောင်းတွင်းဆို သိုးမွေး၊ ယုန်မွေး အနွေးထည်အကောင်းစား နိုင်ငံခြားဖြစ်တွေကိုမှ အမျိုးမျိုးဝတ်တာ။ သိုးမွေးကုတ်အရှည်ကြီးနဲ့ အပြာကြီးကြီးဦးထုပ်နဲ့ ကြည်လဲ့စတိုင်လ်က နိုင်ငံခြားသူအတိုင်းပဲလေ။ မှုံရွှေရည်ကတော့ အဲဒီလို မတတ်နိုင်ရှာဘူး"

ဦးကျော်စွာ၏ဇနီး မသီတာပြောသော စကားတွင် ကြည်လဲ့ထွက်သွားသောညက ထိုစတိုင်လ်ဝတ်သွားကြောင်း မေစံရှားကြားသိခဲ့ရ၏။ သို့ဆိုလျှင် ကြည်လဲ့ ခရီးထွက်သွားသည်မှာ မှန်သည်။ ဘယ်ကို သွားသနည်း။

"ကြည်လဲ့က သူ့သူငယ်ချင်းတစ်ယောက်ကို အိမ်ငှားထားခဲ့ပုံပဲ။ ခက်ခက်ဆိုလားမသိဘူး နာမည်က။ အပြင်သိပ်မထွက်ဘူး။ ပတ်ဝန်းကျင်နဲ့လည်း ခပ်ကင်းကင်းနေတတ်တယ်။ အဲဒီကိစ္စကို မန်နေဂျာဦးကျော်စွာက ကျေနပ်ပုံမရဘူး။ မန်နေဂျာမသိဘဲ အိမ်ငှားတင်ခဲ့တာ စည်းကမ်းနဲ့မညီဘူးဆိုပြီး ပြောသံကြားတယ်"

"ကျွန်မ အဲဒီခက်ခက်နဲ့တွေ့ချင်ရင် ရနိုင်မလား အန်တီ"



www.burmeseclassic.com

www.burmeseclassic.com



"ရနိုင်ပါလိမ့်မယ်။ ကြည်လဲ့ရဲ့မိတ်ဆွေလို့ ပြောပြီး သူနဲ့စကား ပြောကြည့်ပေါ့။ သူ့ဆီကဆိုရင် ကြည်လဲ့အကြောင်း ပိုပြီးသိရနိုင်တာပေါ့"

"ကျေးဇူးပါပဲ အန်တီ"

"နောက်လည်း အန်တီ့ဆီကို ဝင်လာနော်။ ကော်ဖီတိုက်မယ်၊ မေစံရှားရဲ့စိတ်ဓာတ်ကို ချစ်လို့"

"ဟုတ်ကဲ့ပါ အန်တီ"

❦ ❦ ❦

[ ၆ ]

❑

အခန်း၏ လှခေါ်ဘဲလ်ကို နှိပ်လိုက်ပြီး မကြာမီမှာပင် အတွင်းမှ ကျွန်းတံခါးကိုဖွင့်သံ ကြားရသည်။ ပြီးလျှင် ကျွန်းတံခါးပွင့်သွားပြီး အမျိုးသမီးပေါ်လာ၏။ ထိုအမျိုးသမီးမှာ ခက်ခက်ဖြစ်ပေလိမ့်မည်။

ဆံပင်တိုတိုနှင့်ဖြစ်ပြီး မျက်မှန်တပ်ထားသည်။ သို့သော် အကြည့်ဆိုးနေသည်မှာ နှားခေါင်းကို ကန့်လန့်ဖြတ်လျက် ပါးပြင်တစ်ဖက်တစ်ချက်ထိ ကပ်ထားသော ပလတ်စတာနှင့် မျက်မှန်အောက် မျက်ခမ်းအစပ်မှ ဒဏ်ရာဒဏ်ချက်အချို့ဖြစ်သည်။

ကိုယ်လုံးကိုယ်ထည်မှာ ဖွံ့ဖြိုးဟန်ရှိသည်ဟု ခန့်မှန်းရအောင်လည်း အိမ်နေညဝတ်အင်္ကျီလို အင်္ကျီရှည်ပွပွကြီးကို ဝတ်ထားသဖြင့်



www.burmeseclassic.com

www.burmeseclassic.com



အတိအကျပြော၍ မရနိုင်။ အသက်အရွယ်အရမူ ကြည်လဲ့နှင့် ရွယ်တူခန့်ရှိမည်ဟု ခန့်မှန်းရ၏။

"ဘာကိစ္စများပါလဲရှင်"

စကားလုံးများမှာ ကောင်းမွန်သော်လည်း လေသံမှာ ပျော့ပျောင်းညင်သာမှု မရှိလှဟု မေစံရှား သတိပြုမိသည်။ အကြည့်မှာ စိမ်းသည်။ နှုတ်ခမ်းတွေက တင်းသည်။

"ကျွန်မ မေစံရှားပါ။ ရှေ့နေပါ။ မမကြည်လဲ့နဲ့ တွေ့ချင်လို့ပါ"

မေစံရှားကမူ အတတ်နိုင်ဆုံး ချိုသာရည်မွန်စွာ မိတ်ဆက်ပြီး လိပ်စာကတ်ကိုပါ ထုတ်ပေးသည်။ သူမက လိပ်စာကတ်ကို တစ်ချက်သာဝေ့ကြည့်ပြီး ...

"ကြည်လဲ့ မရှိပါဘူး"

တိုတိုပြတ်ပြတ် ပြော၏။

တံခါးမှာ အတွင်းမှ ကျွန်းတံခါးတစ်ထပ်ဖြစ်၍ အပြင်က သံပန်းတံခါးဖြစ်သည်။ သူမက သံပန်းတံခါးကိုပင် မဖွင့်။

"အရေးကြီးတဲ့ကိစ္စ ရှိလို့ပါ။ မမကြည်လဲ့နဲ့ သူ့အစ်မဝမ်းကွဲ ရှယ်ယာဝင်ထားတဲ့ ကုမ္ပဏီတစ်ခုက အကျိုးအမြတ်တွေ ရဖို့ကိစ္စပါ။ ကျွန်မ အထဲဝင်ပြီး စကားပြောလို့ရမလား"

"ရပါတယ်"

ရပါတယ်ဟုသာ ပြောသည်။ လိုလားပုံတော့ မရှိလှ။ သံပန်းတံခါးကို သော့ဖွင့်ပေးသဖြင့် မေစံရှား အတွင်းသို့ ဝင်လိုက်သည်။ ညှေ့ခန်းအတွင်း၌ ဆက်တီ၊ တီဗီ၊ ဗီစီဒီ စသည်များက လူနေအိမ်တစ်ခု၏ ရှိမြဲအနေအထားကို ပြနေ၏။ အားလုံး နေသားတကျ။ သန့်





သန့်ရှင်းရှင်း။

ဒါ ... ကြည်လဲ့၏ ပစ္စည်းတွေလား။

ခက်ခက်၏ ပစ္စည်းတွေလား။

"ကျွန်မက ကားအက်ဆီးဒင့်ဖြစ်ထားလို့ မျက်နှာမှာ ဒဏ်ရာရထားတယ်။ ဒါကြောင့် လူတွေနဲ့ မတွေ့ချင်တာပါ"

သူမက မေစံရှားကို ဆက်တီမှာနေရာချပေးရင်း ပြော၏။

"အစ်မနာမည် သိပါရစေ"

"ခက်ခက်ပါ"

"အစ်မက မမကြည်လဲ့နဲ့ ဘာတော်ပါလဲ"

"မတော်ပါဘူး။ သူငယ်ချင်းပါ"

"မမကြည်လဲ့က ဘယ်သွားလဲ"

"ခရီးသွားပါတယ်"

"ဘယ်ကိုသွားတာပါလဲရှင်။ ကြာကော ကြာမှာလား"

"မန္တလေးလို့ ပြောသွားတာပဲ။ ဘယ်လောက်ကြာမလဲဆိုတာတော့ အတိအကျပြောလို့ မရဘူး။ ဘာကြောင့်လဲဆိုတော့ သူက အလုပ်ကိစ္စနဲ့သွားတာ။ ကြာမှာမို့လို့ ဒီအခန်းကိုတောင် ကျွန်မကို ငှားခဲ့တာ"

"သြော် ... မမက ငှားနေတာလား။ ဒါဆို အရင်က ဘယ်မှာနေလို့လဲ"

"ကျောက်မြောင်းမှာ။ ကျောင်းမြောင်းအိမ်က ရောင်းလိုက်ရလို့ အိမ်ရှာနေတုန်း ကြည်လဲ့က သူ့အိမ်ကိုခေါ်ပြီး အငှားသဘောနဲ့ ထားခဲ့တာပါ။ သူ့သဘောအရဆိုရင် ဟိုမှာ အလုပ်ကိစ္စအဆင်ပြေလို့ နေဖြစ်မယ်ဆိုရင် ဒီအခန်းကို ကျွန်မကို ရောင်းမယ်ဆိုတဲ့သဘောပဲ"



www.burmeseclassic.com

www.burmeseclassic.com



"သြော် . . . မမကြည်လဲ့ ဘယ်တုန်းက မန္တလေးကိုသွားတာလဲ"

"နှစ်လလောက်ရှိပြီ"

"မန္တလေးလိပ်စာများ ရနိုင်မလား"

"ကျွန်မ မသိပါဘူး"

"သူ့ကို ဖုန်းခေါ်လို့ မရနိုင်ဘူးလား။ သူ့မှာ ဟမ်းဖုန်းရှိမှာပေါ့"

"အဲဒီဖုန်းကို ရောင်းသွားတယ်ထင်တယ်"

ခက်ခက်စကားက လမ်းစပျောက်စကားချည်း ဖြစ်နေ၏။ ဘာကြောင့်သည်လို ပြောပါသလဲ။

"သူ မန္တလေးသွားပြီးနောက်ပိုင်း မမနဲ့ အဆက်အသွယ်မရဘူးလား"

"မရဘူး"

"သူ မန္တလေးသွားတာ ဟိုမှာ ဆွေမျိုးတွေ၊ မိတ်ဆွေတွေရှိလို့နေမှာပေါ့။ အဲဒါ မမကို မပြောပြဘူးလား"

"မပြောဘူး။ သူက သူ့အကြောင်း သိပ်လျှို့ဝှက်တတ်တဲ့သူ"

"ဒီကို မမကြည်လဲ့ရဲ့ အစ်မတစ်ယောက် လာသွားဖူးတယ်မဟုတ်လား"

"တစ်ယောက်တော့ လာမေးဖူးတယ်။ ဘာတော်လဲတော့ မသိဘူး"

"အဲဒီအစ်မ မမကြည်လဲ့ကို တွေ့ချင်နေတာ။ ရစရာတွေကရှိနေတယ်။ သူက မမကြည်လဲ့ ပျောက်နေတယ်ထင်ပြီး စိတ်ပူနေတာ"

ခက်ခက်က ဤစကားကို ဘာမျှမတုံ့ပြန်။





"မမကြည်လဲ့မှာ ပြဿနာတစ်ခုခုများ ရှိခဲ့ပုံရလား"

"ကျွန်မ မသိဘူး"

"သူငယ်ချင်းမို့ ဖွင့်ပြောမလားလို့ပါ"

"ပြောပြီးပြီလေ။ သူက သိပ်လျှို့ဝှက်တတ်ပါတယ်လို့"

ခက်ခက်၏အမူအရာမှာ စကားကို ကြာရှည်လက်ခံ ပြောချင်ပုံမရတော့။

"ကောင်းပါပြီ။ တစ်ခုပဲ ကူညီပါ။ မမကြည်လဲ့ ဆက်သွယ်လာခဲ့ရင် ကျွန်မဆီကို ဖုန်းဆက်ပေးပါ။ ဒါမှမဟုတ် သတင်းကောင်းတစ်ခုခုရရင်လည်း ကျွန်မဆီကို ဖုန်းဆက်ပါ။ အဲဒီကတ်ထဲမှာ ဖုန်းနံပါတ်ပါပါတယ်"

"ဟုတ်ကဲ့"

မေစံရှား ထိုင်ရာမှ ထလိုက်သည်။

"ကျေးဇူးပါပဲ မမခက်ခက်"

ခက်ခက် ဘာမျှပြန်မပြော။ မေစံရှား အပြင်ရောက်သည်နှင့် တံခါးပိတ်သံက ကျယ်လောင်စွာ ပေါ်လာ၏။ ဆောင့်ပိတ်လိုက်လေသလား။

မေစံရှား ပခုံးတွန့်မိလိုက်လေသည်။

www.burmeseclassic.com

www.burmeseclassic.com

# | ၇ |

❑

အငြိမ်းစားဆရာမ ဒေါ်ဦးထံမှယူခဲ့သော ဓာတ်ပုံကို ကြည့်၍ ခမစံရှားခေါင်းထဲမှာ မေးခွန်းတွေစီနေသည်။

- ကြည်လဲ့နှင့် မှုံရွှေရည်တို့ အပြိုင်အဆိုင်ဖြစ်ရာမှ ပဋိပက္ခကြီးထွားကာ ကြည်လဲ့ လုပ်ကြံခံရသလား။
- သို့သော် မှုံရွှေရည်က ကြည်လဲ့ပျောက်မသွားခင် သေသွားခြင်းဖြစ်သည့်အတွက် မှုံရွှေရည်က လုပ်ကြံခြင်းမဖြစ်နိုင်။ သို့ဆိုလျှင် သူမဓါးခင်ပွန်း ခင်မောင်ရင်ကကော။
- မှုံရွှေရည်အိမ်ကို ဖောက်ထွင်းဝင်ရောက်လာသူက အိမ်ရှင်ကိုတွေ့၍ သတ်ဖြတ်သွားနိုင်သည် မှန်သော်လည်း မီးရှို့သည်ထိ လုပ်ဖို့ရန် လိုပါသလော။





- ကြည်လဲ့က မှုံရွှေရည် သေဆုံးပြီးမကြာခင် ပျောက်သွားခြင်းမှာ အကြောင်းတစ်စုံတစ်ရာ ရှိနေသလော။
- ကြည်လဲ့ထွက်သွားသည့် ကွန်ဒိုမှ လုံခြုံရေးဝန်ထမ်းများ လှမ်းမြင်လိုက်ရသည် ဆိုသော်လည်း ကြည်လဲ့အစစ် ဟုတ်ပါ၏လော။
- ကြည်လဲ့ ကွန်ဒိုမှ ပဲခူးကိုပြန်သွားသည်ဟု [ဦးကျော်စွာထံ. ဖုန်းဆက်ပြောခြင်းကြောင့်] လက်ခံရမည်ဖြစ်သော်လည်း ပဲခူးကို ပြန်မရောက်ခြင်းက အဘယ့်ကြောင့်နည်း။
- ဦးကျော်စွာကို ဖုန်းဆက်ပြောသူမှာ ကြည်လဲ့ ဟုတ်ပါ၏လော။
- သို့ဖြစ်လျှင် ခက်ခက်ပြောသလို မန္တလေးကိုသွားသလား။ မန္တလေးသို့ သွားရိုးမှန်လျှင် ကြည်လဲ့က အဘယ်ကြောင့် ဦးကျော်စွာအား ပဲခူးပြန်မည်ဟု ဖုန်းဆက်ပြောရသနည်း။
- ခက်ခက်ဆိုသူမှာရော မည်သည့်အကြောင်းများ ရှိနေသနည်း။
- ခက်ခက်နှင့်ကြည်လဲ့ တစ်စုံတစ်ရာ ပတ်သက်ဆက်နွယ်နေသလား။
- ကြည်လဲ့ ပျောက်နေခြင်းမှာ ခက်ခက်ကြောင့်များလား။

"ဟူး"

မေစံရှား သက်ပြင်းချလိုက်သည်။

လောလောဆယ်မှာ ထိုမေးခွန်းများကို ယုတ္တိကျကျ တိတိပပ ဖြေဆိုနိုင်ရန် သဲလွန်စအထောက်အထား တစ်ခုမျှ နိုင်နိုင်မာမာမရှိ။ သေချာမှုတစ်ခုကတော့ အဖြစ်အပျက်တွေက လိမ်ရှုပ်နေသည်



www.burmeseclassic.com

www.burmeseclassic.com



ဆိုခြင်းပင်။

အထူးသဖြင့် သံသယရှိမိသည်မှာမူ ကြည်လဲ့သည် ရိုးရိုးတန်းတန်း ပျောက်ဆုံးခြင်း ဟုတ်မှဟုတ်ပါ၏လော . . . ဟူသည့် အချက်ဖြစ်၏။

မေစံရှား ဆုံးဖြတ်ချက်တစ်ခု ချလိုက်သည်။

ထို့ကြောင့် ဖုန်းကိုဖွင့်ကာ နံပါတ်တစ်ခုကို နှိပ်သည်။ မမသိမ့်ဆီသို့ဖြစ်သည်။

တစ်ဖက်မှ ဖုန်းကိုင်သူမှာ မမသိမ့်။

"မမသိမ့်လား။ ကျွန်မ မေစံရှားပါ"

"မေစံရှား . . . ကြည်လဲ့သတင်း ထူးပြီလား"

"မမကြည်လဲ့ အခန်းမှာနေတဲ့ ခက်ခက်ဆိုတဲ့ အမျိုးသမီးက မမကြည်လဲ့ မန္တလေးသွားတယ်လို့ ပြောနေတယ်။ မန္တလေးမှာ မမကြည်လဲ့ရဲ့ ဆွေမျိုးသားချင်းတွေရှိလား"

"မရှိဘူး မေစံရှား"

"မိတ်ဆွေတွေကော"

"အဲဒါတော့ မပြောနိုင်ဘူး။ ရှိချင်ရှိမှာပေါ့။ သူက ကျောက်အရောင်းအဝယ်လေး ဘာလေး လုပ်တယ်လေ"

"ဒါပေမဲ့ ကျွန်မက မမကြည်လဲ့ မန္တလေးသွားတာ ဟုတ်မှဟုတ်ရဲ့လားလို့ သံသယရှိနေတယ်"

"ဘာကြောင့်လဲ"

"အကြောင်းတွေကတော့ အများကြီးပဲ။ အဲဒီထဲမှာ လိမ်နေတာတစ်ခုက မမကြည်လဲ့မပျောက်ခင် မမကြည်လဲ့ရဲ့မိတ်ဆွေ မှုံရွှေရည် အိမ်ထဲမှာ အသတ်ခံရပြီး မီးရှို့ခံရတယ်။ ပြီးတော့ မမကြည်လဲ့





ပျောက်နေတယ်။ အဲဒီအဖြစ်အပျက်နှစ်ခု မကွာဘူးဆိုတာ တွေ့ရတယ်"

"ကြည်လဲ့က မှုံရွှေရည်ကို သတ်ပြီး ထွက်ပြေးတယ်လို့ ဆိုချင်တာလား"

"အဲဒီလို မဟုတ်ပါဘူး။ ဒါပေမဲ့ မမကြည်လဲ့ပျောက်နေခြင်းဟာ သာမန်မဟုတ်နိုင်ဘူးလို့ ကျွန်မထင်နေတယ်။ ဒါကြောင့် ကျွန်မ စုံစမ်းကြည့်တာကို ရပ်ပြီး ရဲစခန်းကို တိုင်သင့်တယ်လို့ ကျွန်မယူဆတယ်"

တစ်ဖက်မှ အသံတိတ်သွား၏။ ဘာမျှပြန်မလာ။

"မမသိမ့် . . ."

အတန်ကြာမှ . . .

"နားထောင်နေပါတယ်"

"ရဲစခန်းတိုင်ဖို့ မမသိမ့် ဘယ်လိုသဘောရလဲ"

"အဲဒီလောက်ထိ မလိုဘူးထင်တယ်"

"မဟုတ်ဘူးလေ။ တစ်စုံတစ်ခု မမကြည်လဲ့မှာ အန္တရာယ်နဲ့ ရင်ဆိုင်နေရလားဆိုတာက အရေးကြီးနေတယ်။ ဒါကို ရဲကပဲ ဖြေရှင်းပေးနိုင်လိမ့်မယ်"

"မမသိမ့်ကတော့ မတိုင်ချင်ဘူး"

"ဘာကြောင့်လဲ . . ."

"ထားပါ။ ထားလိုက်ပါတော့။ မေစံရှားကို ဒုက္ခပေးမိသလိုဖြစ်နေပြီ။ အခုလို စုံစမ်းပေးတဲ့အတွက် ကျေးဇူးတင်ပါတယ်။ မမသိမ့် ကျေးဇူးဆပ်ပါ့မယ်။ ဒါပေမဲ့ ဆက်လည်း မစုံစမ်းပါနဲ့တော့။ ရဲလည်း မတိုင်ပါနဲ့"

"မမသိမ့် . . . မမသိမ့် . . ."



www.burmeseclassic.com

www.burmeseclassic.com



မမသိမ့်က ဖုန်းချသွားပေပြီ။

မေစံရှားရင်မှာ မတင်မကျ ဖြစ်သွား၏။ တွေးစရာက မမျှော်လင့်ဘဲ တိုးလာပြန်သည်။

– မမသိမ့်က ဘာကြောင့် ရဲကို မတိုင်စေချင်တာလဲ။

– မမသိမ့်နှင့် ကြည်လဲ့ပျောက်ဆုံးမှု ဆက်နွယ်နေသလား။

– မမသိမ့်က ကြည်လဲ့ပျောက်ဆုံးမှုအတွက် မေစံရှားနှင့် ရှိးသားစွာ လာရောက်တိုင်ပင်ခြင်းမှ ဟုတ်ရဲ့လား။

"မမရှား"

ခေါ်သံနှင့်အတူ ရုံးခန်းတွင်း ဝင်လာသူက မောင်ရှင်။

"ဟဲ့ … မောင်ရှင် ပေါ်တော်မူ။ ခုမှပဲ ပေါ်လာတော့တယ်"

မောင်ရှင်က မေစံရှားရှေ့ ထိုင်ခုံမှာ ဝင်ထိုင်ရင်း …

"ဆောရီးပဲ မမရှား။ ကျွန်တော် နယ်ထွက်သွားရလို့ပါ။ ဒါနဲ့ မမကြည်လဲ့ကို တွေ့ပြီလား"

သိချင်ဇောနှင့် အလောတကြီး မေးသည်။

"မင်း မမကြည်လဲ့ကိုရှာတာ လူမတွေ့ဘဲ ပြဿနာတွေပဲ တွေ့နေရတယ်"

မေစံရှားက စိတ်ပျက်ဟန် ခေါင်းကိုယမ်း၍ ပြောသောကြောင့် …

"ဘာပြဿနာတွေလဲ"

မေစံရှားက သူမ တွေ့ကြုံသိရှိခဲ့ရသမျှကို အစမှအဆုံး ပြန်ပြောပြလိုက်သည်။ မေစံရှားပြောသမျှကို ငြိမ်၍ မောင်ရှင် နားထောင်နေပြီးနောက် …

"မမကြည်လဲ့ တစ်ခုခုဖြစ်သွားပြီလား မသိဘူးနော်"





ဟု ရေရွတ်သည်။ သူ့မျက်နှာသည် စိုးရိမ်ကြောင့်ကြခြင်း အပူလှိုင်းတို့ကြောင့် ချက်ချင်းပင် အိုမင်းသွားသည်ဟု ထင်မှတ်ရ၏။

"အဲဒီလိုတော့ ဖြစ်ချင်မှ ဖြစ်မှာပါ"

မေစံရှားက မောင်ရှင် စိတ်သက်သာစေရန် ဖော့၍ ပြောရ၏။

"မနေ့က နယ်ကပြန်ရောက်ရောက်ချင်း ကျွန်တော် ကျောက်စိမ်းကွန်ဒိုဆီကို သွားခဲ့သေးတယ်။ ညဘက်ပေါ့။ အဲဒီမှာ ကွန်ဒိုထဲဝင်သွားတာ မမကြည်လဲ့လို့ထင်လို့ ကျွန်တော် ပျော်ပြီး ပြေးလိုက်သွားတာ။ မြေအောက် ကားပါကင်မှာ သူ့ကိုသွားပြီး မိတယ်။ မမကြည်လဲ့လို့ခေါ်ပြီး ပခုံးကိုဆွဲလှည့်တော့မှ မမကြည်လဲ့မဟုတ်မှန်း သိရတယ်။ နောက်ကကြည့်တော့ အလုံးအရပ်၊ ပုံသဏ္ဍာန်က မမကြည်လဲ့နဲ့ တစ်ပုံစံတည်းပဲလေ"

မောင်ရှင်က သူတွေ့ခဲ့ရသမျှကို ပြန်ပြောသည်။

"ဒါကတော့ မင်းစိတ်က စွဲထင်နေလို့ဖြစ်မှာပါ။ မင်း ဆွဲလှည့်တော့တွေ့ရတဲ့သူက ဘယ်လိုပုံစံလဲ"

"မျက်မှန်နဲ့။ မျက်နှာမှာလည်း ကန့်လန့်ဖြတ် ပလာတ်စတာကြီးကပ်လို့လေ။ မမကြည်လဲ့အခန်းမှာ တွေ့ခဲ့ဖူးတဲ့ အမျိုးသမီးပဲ မမရှား"

"အဲဒါ ခက်ခက်ပဲ"

"သူ့နာမည်က ခက်ခက်တဲ့လား"

"ဟုတ်တယ်။ မမရှား သူနဲ့တွေ့ပြီး စကားပြောတော့ မမကြည်လဲ့ မန္တလေးသွားတယ်လို့ ပြောတယ်"

"ဟင် … ကျွန်တော့်ကို ပြောတုန်းက ပဲခူးကို ပြန်သွားတယ်



www.burmeseclassic.com

www.burmeseclassic.com



လို့ ပြောတယ်''

သည်မှာ တွေးစရာ ဝင်လာပြန်၏။

- ခက်ခက်က မောင်ရှင့်ကို ကြည်လဲ့ ပဲခူးပြန်သည်ဟု ပြောသည်။
- မေစံရှားကိုကျတော့ မန္တလေးသွားသည်တဲ့။ ဘာကြောင့် ကွဲပြားသောအဖြေကို ပေးသနည်း။

''ဩော် . . . ဒီမှာ မင်းကို ပြစရာရှိတယ်၊ ဒီဓာတ်ပုံကို ကြည့်စမ်း''

မေစံရှားက ဆရာမဒေါ်ဦးထံမှ ရယူခဲ့သောဓာတ်ပုံကို ထုတ်၍ မောင်ရှင်ကို ပြသည်။

''ဟာ . . . မမကြည်လဲ့၊ မမကြည်လဲ့ဟာ သူပေါ့။ မမရှား ဒီဓာတ်ပုံ ဘယ်ကရလဲ''

အမှန်ပင် မောင်ရှင်ထောက်ပြသူသည် ဒေါ်ဦးပြခဲ့သည့် ကြည်လဲ့။

''မမကြည်လဲ့နဲ့ တစ်ခန်းကျော် အငြိမ်းစားဆရာမတစ်ဦးဆီက ရခဲ့တာ''

''ဘေးက ဘယ်သူလဲ''

''အဲဒါ စောစောက မမရှားပြောခဲ့တဲ့အထဲမှာ ပါတဲ့ အိမ်ထဲ ဝင်လာတဲ့လူဆိုးက သတ်ပြီး မီးရှို့သွားတာခံရတဲ့ မှုံရွှေရည်ပေါ့''

''မမကြည်လဲ့ရဲ့ မိတ်ဆွေဆိုတာလား''

''ဟုတ်တယ်။ ဒါကြောင့် ပြဿနာက နှစ်လိမ်သုံးလိမ် ဖြစ်နေတယ်လို့ ပြောတာ။ မမရှားကတော့ မမကြည်လဲ့ပျောက်နေတာကို ရဲကို တိုင်ချင်တယ်''





''ဒါတော့ မမရှား သဘောပဲလေ''

''အင်း . . . မင်းကတော့ မမသိမ့်နဲ့ မတူပါလား''

''မမသိမ့်ဆိုတာ ဘယ်သူလဲ''

''မမကြည်လဲ့ရဲ့ အစ်မဝမ်းကွဲ။ မင်းလိုပဲ ကြည်လဲ့ပျောက်နေတယ် ကူညီပြီး ရှာပေးပါလို့ မင်းလာပြောတဲ့နေ့မှာပဲ လာပြီး မေတ္တာရပ်ခံသွားတဲ့သူ။ ဒါပေမဲ့ စောစောကတင် မမရှားကဖုန်းဆက်-အကျိုးအကြောင်းပြောပြီး ရဲတိုင်သင့်တယ်ပြောတာ သူက မတိုင်ပါနဲ့ဆိုပြီး ဖုန်းချသွားတယ်''

''ဟင် . . . အဲဒါ သူက ဘာကြောင့် မတိုင်ချင်ရတာလဲ''

''အဲဒါပြောတာပေါ့။ မမသိမ့်ကိုပါထည့်ပြီး စဉ်းစားရမယ့် အနေအထား ရှိနေတယ်''

''တိုင်ပါ။ ရဲတိုင်တာ အကောင်းဆုံးပါပဲ။ ကျွန်တော်တို့ ရှာတာလည်း ရှာတာပေါ့''

''မမရှားတစ်ယောက်တည်းကိုချည်း မျက်နှာလွှဲခဲပစ် လုပ်မထားနဲ့ကိုယ်တော်။ မင်းပါ ပါဝင်မှ ဖြစ်လိမ့်မယ်၊ ကိုယ်ယောင်ဖျောက်ဖျောက် မသွားနဲ့ဦး''

မောင်ရှင်က တောင်းပန်ပြုံး ပြုံးသည်။

''တောင်းပန်ပါတယ်။ နောက် မပျောက်စေရပါဘူး။ အမြဲပဲ မမရှားဆီကို ဆက်သွယ်ပါ့မယ်။ ဒါပေမဲ့ ကျွန်တော်က မမရှားသိတဲ့အတိုင်း လူဆိုးမဟုတ်ပေမဲ့ ရဲကို မျက်နှာချင်းမဆိုင်ရဲတဲ့သူ။ ဒါနဲ့ အစ်ကိုနေသော်ကော မလာဘူးလား''

''မင်းအစ်ကိုက ရုပ်ရှင်ကားရိုက်တဲ့နောက် ပါသွားတယ်။ ဒါကြောင့် ခုတစ်လော မမရှားတစ်ယောက်တည်း ခေါင်းစားနေရတာ''



www.burmeseclassic.com

www.burmeseclassic.com



"ဒီဓာတ်ပုံ ကျွန်တော်လိုချင်တယ်"

"မင်းကိုပေးလိုက်လို့တော့ မရဘူး။ လိုချင်ရင် ဆိုင်မှာသွားကူးပြီးယူ။ မမရှားကို ဒီပုံပြန်ပေး"

"အိုကေ . . . မမရှား။ ခုပဲ သွားကူးလိုက်မယ်"

မောင်ရှင် ပြောပြောဆိုဆို ထိုင်ရာမှ ထသောကြောင့် မေစံရှားက ပြုံးမိ၏။

"အရှုံးလေး"

"ဟုတ်ပါတယ်။ မမရှားပြောသလိုပါပဲ။ ကျွန်တော် ရှုံးနေတယ်။ အရှုံးလေးကို စာနာပါ။ ဟား . . . ဟား . . . ဟား"

မောင်ရှင်က သူ့စကားသူ သဘောကျကာ တဟားဟားရယ်ရင်း အခန်းတွင်းမှ ထွက်သွားသည်။ မေစံရှား ခေါင်းတညိတ်ညိတ် ကျန်ရစ်ခဲ့ရ၏။

အချစ်ဆိုသည်မှာ ဤသို့ပဲလား။

■ ■ ■

| ၈ |

❑

တာဝန်မှူးကျနေသူမှာ ဒုရဲအုပ်ဖြိုးကြီးဖြစ်ပြီး မေစံရှားနှင့် ရင်းနှီးခဲ့သူဖြစ်၏။ အမှုတစ်ခု၌ သူနှင့်လက်တွဲ၍ အလုပ်လုပ်ခဲ့ရဖူးသည်။

"ဒေါ်မေစံရှားပါလား။ လာဗျို့ . . . လာ။ ဆရာဝေယံတောင် ဒေါ်မေစံရှားကိုသတိရလို့ မနက်က ပြောနေသေးတယ်"

ကျည်ပါရစေဟူသော ဆိုင်းဘုတ်ကလေး၏အောက်မှ ချိုပြုံးသောမျက်နှာဖြင့် ဒုရဲအုပ်ဖြိုးကြီးက စတင်နှုတ်ဆက်သည်။ မေစံရှားက အပြုံးဖြင့် တုံ့ပြန်ရင်း . . .

"ကိုဖြိုးက ဒီနေ့ တာဝန်မှူးလား"

ဟု မေးလိုက်သည်။

"ဟုတ်တယ်။ ထိုင် . . . မေစံရှား"

"ကိုဖြိုးရဲ့ ဆရာရော"



www.burmeseclassic.com

www.burmeseclassic.com



''ဆရာ မြို့နယ်မှူးခေါ်လို့ သွားပါတယ်။ ကဲ ... ပြော ... ကျွန်တော် ဘာကူညီရမလဲ''

''လူပျောက်တိုင်ချင်လို့ပါ''

''ဘယ်သူလဲ။ ဒေါ်မေစံရှားရဲ့ ဆွေမျိုးလား''

''ဆိုပါတော့''

မောင်ရှင်က ကြည်လဲ့၏ပုံကို ယူသွားပြီး ဓာတ်ပုံကူးရာတွင် တစ်ပုံသာမဟုတ် ငါးပုံကူးလာသဖြင့် မေစံရှားကို သုံးပုံပေးသွားနိုင် ပေရာ တစ်ပုံကို ဒုရဲအုပ်ဖြိုးကြီးအား ပေးလိုက်နိုင်သည်။

''အဲဒီထဲက အမျိုးသမီးပဲ။ နာမည်က ကြည်လဲ့တဲ့။ ကျောက် စိမ်းကွန်ဒိုမှာ နေတယ်''

''ပျောက်နေတာ ဘယ်လောက်ကြာပြီလဲ''

''နှစ်လကျော်ပြီ''

''ဟင် ... ခုမှ လာတိုင်ရသလား ဒေါ်မေစံရှားရယ်''

''ကျွန်မသိတာက မကြာသေးဘူး။ စုံစမ်းကြည့်တော့မှ ရိုးရိုး ပျောက်တာမှ ဟုတ်ရဲ့လားလို့ သံသယရှိလာပြီး လာတိုင်တာ''

မေစံရှားက ကြည်လဲ့နှင့် ပတ်သက်သမျှကို ဒုရဲအုပ်ဖြိုးကြီး အား သိသင့်သိထိုက်သမျှကိုလည်း ပြောပြလိုက်သည်။ ဒုရဲအုပ်ဖြိုးကြီး က မှတ်သားသင့်သမျှ မှတ်သားပြီး မေးခွန်းများပြန်မေးသည်။ မေးခွန်း များကို မေစံရှားက စိတ်ရှည်လက်ရှည် ဖြေရသည်။ [မောင်ရှင့်အကြောင်း ကိုတော့ ချန်ထားသည်။]

''ဒေါ်မေစံရှားအမြင် ပြောပါဦး''

''ခု ဒီဓာတ်ပုံထဲမှာပါတဲ့ မှုံရွှေရည်ဆိုတဲ့ အမျိုးသမီးက ကျွန် ခဲ့တဲ့နှစ်လကျော်က အသတ်ခံလိုက်ရတယ်လေ။ သူက ကျောက်စိမ်း





ကွန်ဒိုရှေ့မှာနေတာ''

''ဟုတ်တယ်။ ဖောက်ထွင်းသမားက အိမ်ထဲဝင်လာပြီး အဲဒီ အမျိုးသမီးကို သတ်သွားပုံပဲ။ အိမ်ကိုပါ မီးရှို့သွားတယ်လေ။ အဲဒါ ကျွန်တော်တို့ လိုက်နေတယ်။ အမှုစစ်က ဆရာဝေယံပဲ''

''ဖောက်ထွင်းသမားကို မမိသေးဘူးပေါ့ ဟုတ်လား''

''ဟုတ်တယ်''

''အဲဒီကိစ္စနဲ့ အခုပျောက်နေတဲ့ ကြည်လဲ့နဲ့ ဆက်နွယ်မှုများ ရှိနေတယ်လို့ ကိုဖြိုးတို့ထင်လား''

''ကောက်ချက်တော့ မဆွဲဘူး။ ဒါပေမဲ့ အဲဒီတုန်းက ကျွန် တော်တို့က မှုံရွှေရည်နဲ့ပတ်သက်ပြီး စစ်ဆေးဖို့ စုံစမ်းရာမှာ သူ့သူငယ် ချင်းဖြစ်တဲ့ ကြည်လဲ့ကိုပါ ရဲစခန်းကို ခေါ်ယူခဲ့တယ်။ ဒါပေမဲ့ ကြည်လဲ့ ရောက်မလာဘူး''

''အဲဒီကတည်းက ကြည်လဲ့ပျောက်သွားတာပဲ ကိုဖြိုး''

''ဒီအတွက် ကျွန်တော်တို့က ကြည်လဲ့ကိုပါ စဉ်းစားရမယ့် အချက်ထဲမှာ ထည့်ထားခဲ့တယ်''

''ဒီလိုဆိုရင်တော့ မှုံရွှေရည်ကိစ္စကို စုံစမ်းရင်း ကြည်လဲ့ကိစ္စ ကိုပါတွဲပြီး စုံစမ်းပေးပါ''

''စိတ်ချပါ။ ဒေါ်မေစံရှားအနေနဲ့လည်း ဆွေမျိုးတစ်ယောက် အနေနဲ့ စုံစမ်းပြီး သိရှိသမျှကို ကျွန်တော်တို့ကို ဆက်သွယ်သတင်းပို့ စေချင်ပါတယ်။ တတ်နိုင်သမျှ ကူညီဦးပေါ့ဗျာ''

''ဟုတ်ကဲ့ပါ။ ကျွန်မ ကိုဝေယံနဲ့လည်း တွေ့ချင်ပါသေးတယ်''

''ကျွန်တော် ပြောပြလိုက်ပါ့မယ်''

www.burmeseclassic.com

www.burmeseclassic.com

[ ၄ ]

❑

“ဟဲလို …အမိန့်ရှိပါရှင်”

“မေစံရှားလား။ အန်တီ ဒေါ်ဦးပါ”

“ဪ …အန်တီ ပြော။ စောစောစီးစီး ဘာများထူးသလဲ”

“ထူးတာမှ …အင်း …အန်တီ့အိမ် ညက သူခိုးပြောမလား၊ ဖောက်ထွင်းရေးသမားပြောမလား ဝင်မွှေသွားတယ်”

“ဟင် …ဒုက္ခပဲ။ ဘာတွေပါသွားလဲ အန်တီ”

“ရွှေ ငွေ ပစ္စည်း ဘာမှုပါမသွားဘူး။ အဲဒါလည်း ထူးနေတယ်”

“ဟုတ်လား။ အန်တီ့အိမ်သားတွေ ညက မရှိဘူးလား”





“ဆိုပါတော့ကွယ်။ မနေ့ညနေက အိမ်သားတွေအားလုံး မော်ဘီကို သွားကြတယ်။ မော်ဘီက အန်တီ့ရဲ့ ခမည်းခမက် နေမကောင်းလို့လေ။ အဲဒါ အန်တီတစ်ယောက်တည်း”

“အန်တီ့ကို ရန်မူမသွားတာ ကံကောင်းတာပေါ့။ ဒါ ရဲစခန်းကို တိုင်ရမယ်လေ။ ကျွန်မ ရဲစခန်းကိုတိုင်ပြီး အခုလာခဲ့ပါ့မယ်”

“ရဲစခန်းကိုတော့ ဦးကျော်စွာတို့ တိုင်လိုက်ပြီ။ မေစံရှားပဲ အားရင် လာခဲ့ပါဦး”

“ဟုတ်ကဲ့ …လာပါ့မယ် အန်တီ။ စိတ်ချပါ”

မေစံရှား ကပျာကယာ အပြင်ထွက်ဖို့ ပြင်ဆင်ရပါ၏။ ဒေါ်လေးကြင်ကြင်က …

“သမီး ရုံးသွားတာ စောလှချည်လား။ မောင်သော်နဲ့ ချိန်းထားလို့လား”

ဟု မေးသဖြင့် …

“ကိစ္စတစ်ခု ပေါ်လာလို့ပါ”

ဟု ဖြေခဲ့ရသည်။

ကွန်ဒိုရှိ ဒေါ်ဦးအခန်းသို့ ရောက်သွားသောအခါ ရဲများပင် ပြန်သွားပြီဖြစ်ကြောင်း တွေ့ရ၏။

“ရဲအရာရှိတွေကတော့ သေသေချာချာ ဓာတ်ပုံတွေရိုက်ပြီး မှတ်တမ်းတင်သွားတာပဲ။ မေးခွန်းတွေလည်း မေးလိုက်တာ စုံနေတာပဲ”

ဒေါ်ဦးက ဆီးကြို၍ ပြောသည်။

ဦးကျော်စွာ၏မှာ မသိတာကိုပါ တွေ့ရ၏။

“ဒေါ်မေစံရှားက အန်တို့မိတ်ဆွေလား”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့"

"အန်တီလည်း တော်တော်လန့်သွားပုံပေါ်တယ်။ ဖောက်ထွင်းရေးသမားဆိုတော့ ဟို မှုခင်းရှေ့ရေးတွေတုန်းကလို လူကို အန္တရာယ်ပေးမသွားတာ တော်သေးတယ်"

ဟု မသီတာက ပြောသည်။

အမှန်ပင်။

ဒေါ်ဦး မျက်နှာပျက်၍နေသည်။

"ဘယ်ကနေ ဖောက်ထွင်းပြီး ဝင်လာတာလဲ"

"ပြတင်းတို့၊ တံခါးတို့ကနေ ချိုးဖျက်ပြီး ဝင်လာတဲ့လက္ခဏာ မရှိဘူး တူမရဲ့။ ဘာမှ မပျက်မစီးဘူး"

ဒေါ်ဦးအသံတွေ ယခုထိ တုန်ချင်နေသေးသည်။

"ဒါဆိုရင်တော့ တံခါးကို သော့နဲ့ဖွင့်ဝင်ပုံပဲ"

"ဟုတ်တယ် တူမ။ ရဲတွေက ဒီလိုပဲ ယူဆတယ်"

"အန်တီ့အိမ်သော့ တခြား ဘယ်သူ့ဆီမှာ ရှိသေးလဲ"

"သားနဲ့ ချွေးမဆီမှာပဲရှိတာ။ သူတို့ကလည်း မော်ဘီသွားတော့ သော့ယူသွားကြတယ်လေ"

"တခြား ဘယ်သူ့ကိုများ သော့ ပေးဖူးသေးလဲ"

"မပေးဖူးပါဘူး"

ဒေါ်ဦး တွေ၍စဉ်းစား နေစဉ် မသီတာကဝင်၍ ...

"မနှစ်က အန်တီတို့ ဘုရားဖူး တစ်အိမ်လုံးသွားကြစဉ်တုန်းက မိတ္တာသမားတို့ ဘာတို့လာရင် ဝင်လို့ရအောင်ဆိုပြီး ရင်းနှီးတဲ့သူကို အိမ်သော့ မအပ်ခဲ့ဘူးလား"

ဟု မေးထောက်သည်။





"အဲ ... အဲဒီတုန်းကတော့ အိမ်သော့ အပ်ထားဖူးတယ်။ ကြည်လဲ့ ... ကြည်လဲ့ကိုလေ"

"ကြည်လဲ့ကို ..."

"ဟုတ်တယ် တူမ။ အန်တီတို့နဲ့ ခင်မင်ရင်းနှီးပြီး စိတ်ချရတာ ကြည်လဲ့ပဲရှိတယ်လေ။ ဒါကြောင့် သူ့ကိုအပ်ခဲ့တာ။ တကယ်လည်း စိတ်ချရတယ်။ အန်တီတို့ပြန်လာတော့ အပ်တိုတစ်ချောင်းတောင် မပျောက်ဘူး။ အားလုံး နေရာတကျပဲ။ ဘာမှ ထိကိုင်ထားတာတောင် မရှိဘူး။ ကြည်လဲ့က စည်းကမ်းအဲဒီလောက်ရှိတာ"

စဉ်းစားရ ကျပ်သွားသည်။

ဖောက်ထွင်းရေးသမား သော့ ဘယ်ကရသနည်း။

သော့ဝိဇ္ဇာနှင့် ဖွင့်ခဲ့လေသလား။

ဒါရင့် ဖောက်ထွင်းရေးသမားပဲလား။

သူ ဘယ်သူလဲ။

"အန်တီ ဘာမှပျောက်ရတာ မရှိဘူးနော်"

"မရှိပါဘူး။ ဒါပေမဲ့ အခု တူမမြင်တဲ့အတိုင်း တစ်ခန်းလုံး မွှေစာကြပြီး ကျန်ခဲ့တယ်"

မှန်ပါသည်။ ရဲများကို အရှိအတိုင်းပြသဖို့ မရှင်းမလင်းဘဲ ထားခဲ့ရသေးသည်မို့ အားလုံးကို ဖောက်ထွင်းရေးသမား လုပ်ခဲ့သည့်အတိုင်း တွေ့နေရ၏။

အံဆွဲများ ပွင့်နေသည်။ စာအုပ်များ၊ စာရွက်စာတမ်းများ ကြမ်းပြင်တွင် ဖရိုဖရဲရှိနေသည်။ စီဒီချပ်များလည်း ဟိုတစ်ချပ်၊ ဒီတစ်ချပ်။ စာအုပ်စင်များ မှောက်ထား၍ ရှုပ်ပွကျန်ခဲ့သည်။ ဆိုဖာ ဆက်တီများပင် နေရာအမျိုးမျိုး၌ ပုံစံအမျိုးမျိုး ဖြစ်ကျန်ခဲ့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမပျောက်တာ သေချာတယ်နော်"

မေစံရှားက သေချာအောင် အတည်ပြု၏။

"သေချာပါတယ် တူမ။ ရဲတွေက အဲဒါကို အံ့သြနေကြတာပဲ။ အိမ်ထဲဝင်ပြီးမှ တန်ဖိုးရှိတာ ဘာမှယူမသွားဘူးလေ။ ဖွင့်တောင် ဖွင့်မသွားဘူး"

"ဒါဆိုရင်တော့ ပစ္စည်းဥစ္စာလိုချင်လို့ ဖောက်ထွင်းဝင်ရောက်တာမဟုတ်ဘဲ တခြား လိုချင်တဲ့အရာ တစ်ခုခုရှိလို့ပဲအန်တီ။ ကြည့်ရတာ စာရွက်စာတမ်းတစ်ခုခု၊ ဓာတ်ပုံတစ်ခုခု၊ စီဒီတစ်ခုခု စသဖြင့် လိုချင်တာရှိပုံရတယ်"

မေစံရှားက တွေးတွေးဆဆပြော၏။

"အဲဒါဆိုရင်တော့ ဘာပါသွားလဲ မသိနိုင်ဘူး။ စာရွက်စာတမ်းတွေ၊ စီဒီတွေ ဘာမှ စစ်မကြည့်ရသေးဘူး။ တူမပြောသလိုဆိုရင် သားကြီးရဲ့အလုပ်က စာရွက်စာတမ်း၊ မှတ်တမ်းတွေများ ပျောက်မလား မသိဘူး။ အဲဒါက သားကြီးပြန်လာမှ သိရမှာ"

သိတာက . . .

"အန်တီ ဘာမှ အန္တရာယ်မရှိခဲ့တာ၊ ဝမ်းသာစရာပါပဲ"

ဟု ထပ်မံပြောသည်။

"ဘယ်အချိန်လောက်ကလို့ အန်တီထင်လဲ"

"ညဉ့် နှစ်နာရီလောက်ကပါ။ အသံဗလံတချို့ကြောင့် အန်တီနိုးလာပြီး ထွက်လာတော့ တွေ့လိုက်တာ။ သူက မှောင်နောက်ပြီးသွားသို့ ရှေ့တံခါးက ပြန်ထွက်သွားတာ တွေ့လိုက်ရတယ်"

"ဟင် . . . အန်တီ တွေ့လိုက်ရတယ် ဟုတ်လား"

"ဟုတ်တယ် တူမ။ နောက်ကျောက တွေ့လိုက်တာ"





"ဘယ်လိုပုံပန်းလဲ"

"အင်္ကျီက ဂျာကင်လို့ ထင်တယ်။ အနက်ပဲ။ ဘောင်းဘီနဲ့။ အပေါ်က ဦးထုပ်ဆောင်းထားတယ်။ လျှာဦးထုပ်။ အရပ်အမောင်း သင့်သင့်ပဲ။ လမ်းလျှောက်နေဟန် ကြည့်လိုက်မတော့ ယောက်ျားမဟုတ်ဘဲ မိန်းမဖြစ်ရင် ဖြစ်နိုင်တယ်"

"မျက်နှာကို မမြင်လိုက်ရဘူးလား"

"မမြင်ရဘူး။ ကိုယ်နေဟန်ထားတောင် အပြင်ဝရန်တာက မီးရောင်ကြောင့် မြင်ရတာ။ ယောက်ျားမဖြစ်နိုင်ဘူး။ မိန်းမလို့ အန်တီထင်တယ်"

"ကြည်လဲ့ ဖြစ်နိုင်လား"

ရုတ်တရက် ကောက်ကာငင်ကာ မေးလိုက်သော မေစံရှားစကားကြောင့် ဒေါ်ဦးရော၊ မသီတာပါ မေစံရှားကို ဖျတ်ခနဲကြည့်လိုက်ကြ၏။ ဒေါ်ဦးက ခေါင်းခါသည်။

"မဖြစ်နိုင်ဘူး ထင်တယ်"

"ကြည်လဲ့အစ်မ မမသိမ့်ကိုရော အန်တီမြင်ဖူးလား။ သူဖြစ်နိုင်လား။ ဒါမှမဟုတ် အခု ကြည်လဲ့အခန်းမှာရောက်နေတဲ့ ခက်ခက်"

ဒေါ်ဦးက ခေါင်းခါသည်။

"မဖြစ်နိုင်ပါဘူးကွယ်။ ဥစ္စာပျောက် ငရဲရောက်။ ဟိုလူ့ထင်၊ ဒီလူ့ထင် မထင်ကောင်းပါဘူး။ သူတို့က ရိုးရိုးသားသား သမားတွေပါ"

"အဖြေရှာကြည့်လို့ ရအောင်ပါ အန်တီ"

"မှောင်ထဲလည်းဖြစ်၊ နောက်ကနေ မြင်ရတာလည်းဖြစ်။ ပြီးတော့ ဖျတ်ခနဲ မြင်လိုက်ရတာလည်း ဖြစ်တယ်လေ။ ဘာမျှမှ သေချာ



www.burmeseclassic.com

www.burmeseclassic.com



မပြောနိုင်တာ''

''ကဲ . . . ထားပါတော့။ ကျွန်မတို့ အခန်းကို ရှင်းလိုက်ရအောင်။ ဘာမှ ထူးထူးခြားခြား ပျောက်မပျောက်ဆိုတာကတော့ အားလုံးရှင်းပြီးမှ တိတိကျကျ သိနိုင်မှာပဲ။ ရွှေငွေမပျောက်ပေမဲ့ ဖောက်ထွင်းရေးသမားလိုချင်တာ ရချင်ရသွားမှာ''

''သူ ဘာမှ ရမသွားဘူးထင်တယ် တူမ။ ဘာဖြစ်လို့လဲဆိုတော့ သူမွှေသွားပုံက စိတ်ပေါက်ပေါက်နဲ့ ဒေါသတကြီး လုပ်သွားပုံပဲ။ လိုချင်တာမရလို့ မကျေနပ်ဖြစ်သွားပုံပဲ''

သို့ဖြစ်လျှင် ဖောက်ထွင်းရေးသမားက ဘာလိုချင်တာလဲ။

မိန်းမဖြစ်နိုင်သည် ဆိုခြင်းအတွက် ဘယ်သူဖြစ်မလဲ။

မသီတာရော၊ မေစံရှားပါ ဒေါ်ဦး၏ အခန်းတစ်ခုလုံးအား ဝိုင်းဝန်းသိမ်းဆည်း ရှင်းလင်းပြီး စနစ်တကျ ပြန်လည်ထားသိုပေးကြ၏။ အလုပ်လုပ်နေရင်း မေစံရှားခေါင်းထဲမှာမူ အတွေးများဖြင့်။

''လက်ဖွဲ့တွေ ဘာတွေများ ရဲက ရသွားလား။ ဘာပြောသံကြားလဲ အန်တီ''

''ဘာလက်ဗွေရာမှ မရဘူး ပြောတယ်။ ဖောက်ထွင်းရေးသမားက လက်အိတ်အသုံးပြုသွားပုံ ရတယ်တဲ့''

ဤအတိုင်းဆိုလျှင် ဝါရင့်ဖောက်ထွင်းရေးသမားပဲဟု မေစံရှားတွေးမိ၏။

''တခြားလည်း ဘာထူးထူးခြားခြားသဲလွန်စမှ ရဲတွေ ရမသွားဘူး မေစံရှားရဲ့''

မသီတာကပါ စာအုပ်များပြန်စီရင်း ဝင်ပြော၏။

အယ်လ်ဘမ်များအားလုံး ပွင့်လျက်သား ပြန့်ကျဲနေသည်ကို





မေစံရှားက ပြန်၍စီထပ်ရင်း . . .

ဆက်တီစားပွဲအောက်မှ အခင်းတွင်ကပ်နေသော ဝါးပြီးသား ပီကေလေးကို သတိပြုမိလိုက်၏။

''အန်တီ . . . အန်တီက ပီကေဝါးတတ်လား''

''ဟင့်အင်း''

''အန်တို့ အိမ်သူအိမ်သားတွေရော''

''ဘယ်သူမှ ပီကေမစားဘူး တူမရဲ့။ ပီကေစားတဲ့အရွယ်ကလေးလည်း မရှိဘူး။ ဘာဖြစ်လို့လဲ''

''ဘာမှ မဖြစ်ပါဘူး။ မေးကြည့်တာပါ''

မေစံရှားက အဖြေမပေးတော့ဘဲ စကားဖြတ်ကာ စားပွဲခင်းကျွန်းသားတွင်ကပ်နေသော ပီကေကို ဖြုတ်ယူ၍ စာရွက်တစ်ရွက်နှင့်ထုပ်ကာ ဆလင်းဘက်တွင် ထည့်လိုက်သည်။

ဒါလည်း ဖောက်ထွင်းရေးသမား၏ ပစ္စည်းဖြစ်နိုင်၏။

ဖောက်ထွင်းရေးသမားကို ဖော်ထုတ်နိုင်ဖို့ရာ တစ်ခုတည်းသော သဲလွန်စ။

ပီကေ။

www.burmeseclassic.com

www.burmeseclassic.com

## | ၁၀ |

❑

"ဒေါ်မေစံရှား လာဗျို့ ...လာ။ ဒေါ်မေစံရှားကတော့ဗျာ ဘယ်သွားသွား ကိုယ်ရံတော်တပ်မှူးကလေးတော့ ပါနေတာပဲ"

ရဲစခန်းတွင် ဝင်လိုက်လျှင် ရဲအုပ်ဝေယံက ပြုံးရွှင်စွာ ဆီးကြို နှုတ်ခွန်းဆက်သည်။ ချစ်ခင်ရင်းနှီးစွာ နောက်ပြောင်ကျီစယ်ခြင်း ဖြစ်၏။

မေစံရှားက ပြုံးရုံပြုံးနေခိုက် ...

"ဒါပေါ့ ...ကိုဝေယံ။ မေစံရှားဆိုတာက မင်းသမီးမဟုတ်၊ မော်ဒယ်မဟုတ်ပေမဲ့ စိတ်ဝင်စားတဲ့သူတွေက များတယ်ဗျ။ ဒီတော့ မေစံရှားမှာ ပိုင်ရှင်ရှိကြောင်း တံဆိပ်လိုက်ကပ်နေရတာ"





ကိုနေသော်က ပြန်နောက်သည်။

"ကိုကိုကလေ ကြော်ငြာအရမ်းဝင်တာပဲ"

မေစံရှား ရုက်မျက်နှာ ပန်းနုသွေးကို ငုံကြည့်လျက် ...

"ဘာလဲ ရှားက တံဆိပ်ကပ် မခံချင်ဘူးလား။ မင်းသမီးငယ်လေးတွေ အင်တာဗျူးရင်ဖြေသလို အချစ်ရေး မစဉ်းစားသေးပါဘူး ပြောချင်လို့လား"

ကိုနေသော်က ပြန်ချေသည်။

ရဲအုပ်ဝေယံက သူတို့နှစ်ဦးကို အပြုံးချိုချိုဖြင့် ကြည့်၍ ...

"အားကျတယ်ဗျာ"

ဟု ဆိုလေသည်။

"အဲဒါထားပါ ကိုဝေယံရယ်၊ အခုလာတာက အချစ်ကိစ္စ ဆွေးနွေးဖို့မဟုတ်ပါဘူး။ ဟိုတစ်နေ့က ကျောက်စိမ်းကွန်ဒိုက ဖောက်ထွင်းခံရတဲ့ကိစ္စ ဘာထူးခြားလဲ။ တရားခံမိပြီလား သိချင်လို့"

မေစံရှားက အချစ်ကိစ္စပြောသည်ကို ရှက်သဖြင့် လိုရင်းဘက်သို့ စကားလမ်းကြောင်း လွှဲယူသည်။

"မမိသေးဘူး ဒေါ်မေစံရှားရဲ့၊ လိုက်နေတုန်းပဲ။ အရင်က လက်စွမ်းလက်စရှိခဲ့ဖူးပြီး ရဲမှတ်တမ်းဝင်သူတွေရဲ့ အနေအထားနဲ့ ပြန်လိုက်ပြီး ယှဉ်ကြည့်လိုက်တော့ ထူးခြားမှုမရဘူး။ ဖြစ်နိုင်တာက ဒီဖောက်ထွင်းရေးသမားဟာ ရဲမှတ်တမ်းမဝင်သေးတဲ့သူပဲ။ ဒါပေမဲ့ လက်စလက်နကတော့ မသေးဘူး"

"မှန်ပါတယ် ကိုဝေယံ။ ကျွန်မလည်း ဒီလိုပဲထင်ပါတယ်။ ပြီးတော့ ထူးဆန်းတာက အိမ်ကိုဖောက်ထွင်းဝင်ပြီးမှ မီးခံသေတ္တာကို မတို့မထိ ရွှေငွေကိုယူမသွားဘဲ ညှော်ခန်းထဲမှာ မွှေနှောက်သွားတယ်ဆိုတာ



www.burmeseclassic.com

www.burmeseclassic.com

က စဉ်းစားရမယ့်အချက်ပဲ''

''အဲဒါ ကျွန်တော်တို့လည်း ထူးခြားမှုလို့ သုံးသပ်တယ်။ ဒေါ်ဦးရဲ့သားက ကုမ္ပဏီတစ်ခုမှာ အရေးပါတဲ့ပုဂ္ဂိုလ်ဆိုတော့ သူ့ဆီက အရေးကြီးတဲ့ မှတ်တမ်းမှတ်ရာတွေ လိုချင်ပုံရတယ်လို့ ယူဆတယ်။ အဲဒီဘက်ကိုပါ ဖြိုးကြီးကို လေ့လာခိုင်းထားတယ်''

မေစံရှားက သူမ၏ဆလင်းဘက်ကို ဖွင့်ကာ အထဲမှ စက္ကူထုပ်ကလေးကို ရဲအုပ်ဝေယံရှေ့သို့ ချပေးသည်။

''ဘာလဲ ဒေါ်မေစံရှား''

''ဟိုနေ့က ကိုဝေယံတို့စစ်ဆေးပြီး ပြန်သွားချိန် ကျွန်မ ဒေါ်ဦးအခန်းကိုရောက်သွားတော့ ရှုပ်ပွနေတဲ့အခန်းကို ဝိုင်းရှင်းပေးရင်း ဆက်တီစားပွဲရဲ့ အောက်ဘက်မှာကပ်ထားတာတွေ့လို့ ယူလာတာပါ။ ပီကေလေးပါ''

ရဲအုပ်ဝေယံက စက္ကူကို ဖြေကြည့်ပြီး ...

''ဒေါ်မေစံရှားကတော့ မျက်စိလျင်တယ်ဗျာ။ ကျေးဇူးပဲ။ ဒါက ဖောက်ထွင်းရေးသမားရှာရာမှာ အထောက်အကူပြုနိုင်တယ်။ ဒါပေမဲ့ အိမ်သားတွေကရော ပီကေမဝါးတတ်ဘူးတဲ့လား''

မေးခွန်းတစ်ခု ပြန်ထုတ်သည်။

''ကျွန်မ မေးကြည့်ပြီးပါပြီ။ သူတို့မိသားစုမှာ ပီကေဝါးတဲ့သူ မရှိဘူး။ ကလေးတွေ၊ လူငယ်တွေလည်း မရှိဘူး''

''ဒါနဲ့ ဟိုတစ်လောက လာသွားတယ်ဆို။ ဖြိုးကြီးပြောတာ''

''ဟုတ်တယ် ကိုဝေယံ။ အဲဒါက အဲဒီကျောက်စိမ်းကွန်ဒိုကပဲ ပျောက်နေတဲ့ မိတ်ဆွေတစ်ဦးကို ရှာပေးဖို့ လူပျောက်လာတိုင်တာ''

''ဖြိုးကြီး ပြောပြတယ်။ ကြည်လဲ့ဆိုတဲ့ အမျိုးသမီးမဟုတ်





လား။ ကြည်လဲ့က အဲဒီနားကအိမ်တစ်အိမ် ဖောက်ထွင်းခံရပြီး အမျိုးသမီးတစ်ဦး အသတ်ခံရတဲ့အချိန်က သူ့ကို စစ်ဆေးဖို့ ကြိုးစားရာမှာ တွေ့ရဘဲ ပျောက်သွားတာ။ တကယ်ဆိုရင် အဲဒီသေဆုံးသူ မှုံရွှေရည်ရဲ့ မိတ်ဆွေလို့သိရတဲ့ ကြည်လဲ့ကို ကျွန်တော်တို့ မသင်္ကာတောင်ဖြစ်နေတာ''

ကိုနေသော်က ဝင်၍ ...

''ဖြစ်နိုင်ပါ့မလား။ ကြည်လဲ့က မိန်းကလေး။ ဖောက်ထွင်းပြီး လူသတ်ရဲတဲ့သူ မဖြစ်နိုင်ဘူးထင်တယ်''

သူ၏အထင်ကို ပြောသည်။

''လျှော့မတွက်နဲ့ ကိုနေသော်။ ခုခေတ်မှာ ဒေါ်မေစံရှားလို တရားဥပဒေနဲ့ အမှန်တရားဘက်က ထူးချွန်တဲ့ အမျိုးသမီးတွေပေါ်လာသလို ဥပဒေနောက်ကွယ် အမှောင်ထဲမှာလည်း အမျိုးသမီးတွေ ထွန်းပေါ်လာတယ်ဗျ''

''ဒါဆို ဖောက်ထွင်းရေးသမားဟာ အမျိုးသမီးဖြစ်နိုင်တယ်လို့ ကိုဝေယံ ယူဆလား''

''ဒါက ယေဘုယျသဘော ပြောတာပါ။ လိုက်တုန်းပါပဲ''

''မှုံရွှေရည် အသတ်ခံရတုန်းက ဖောက်ထွင်းရေးသမားနဲ့ အခု ဒေါ်ဦးအိမ် ဖောက်ထွင်းတဲ့သူဟာ တစ်ယောက်တည်း ဖြစ်နိုင်မလား''

''ပြောလို့မရဘူး။ မှုံရွှေရည်တုန်းက သူ့ခင်ပွန်းရဲ့ ပြောပြချက်အရဆိုရင် တံခါးခေါက်ပြီး ဝင်လာတဲ့သူပဲ။ ဒီတော့ လူရင်းထဲက ဖြစ်ဖို့ရှိတယ်''

''အဲဒီအကြောင်းလေးများ သိခွင့်ရှိရင် ကျွန်မ သိချင်ပါတယ်။ ကြည်လဲ့ပျောက်နေတဲ့ ကိစ္စဟာ အဲဒါတွေနဲ့များ ဆက်နွယ်နေလားလို့



www.burmeseclassic.com

www.burmeseclassic.com

ကျွန်မ တွေးမိလို့ပါ''

''ရပါတယ်။ ဒီလိုပါ ...။ အဲဒီညက မှုံရွှေရည်ရဲ့ခင်ပွန်း ခင်မောင်ရင်က သူ့နှမ ယဉ်ယဉ်နု နေမကောင်းလို့ ဆေးခန်းလိုက်ပို့ရတယ်။ ဆေးခန်းမှာကြာနေလို့ အပြန်နောက်ကျမယ့်အကြောင်း အိမ်ကို ဖုန်းဆက်ပြီး သူ့ကိုမစောင့်ဖို့၊ ထမင်းစားနှင့်ဖို့ပြောတော့ မှုံရွှေရည်က ထမင်းစားပြီးကြောင်း၊ ငါးသေတ္တာဟင်းနဲ့ စားလိုက်ကြောင်း ပြန်ပြောတယ်။ ပြောရင်းက တံခါးခေါက်သံကြားတယ်၊ ဧည့်သည်ထင်တယ်လို့ပြောပြီး ဖုန်းချသွားတယ်တဲ့။

ခင်မောင်ရင် အိမ်ကိုပြန်လာတော့ အိမ်မှာ ပြဿနာတွေက ဖြစ်ပြီးသွားပြီ။ အိမ်မီးလောင်တာကို မီးသတ်တွေက လက်ဦးလို့ တစ်အိမ်လုံးပြာမကျဘဲ မြေအောက်ခန်းနဲ့ အခန်းတချို့ပဲ မီးလောင်သွားပေမဲ့ မှုံရွှေရည်ကတော့ ရုပ်ပျက်ဆင်းပျက် မီးလောင်ခံလိုက်ရတယ်''

''ဒါဆို မှုံရွှေရည်ပါလို့ ကိုဝေယံတို့ ဘယ်လိုပြောနိုင်လဲ''

''လူကတော့ ဘယ်လိုမှ ပုံဖမ်းလို့မရတော့ဘူး။ ဒါပေမဲ့ ဆရာဝန်ကြီးတွေ ခွဲစိတ်စစ်ဆေးပြီး အူထဲကအစာတွေကို ဓာတ်ခွဲကြည့်တော့ ငါးသေတ္တာစားထားတယ်ဆိုတာ တွေ့ရတယ်၊ မီးဖိုခန်းထဲက အမှိုက်အိတ်တွေထဲမှာလည်း ငါးသေတ္တာဘူးခွံ တွေ့ရတယ်''

''ဪ ...''

''ကြည်လဲ့ ပျောက်နေတဲ့ကိစ္စကိုလည်း တခြားမြို့နယ်တွေ အကြောင်းကြားပြီး စုံစမ်းနေပါတယ်။ မကြာခင် သိရမှာပါ''

''ကျေးဇူးပါပဲ ကိုဝေယံ''

''ကျွန်တော်တို့ကလည်း တာဝန်သိပြီး ဥပဒေကို လေးစားလို့

စိတ်ကူးသစ်စာပေ



နေတဲ့ ဒေါ်မေစံရှားတို့ကို အမြဲ ကျေးဇူးတင်ပြီး လက်ကမ်းကြိုနေပါတယ်။ သတင်းထူးရရင် ကျွန်တော်တို့ကို ပြောပါ''

''ဟုတ်ကဲ့ စိတ်ချပါ။ ဒါဖြင့် ကျွန်မတို့ကို ခွင့်ပြုပါဦး''

''ကောင်းပါပြီ''

မေစံရှားနှင့်ကိုနေသော် ထိုင်ရာမှထ၍ ထွက်လာကြတော့မှ ရဲအုပ်ဝေယံက နောက်မှနေ၍ ယှမ်းနောက်နေသေးသည်။

''ကိုနေသော် ဖိတ်စာရိုက်တော့မျို့'' ...တဲ့။

''တွေ့လား။ စားချင်တဲ့သူတွေက တောင်းဆိုနေပြီ''

ကိုနေသော်က ရယ်၍ မေစံရှားကိုပြောသည်။ မေစံရှားက မဲ့ပြုံးဖြင့် ...

''အဲဒါ တစ်မဲပဲရသေးတာ။ မဲအများစုက ရှားဘက်မှာပဲရှိတာ''

ဟု ပြန်ပြောသည်။

ပါပလေကာ ကားလေးပေါ်ရောက်၍ ကိုနေသော်က ကားမောင်းထွက်လာပြီးမှ ...

''မှုံရွှေရည် သေဆုံးမှုရယ်၊ ကြည်လဲ့ပျောက်ဆုံးမှုရယ်၊ ဒေါ်ဦးအိမ် ဖောက်ထွင်းခံရမှုရယ် ပတ်သက်ဆက်နွယ်နေမယ်လို့ ကိုကို ထင်တယ်''

ဝေဖန်ချက် ပေးသည်။

''စုံထောက်စာရေးဆရာကြီးက ဘယ်ဆိုးလို့လဲ''

မေစံရှားက အရယ်ဖြင့် ရယ်ပွဲဖွဲ့ပြီး ...

''ရှားလည်း အဲဒီလိုပဲ ယူဆနေတာ''

ဟု သဘောတူကြောင်း ပြောသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



''ကြည်လဲ့ မန္တလေးထွက်သွားတယ်လို့ ဆိုတာကရော တကယ် ဟုတ်ရဲ့လား။ ခက်ခက်ဆိုတဲ့ မိန်းမကရော ယုံကြည်ရဲ့လား''

''အဲဒီအတွက် ရှား ကွန်ဒိုလုံခြုံရေး ဝန်ထမ်းတွေနဲ့ ထပ်တွေ့ ပြီးပါပြီ။ သူတို့က ကြည်လဲ့ထွက်သွားတဲ့ညကို မှတ်မိပေမဲ့ ကြည်လဲ့ ကိုတော့ စကားမပြောလိုက်ရဘူး။ အဝေးကပဲ တွေ့လိုက်ရတာ။ ဒါပေမဲ့ ကြည်လဲ့ကိုလိုက်ပို့တဲ့ တက္ကစီသမားကိုတော့ စုံစမ်းလို့ရခဲ့တယ်။

အဲဒီညက ကြည်လဲ့ကခေါ်ထားလို့ တက္ကစီသမားက လာ စောင့်တာတဲ့။ ကြည်လဲ့ဆင်းမလာခင် တက္ကစီသမားက လုံခြုံရေး ဝန်ထမ်းတွေနဲ့ လာစကားပြောတယ်တဲ့။ သူတို့နဲ့ ရင်းနှီးနေတဲ့သူမို့လို့ လေ။ အဲဒီတက္ကစီသမားကို တွေ့ချင်တယ်လို့ ရှားမှာထားတယ်''

''တက္ကစီသမားနဲ့ တွေ့ရင်တော့ တစ်ခုခု ထူးခြားချက်တွေ့ ရမှာပဲလို့ ထင်တယ်''

''ရှားလည်း အဲဒီလို တွက်ထားတာပဲ ကိုကို''

''ဒါဆို ခု ဘယ်သွားမလဲ''

''ရုံးခန်းကိုပဲ ပြန်ကြတာပေါ့''

''ကားနဲ့လိုက်ပို့ရတာ ကိုကို့ကိုလည်း တက္ကစီခ ပေးပေါ့နော်''

''ဘယ်လောက်ပေးရမှာလဲ''

''၁၅၀၀''

''ဟင်း . . . ပေးပြီးပါပြီနော်။ ၁၅၀၀ မကဘူး။ ၂၀၂၈''

''ဟား . . . ဟား . . . ဟား . . .''

| ၁၁ |

မေစံရှားနှင့် ကိုနေသော် ရုံးခန်းပြန်ရောက်လျှင် အခန်းဝ၌ လူတစ်ယောက်စောင့်နေသည်ကို တွေ့ရ၏။

''ဘာကိစ္စများ ရှိလို့ပါလဲရှင်။ ကျွန်မ မေစံရှားပါ''

မေစံရှားက စတင်နှုတ်ဆက်သည်။

ထိုသူမှာ အသက်ငါးဆယ်ခန့်ရှိပြီး ထိပ်ပြောင်ပြောင်နှင့် ဖြစ် ၏။ မျက်နှာပြုံပြုံနှင့်၊ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေးနှင့်။ ဆံပင်ပေါက် သင့်သည့်နေရာမှာ ပြောင်နေပြီး မုတ်ဆိတ်မွေး ထူထူပျစ်ပျစ်တွေနှင့် မို့ လွဲနေတာ်ပဲဟူသောအတွေးဖြင့် ကိုနေသော်က ပြုံးမိ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က ဦးချိတ်ပါ။ တက္ကစီမောင်းပါတယ်။ ကျောက်စိမ်း ကွန်ဒိုက လုံခြုံရေးဝန်ထမ်းတွေက လွှတ်လိုက်လို့ပါ။ ဒေါ်မေစံရှားနဲ့ တွေ့ဖို့ပါ"

သူ့စကားကြောင့် မေစံရှားမျက်နှာ ဝင်းလက်သွားသည်။

"ဟုတ်လား ... လာပါ ... လာပါ။ ကျွန်မက တွေ့ချင်လို့ ဦးလေးကို မျှော်နေတာပါ"

မေစံရှားက အခန်းတံခါးဖွင့်ကာ ဦးချိတ်ကို အခန်းထဲသို့ ဖိတ်ခေါ်နေရာချပေးသည်။

"လွန်ခဲ့တဲ့ ဒီဇင်ဘာလ ညတစ်ညတုန်းက ကျောက်စိမ်းကွန်ဒိုက ကြည်လဲ့ဆိုတဲ့ အမျိုးသမီးက ဦးချိတ်ရဲ့ကားကို ငှားစီးဖူးတယ်လို့ သိရလို့ပါ"

မေစံရှားက သိချင်သည်ကို စတင်လမ်းခင်းသည်။

"ဟုတ်ပါတယ်"

"ညဘက်ကြီးနော်"

"ဟုတ်ပါတယ်"

"ဘယ်ကိုပို့ပေးရလဲ"

"အဝေးပြေးဂိတ်ပါ။ မန္တလာမေနဲ့ လိုက်ဖို့ပါ"

"မန္တလေးကို သွားမှာတဲ့လား"

"အဲဒီလို ပြောပါတယ်"

ကိုနေသော်ကမူ ဦးချိတ်နှင့် မေစံရှား ပြောနေသမျှကို ဘေးမှငြိမ်၍ နားထောင်နေသည်။ ဦးချိတ်၏မျက်နှာကို အကဲခတ်နေခြင်းလည်း ဖြစ်၏။

"ကားဂိတ်ရောက်တော့ ဦးလေးက သူ့ကိုချပေးပြီး လှည့်ပြန်





လာတာလား"

"ကားထွက်ခါနီးမှ ရောက်သွားတာမို့ သူ့ပစ္စည်းတွေပါ တင်ပေးရပါတယ်။ ပြီးတော့ အပြန်လူရဖို့ ဝင်လာမယ့်ကားကို စောင့်ရင်း လက်ဖက်ရည်သောက်နေတာ ကားထွက်တဲ့ အထိပါပဲ"

"လမ်းမှာ သူ ဘယ်ဝင်သေးလဲ"

"လမ်းမှာ ... လမ်းမှာ ... သူ တိရစ္ဆာန်ဆေးကုခန်းတစ်ခုကို ဝင်ပါတယ်။ သူ့ကြောင်ကို ဝင်ထားခဲ့တာပါ"

"ကြောင်က ဘာဖြစ်လို့လဲ"

"ကြောင်က ဘာမှမဖြစ်ပါဘူး။ ခရီးသွားမှာမို့ ခဏဝင်ထားခဲ့တာနေမှာပါ။ ကြောင်ဖြူကြီးလေ။ သိပ်လှတာပဲ။ နာမည်က မိုးဖြူတဲ့"

"အဲဒီ တိရစ္ဆာန်ဆေးကုခန်းနာမည်က ဘာလဲ။ ဘယ်နားမှာ ရှိလဲ"

"ကွန်ဒိုရှေ့က လမ်းမကြီးပေါ်မှာ ဖွင့်ထားတာပါ။ Pet World ပါ"

မေစံရှားက ခဏတွေ စဉ်းစားပြီး ...

"အဲဒီညက တော်တော်အေးလား"

"သိပ်မအေးပါဘူး"

"ဒါပေမဲ့ ကြည်လဲ့က သိုးမွေးကုတ်အရှည်ကြီး ဝတ်ထားတယ် ပြောတယ်။ ပြီးတော့ ဦးထုပ်လည်း ဆောင်းထားတယ်ဆို"

ဦးချိတ်က ရယ်သည်။

"ဟုတ်တယ်ဗျ။ ကျွန်တော်ကတောင် နောက်လိုက်သေးတယ်။ ဒီလောက်လည်း မအေးဘဲနဲ့ဗျာ။ အကောင်းစားတွေ ထုတ်ကြွားချင်လို့



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ထားတာလားလို့"

"သူက ဘာပြောလဲ"

"ဒါက ကျွန်မစတိုင်လ်ပဲတဲ့"

မေစံရှားက သူမ၏အိတ်ထဲမှာ ကြည်လဲ့နှင့် မှုံရွှေရည်၏ဓာတ်ပုံကို ထုတ်ယူကာ ဦးချိတ်ရှေ့သို့ ချပြသည်။

"ဦးလေးပို့ခဲ့တာ ဘယ်သူလဲ"

ဦးချိတ်က ဓာတ်ပုံကို ယူကြည့်သည်။

"ဒီအမျိုးသမီးထင်တယ်"

ကြည်လဲ့ပုံကို ထောက်ပြ၏။

"ဦးလေး မှားနေပြီထင်တယ်။ ဟိုဘက်ကတစ်ယောက် ဖြစ်မှာပါ"

ကိုနေသော်က မေစံရှားကို လှမ်းကြည့်၏။ နားမလည်နိုင်သော မျက်နှာဖြင့် ...

ဦးချိတ်သည်လည်း တွေသွား၏။

"ဆံပင်ပုံစံက ဒီလိုပါ။ ဒီအမျိုးသမီးပဲ ဖြစ်မှာပါ"

"ဦးလေးကလည်း ထင်တယ်တို့ ဖြစ်မှာပါတို့နဲ့ တစ်ခုမှမသေချာဘူး"

"ညဘက်လည်း ဖြစ်ပြန်တယ်။ ပြီးတော့ မိန်းကလေးဆိုတော့လည်း တည့်ကြီး စေ့စေ့ကြည့်လို့ မသင့်လျော်ဘူးလေ။ အဲဒါကြောင့်"

"ဒါဆို သူ့မေးစေ့မှာ မှဲ့ပါတာ သတိထားမိလား"

"ဟင့်အင်း"

"ဦးလေးက လုပ်ချလိုက်ပြန်ပြီ။ ကြည်လဲ့မျက်နှာရဲ့ ထူးခြားမှုက ဒီမှဲ့ပဲလေ ဦးလေးရဲ့"

---

စိတ်ကူးသစ်စာပေ



"ဦးလေးက သတိမထားမိတာ အမှန်ပါ။ နေဦး ...မှဲ့က ဒီနေရာမှာလား။ အင်း ...အဲဒီညက သူက မေးစေ့မှာ ပလတ်စတာလေး ကပ်ထားတယ်ကွယ့်။ အနာရှိလို့ ကပ်ထားပုံပဲ"

မေစံရှားက ကိုနေသော်ကို စွေ၍ကြည့်၏။ ဘာကြောင့်ကြည့်သည်ဆိုသည်ကိုမူ ကိုနေသော်က သဘောမပေါက်။

"ဟုတ်ပါပြီ။ ကျေးဇူးပါပဲ ဦးလေးရယ်။ ခုလိုကူညီတာ ကျွန်မအဖို့ ဖော်မပြနိုင်အောင် တန်ဖိုးကြီးလှပါတယ်။ မမကြည်လဲ့ပျောက်နေလို့ ကျွန်မက လိုက်ရှာနေတာပါ။

ဒါကြောင့် သူသွားမယ့်လာမယ့် နေရာတွေကို စုံစမ်းနေတာ။ ဦးလေးဆီက အချက်အလက်တွေက အထောက်အကူဖြစ်ပါတယ်။ ဘယ်လိုမှ သဘောမထားပါနဲ့။ ဦးလေးအလုပ်ပျက်ခံပြီး လာရတဲ့အတွက် ကျွန်မ ကျေးဇူးဆပ်ပါရစေ"

မေစံရှားက တစ်ထောင်တန်အချို့ကို ထုတ်ပေးသဖြင့် ...

"ဟာ ...နေပါစေ တူမရယ်"

ဦးချိန်က ငြင်းသည်။

"မငြင်းပါနဲ့ ဦးလေးရယ်။ ကျွန်မကို တူမလိုသဘောထားပြီး ကန်တော့တယ်လို့ မှတ်ယူပါ"

မေစံရှားက အတင်းပင် ထိုးပေးနေသဖြင့် ဦးချိတ်က အားနာပါးနာ ယူလိုက်ရရှာသည်။

"ကဲ ...ဦးလေး သွားဦးမယ်။ နောင်ကိစ္စရှိလို့ လိုအပ်ရင်လည်း ကွန်ဒိုက လုံခြုံရေးဝန်ထမ်းတွေကို မှာလိုက်ပါ။ ဦးလေးက အဲဒီဘက်ကို ရောက်ပါတယ်"

"ဟုတ်ကဲ့ပါ ...။ ဟုတ်ကဲ့"

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ဦးချိတ်ထွက်သွားတော့ ...

"ဒါဆို ကြည်လဲ့ မန္တလေးသွားတာ သေချာတာပေါ့။ ခက်ခက် ပြောတာနဲ့ တထပ်တည်းပဲလေ"

ကိုနေသော်က ထင်မြင်ချက်ပေးသည်။

"ကားထွက်ပြီးမှ လမ်းမှာ ဆင်းနေခဲ့ရင်ကော"

"ဟင် ...ဲ"

"ဖြစ်နိုင်တာကို ပြောတာပါ။ ပြီးတော့ မှဲ့နေရာမှာ ပလတ်စတာကပ်ထားတယ်ဆိုတာက စဉ်းစားစရာပဲလို့ ထင်တယ်။ ဦးချိတ်ကလည်း ကြည်လဲ့မှ ကြည်လဲ့ပါလို့ တထစ်ချ နိုင်နိုင်မာမာ မပြောနိုင်ဘူးလေ"

"ရှား ဘာတွေးမိလို့လဲ"

မေစံရှားက လေသံအေးအေးဖြင့် ပြန်ပြောသည်။

"တွေးစရာ လမ်းခွဲတွေကို ပြောတာပါ။ ကောက်ချက်အရင် မဆွဲပါနဲ့။ အလျင်လိုရင် လမ်းလွဲတတ်တယ်။ အခု လေ့လာကြည့်ရှုဖို့မှာက Pet World မှာ ကြည်လဲ့ရဲ့ ကြောင်အကြောင်း စုံစမ်းဖို့ပဲ"

[ ၁၂ ]

❑

Pet World ကို ခက်ခက်ခဲခဲ မရှာရဘဲ အလွယ်တကူ ရှာဖွေတွေ့ရှိသည်။ ယင်းမှာ တိရစ္ဆာန်ဆေးကုခန်းသာမဟုတ်။ အိမ်မွေးတိရစ္ဆာန်များ မွေးမြူရောင်းဝယ်ရာလည်း ဖြစ်သည်။

ကိုနေသော်နှင့် မေစံရှားတို့ ဆိုင်တွင်း ဝင်သွားသောအခါ အမျိုးသမီးငယ်တစ်ဦးက လာရောက်ကြိုဆိုသည်။ အတွင်းမှာ ကြောင်၊ ခွေး၊ ယုန်၊ ငါး အစရှိသော အိမ်မွေးတိရစ္ဆာန်များကို လှောင်အိမ်များဖြင့် စနစ်တကျ မွေးထားသည်ကို လှမ်းမြင်ရ၏။

"ကြွပါရှင် ...ဘာအလိုရှိပါသလဲ။ ကြောင်လား၊ ခွေးလား၊ ယုန်လား၊ ငါးလား"

---



www.burmeseclassic.com

www.burmeseclassic.com



မေစံရှားက ပြုံး၍ . . .

''အကူအညီတစ်ခု လိုချင်လို့ပါ''

အမျိုးသမီးငယ် နားမလည်ဖြစ်သွားပုံရသည်။

''ဒီလိုပါ . . .။ လွန်ခဲ့တဲ့ နှစ်လကျော် ဒီဇင်ဘာလတုန်းက ကျွန်မတို့မိတ်ဆွေတစ်ဦးက ဒီမှာ ကြောင်တစ်ကောင် လာအပ်တယ်။ ကြောင်ဖြူကြီးလေ။ နာမည်က ဖိုးဖြူတဲ့။ အဲဒါ လာခေါ်သွားပြီလား လို့''

အမျိုးသမီးမျက်နှာ တင်းသွားသည်။

''ပိုင်ရှင်က ကြည်လဲ့ဆိုတဲ့ အမျိုးသမီးလား''

''ဟုတ်ပါတယ်''

''သိပ်ဆိုးတဲ့ အမျိုးသမီးပဲ။ ကြောင်ကို လာအပ်စဉ်တုန်းက အလွန်ဆုံးတစ်ပတ်တဲ့။ ကြောင်က ကျွန်မတို့ဆီက ဝယ်တာဆိုတော့ လက်ခံထားလိုက်တာ။ ခုထိ ပြန်လာမခေါ်ဘူး''

''ဒါဆို ကြောင်က ဒီမှာပဲ ရှိသေးတယ်ပေါ့ ဟုတ်လား''

''ဟုတ်တယ်။ ရှင်တို့ ယူသွားမှာလား''

''ကျွန်မတို့ယူသွားလို့ ဘယ်ဖြစ်မလဲ။ ပိုင်ရှင်မှမဟုတ်တာ။ ကျွန်မတို့က သူခရီးထွက်သွားတယ် ကြားရပြီး ပြန်မရောက်လို့ စိတ်ပူနေကြတာ။ ပြန်ရောက်မရောက် သေချာသိချင်လို့ ကြောင်ကိုလာခေါ် မခေါ် လာစုံစမ်းတာပါ''

''ဒါဆိုရင်လည်း သူပြန်ရောက်လာရင် လာခေါ်ဖို့ ပြောလိုက်ပါ။ ဒီမှာက နောက်ထပ်ရောက်လာတဲ့ တိရစ္ဆာန်အသစ်ကလေးတွေ အများကြီးမို့ ထားစရာ အခက်အခဲရှိလို့ပါ''

''ကောင်းပါပြီ။ ပြောလိုက်ပါ့မယ်''





Pet World မှ ထွက်လာသောအခါ ကိုနေသော်က . . .

''ဦးချိုတ်ပြောတာ မှန်သွားပဲ။ ဒါပေမဲ့ ပြန်မရောက်လာတာ လည်း သေချာနေတဲ့ သဘောရှိတယ်''

ဟု ပြောသည်။

မေစံရှားက . . .

''ရောက်တုန်းရောက်ခိုက် ကွန်ဒိုဘက်ကို သွားရအောင်။ မှုံ ရွှေရည်ရဲ့အိမ်ကို လေ့လာကြည့်ချင်တယ်''

တောင်းဆိုသည်။

''ရတယ်လေ။ သွားတာပေါ့''

ကိုနေသော်၏ ပါပလေကာကလေးက Pet World ကို ချန်ရစ် ခဲ့ကာ ကျောက်စိမ်းကွန်ဒိုသို့ ဦးတည်လိုက်သည်။

''ရှား . . . ဘယ်လိုတွေးမိလဲ''

''မတွေးသေးဘူး ကိုကို။ နည်းနည်းထပ်ပြီး အချက်အလက် စုဆောင်းဦးမယ်''

''မောင်ရှင် ထပ်လာဦးမှာလား''

''မှာထားတယ်။ သုံးလေးရက်တစ်ခါလောက် လာခဲ့လို့။ မနက် ဖြန် လာမယ်ထင်တာပဲ''

ကားကလေး ကျောက်စိမ်းကွန်ဒိုရှေ့ ရောက်လျှင် . . .

''ကိုကို ကွန်ဒိုထဲ မဝင်နဲ့ဦး။ ရှေ့က ခြံလေးရှေ့မှာ ရပ်ပေး ပါ''

ဟု မေစံရှားက ညွှန်ပြ၍ပြောသည်။

'အိမ်ရောင်းမည်' ဟုရေးထားသော ဆိုင်းဘုတ်ငယ်ကလေး ခြံတွင် ချိတ်ထားသည့် တစ်ထပ်တိုက်မှ အဟောင်းကလေးတစ်လုံး



www.burmeseclassic.com

www.burmeseclassic.com

ရှေ့မှာ ကိုနေသော်က ကားကိုရပ်သည်။

မေစံရှားက ကားပေါ်မှ ဆင်းသည်။

တိုက်ပုကလေးက အတော်ပင် အိုဟောင်းနေသည်ကို ပြ လျက်။ အထဲတွင် မီးလောင်ထားကြောင်းကို မီးခိုးမှိုင်းများဖြင့် မဲညစ်နေပုံ၊ အပျက်အစီး အစွန်းအစအလေအလွင့်များက ဖော်ပြနေသည်။ ခြံစည်းရိုးအတွင်းရှိ ပန်းပင်များသည်လည်း ဖရိုဖရဲ။

တိုက်တံခါးက အပြင်မှ သော့ခတ်ထားသည်။

အိမ်ရှင်များ ရှိပုံမရ။

"အိမ်က အပြင်ပိုင်းထိ မီးမလောင်ဘူး"

"ဟုတ်တယ် ကိုကို။ မီးသတ်တွေလက်ဦးလို့ အတွင်းပိုင်းပဲ လောင်တယ်တဲ့"

"တိုက်က အိုဟောင်းနေပြီနော်။ ဟိုတုန်းက ဆောက်တဲ့ပုံစံမျိုးပဲ"

"ဒါကြောင့် မြေအောက်ခန်းရှိတာ နေမှာပေါ့။ ရှားက အိမ်ရှင်တစ်ဦးဦးနဲ့ တွေ့ကြည့်ချင်တာ"

"သေဆုံးသွားတဲ့ အမျိုးသမီးရဲ့ ယောက်ျားမရှိဘူးလား"

"ရှိတယ်။ သူက စိတ်ထိခိုက်လို့ ဒီအိမ်မှာ မနေတော့ဘဲ သူ့ညီမအိမ်သွားနေတယ်လို့ ပြောသံကြားရတယ်။ အိမ်ပြန်ရောင်းပစ်ဖို့ စိတ်ကူးတာလည်း ဒီအကြောင်းကြောင့်ပဲ နေမှာပေါ့"

ထိုအချိန်တွင် တိုက်ပုကလေး၏ ဘေးဘက်မှ လူရွယ်တစ်ဦး ထွက်လာသည်ကို တွေ့ရ၏။ အသက်အစိတ်ခန့်ရှိမည်။ သရီးကွာတားနှင့် ဆံပင်နီကြောင်ကြောင်နှင့်။ ရုပ်ပုံကိုးရိုးကားရားများပါသော တီရှပ်နှင့် နားကွင်းနှင့်။ လက်မောင်းတွင် ဆေးမင်ကြောင်ရုပ်များနှင့်။





ကိုနေသော်က လူရွယ်ကိုလှမ်း၍ အကဲခတ်သလို လူရွယ်ကလည်း ခြံစည်းရိုးအနီး၌ရှိသော ကိုနေသော်နှင့် မေစံရှားကို လှမ်း၍ အကဲခတ်သည်။ မေစံရှားက ကိုနေသော်ကို မျက်ရိပ်ပြ၍ လူရွယ်ထွက်လာရာ ခြံတံခါးသို့ ချဉ်းကပ်သွားသည်။

"ဒီမှာကွယ့်"

မေစံရှား၏အသံပြု စကားစသံကြောင့် လူရွယ်က ခြံဝမှအပြင်ထွက်မည့်ဆဲဆဲ ခြေလှမ်းများရပ်သွားပြီး မေစံရှားကို မျက်နှာချင်းဆိုင်လိုက်သည်။ သူ့မျက်နှာက လိုလားဟန်မရှိ။

"ငါ့မောင်ကို အစ်မ တစ်ခုလောက် မေးလို့ရမလား"

လူရွယ်က ဘာမျှပြန်မပြောသော်လည်း အမေးကို စောင့်နေပုံရ၏။

"ငါ့မောင်က ဒီအိမ်မှာနေတာလား"

"မဟုတ်ပါဘူး။ တစ်လမ်းကျော်မှာ နေတာပါ"

"ဒီအိမ်ဘေးက ထွက်လာတာတွေ့လို့ မေးကြည့်တာပါ"

"ဒါက ကျွန်တော့်ဦးလေးအိမ်ပါ။ အိမ်မီးလောင်ပြီး ဦးလေးဇနီးဆုံးတော့ ဦးလေးက သဃ်န်းကျွန်းမှာ ဒေါ်လေးငယ်နဲ့ သွားနေပါတယ်။ ကျွန်တော့်ကို အိမ်လာလာကြည့်ခိုင်းထားလို့ လာကြည့်တာပါ"

"ဒါနဲ့ စောစောက မင်းပြောတဲ့ ဦးလေးရဲ့ဇနီးဆုံးတာက ဘာကြောင့်လဲ မီးလောင်ခံရလို့လား"

"မဟုတ်ဘူး။ ဖောက်ထွင်းသူခိုး တစ်ဦးက အိမ်ဖောက်ဝင်ရင်း ဦးလေးရဲ့ဇနီးကို သတ်ပြီး မီးရှို့သွားတာ"

"အို ... ရက်စက်လိုက်တာ။ အခု အဲဒီဖောက်ထွင်းသူခိုး မိပြီတဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"မမိသေးဘူး။ နေပါဦး ခင်ဗျားတို့က ဘယ်သူတွေလဲ"

လူရွယ်က တစ်ဖန် မေးခွန်းပြန်ထုတ်သည်။

"မမတို့လင်မယားက အိမ်ရောင်းမည်ဆိုတဲ့ ဆိုင်းဘုတ်ချိတ်ထားတာတွေ့လို့ စုံစမ်းကြည့်မလို့ပါ။ အိမ်ရောင်းဖို့ကိစ္စက မင်းဦးလေးနဲ့တွေ့မှ ဖြစ်မှာပေါ့နော်"

ကိုနေသော်က ပြုံးပြီး မေစံရှားကို ကြည့်မိ၏။ 'မမတို့လင်မယား' ဟူသော စကားကြောင့်။

"ဟုတ်ပါတယ်"

"သူက ဘယ်မှာလဲ။ သူ့ကို ဘယ်လိုတွေ့နိုင်မလဲ"

"သင်္ဃန်းကျွန်း၊ လေးထောင့်ကန်ရပ်ကွက်ထဲမှာ ဒေါ်လေးယ်နဲ့နေတယ်။ သွားချင်ရင် အိမ်လိပ်စာ ပေးလိုက်ပါ့မယ်"

"ကျေးဇူးပါပဲကွယ်။ ဒါဆိုရင် ဒီမှာ လိပ်စာလေး ရေးပေးပါ"

မေစံရှားက စလင်းဘက်ထဲမှ မှတ်စုစာအုပ်လေးကို ထုတ်ယူကာ ပေးသည်။ ကိုနေသော်က အိတ်ထဲမှ ဘောပင်လှမ်းပေးသည်။

လူရွယ်က လိပ်စာကို မှတ်စုစာအုပ်ကိုင်လျက် ခပ်သော့သော့ ရေးချပေးသည်။

"ဖုန်းနံပါတ်တော့ မေ့နေတယ်"

"ရပါတယ်။ လိပ်စာရရင် ရပါပြီ"

လူရွယ်ထွက်သွားပြီးနောက် ပြုံးစိစိဖြစ်နေသော ကိုနေသော်ကိုကြည့်၍ မေစံရှားက ...

"ကိုကို ဘာလို့ ပြုံးစိစိဖြစ်နေတာလဲ"

ဟု မေးသည်။





"စကားနောက် တရားပါပဲနော် ရှား။ စောစောက ရှားပဲပြောလိုက်တာနော်။ မမတို့လင်မယား ဆိုတာ"

မေစံရှား ပြုံးမလို ဖြစ်သွား၏။

"ကိုကိုကတော့ တကယ့်အခွင့်အရေးသမားပဲ။ ရှားက ဟိုပုဂ္ဂိုလ်ကို အဆင်ပြေမယ့်စကား ပြောချလိုက်တာပါ"

"ကိုကိုကတော့ အတည်ယူလိုက်ပြီ"

"လွန်လွန်းတယ်"

မေစံရှား မျက်စောင်းထိုးကာ ကိုနေသော့်လက်မောင်းကို ဖတ်ခနဲ ရိုက်လိုက်သည်။

"ဒါဆို ခု ပြန်မှာလား"

"နေပါဦး ကိုကိုရယ်။ ဘေးအိမ်တစ်လုံးလုံးမှာ သတင်းလေး ဘာလေး စုံစမ်းကြည့်မလားလို့"

"ရှားက ကြည့်လို့ကိစ္စကနေ အိမ်မီးလောင်တဲ့ကိစ္စဘက်ကို ပိုအာရုံရောက်နေပါလား"

"စိတ်ဝင်စားလို့ပါ ကိုကိုရယ်။ ကဲ ... လာ ... ဟိုဘက်အိမ် ဝင်ရအောင်"

မေစံရှားက ပြောပြောဆိုဆို ကိုနေသော့်လက်မောင်းကို ဆွဲခေါ်သွားသဖြင့် ကိုနေသော် ဘာမျှ ပြန်မပြောနိုင်တော့ဘဲ ပါသွားရသည်။

မှုံ့ရွှေရည်တို့အိမ်နှင့် ကပ်လျက်ရှိသော အိမ်ဝင်းအတွင်းသို့ မေစံရှားနှင့် ကိုနေသော် ဝင်သွားချိန်တွင် အိမ်တွင်းမှ အသက် (၇၀) ကျော်ရွယ် လူကြီးတစ်ဦး အိမ်ထဲမှ ထွက်လာသည်။

"ဘာကိစ္စလဲကွယ်။ ဘယ်သူနဲ့ တွေ့ချင်လို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟိုဘက်အိမ်က အိမ်ရောင်းမည်ဆိုင်းဘုတ် ချိတ်ထားတာ တွေ့လို့ စုံစမ်းချင်လို့ပါ"

ယနေ့တစ်ကြိမ်မှာတော့ ကိုနေသော်က ဦးစွာဝင်၍ ဖြေလိုက်သည်။

"ဟုတ်တယ် ရောင်းမယ်တဲ့။ ဦးလေးတို့ကိုလည်း မှာထားတယ်"

"အဲဒါဆို အခြေအနေလေး ပြောပြပါလား"

"အဘိုးကြီး ဘယ်သူတွေနဲ့ စကားပြောနေတာလဲ။ ဒီမှာ ရေနွေးခွက်မှောက်သွားလို့"

အတွင်းမှ ပေါ်လာသောအသံကြောင့် ထိုလူကြီး အတွင်းသို့ ပြန်လှည့်ကြည့်ပြီး ...

"ဧည့်သည်တွေကွ၊ ဟိုဘက်အိမ်အကြောင်း မေးလို့ ပြောနေတာ။ ကဲ ... အိမ်ထဲ ခဏဝင်ကြကွယ်။ ဦးလေးအဘွားကြီးက သိပ်နေမကောင်းဘူး။ ဆေးသောက်ဖို့ထည့်ပေးထားတဲ့ ရေနွေးခွက် မှောက်သွားလို့တဲ့"

ဟု မေစံရှားတို့ကို ပြန်ပြောသည်။

ထိုလူကြီး အတွင်းပြန်ဝင်သွားသဖြင့် မေစံရှားနှင့် ကိုနေသော်ပါ အတွင်းသို့ လိုက်ဝင်သွားကြသည်။

"ထိုင်ကြကွယ် ... ထိုင်ကြ"

ဝိုးချဲပေါ်မှ မိန်းမကြီးက လှမ်းပြောသည်။

"သူက ကားအက်ဆီးဒင့်ဖြစ်တုန်းက ကျောရိုးထိခိုက်မိပြီး အောက်ပိုင်း လှုပ်မရတော့ဘူးလေ။ ဒါကြောင့် ဝိုးချဲနဲ့သွားလာရတာ"

လူကြီးက ရှင်းပြသည်။





"ကျွန်မက ရှေ့နေပါ။ မေစံရှားလို့ ခေါ်ပါတယ်။ သူက စာရေးဆရာ ကိုနေသော်ပါ"

မေစံရှားက စတင်မိတ်ဆက်သည်။

"ကြည့်ရတာ ညားခါစ လင်မယားထင်တယ်။ လိုက်ဖက်ကြပါပေတယ်။ ဦးလေးတို့ ငယ်စဉ်တုန်းကလည်း တူမတို့လိုပဲ"

ဟု လူကြီးက သူ၏ဇနီးသည်ဘက်သို့ပါ လှည့်၍ အပြုံးဖြင့် ပြောသဖြင့် မိန်းမကြီးက ကျေနပ်ဟန်ပြုံးသည်။

"အဒေါ့်နာမည်က ဒေါ်မြကြည်၊ သူ့နာမည်က ဦးအောင်လှတဲ့။ တူမတို့က အိမ်ဝယ်ဖို့ စိတ်ကူးလို့လား"

"ဟုတ်ကဲ့ ...။ ဒီနေရာလေးက ကောင်းတယ်ထင်လို့ပါ"

"နေရာလေးက မဆိုးပါဘူး။ အိမ်ကတော့ မျက်မြင်ပဲ။ မနှစ်က နှစ်ကုန်ပိုင်းမှာ အိမ်အတွင်းပိုင်းက မီးလောင်သွားတယ်လေ"

"ဖောက်ထွင်းသူခိုးကြောင့်လို့ ပြောကြတယ်။ ဟုတ်လား"

"ဟုတ်တယ်ကွယ့်။ ဖောက်ထွင်းသူခိုးက အိမ်ထဲဝင်ပြီး မှုရွှေ ရည်နဲ့တွေ့လို့ လူကိုပါ အန္တရာယ်ပြုသွားပုံပဲ"

ဦးအောင်လှ စကားနှင့်ဆက်၍ ...

"အဒေါ်ကတော့ အဲဒီညက မိန်းမနှစ်ယောက်သံလို့ ထင်လိုက်မိတာ။ ပထမတော့ မိန်းမနှစ်ယောက် ရန်ဖြစ်နေတယ် ထင်မိတာလေ။ ဆေးသောက်ပြီး အိပ်ပျော်ခါစဆိုတော့ အိပ်မက်လိုလို၊ ဘာလိုလိုနဲ့"

ဟု ဒေါ်မြကြည်က ဝင်ပြောသည်။

"မိန်းမနှစ်ယောက်သံ ဟုတ်လား"

မေစံရှားအမေး။

"ဖောက်ထွင်းသူခိုးက ဘယ်မှာ မိန်းမဖြစ်မလဲ။ ထင်တာနေမှာ



www.burmeseclassic.com

www.burmeseclassic.com



လျှောက်မပြောနဲ့လေ အဘွားကြီးရဲ့။ အဲဒါက တခြားအိမ်က ရန်ဖြစ်တာ ဖြစ်ချင်ဖြစ်မှာပါ''

ဦးအောင်လှက မေစံရှားအမေးကို ဖြေရင်း သူ့ဖနီးကိုပါ ဟန့်တားသည်။

''ဘယ်နှစ်နာရီလောက် ဖြစ်တာလဲ''

''ဆယ်နာရီလောက်ပေါ့။ ဆူဆူညံညံအသံတွေကြောင့် ဦးလေးတို့ လန့်နိုးလာတာ။ လူတွေအော်သံတွေရော၊ မီးသတ်ကားသံရောပေါ့။ မီးခိုးတွေကလည်း ထွက်လာပြီလေ။ ဦးလေးလည်း သူ့ကို ဝိုးချဲပေါ်တင်ပြီး ထွက်ပြေးရတာ''

ဆယ်နာရီမှာ မီးလောင်သည်တဲ့။ သို့ဆိုလျှင် ဖောက်ထွင်းသမားဝင်လာသည့်အချိန်က ဆယ်နာရီမတိုင်မီဖြစ်ရမည်။ အချိန် တော်လွန်းမနေဘူးလား။ ဒါ ဖောက်ထွင်းသူခိုးတွေ လှုပ်ရှားချိန်မဟုတ်။

''သေဆုံးသူက အမျိုးသမီးနော်''

''ဟုတ်တယ် ... မှုံရွှေရည်တဲ့။ အဲဒီအချိန်က သူ့ယောက်ျားခင်မောင်ရင်က အိမ်မှာမရှိဘူး။ သူညီမနေမကောင်းလို့ သယ်နက်ကျွန်းသွားပြီး ဆေးခန်းပို့နေတာလို့ ပြောတယ်။ သူပြန်ရောက်လာတော့ မီးသတ်တွေတောင် ရောက်ပြီးနေပြီ။ မှုံရွှေရည်က အသတ်ခံရပြီး မီးနဲ့ရှို့ခံရတဲ့ပုံပဲ။ သူ့ယောက်ျားခင်မောင်ရင် ရောက်လာချိန်မှာ မှုံရွှေရည်က သေနေပြီပေါ့။ မီးလောင်ထားတာ တစ်ကိုယ်လုံးတဲ့။ ရုပ်ပျက်ဆင်းပျက်ပဲတဲ့''

''အိမ်ကို မှုံရွှေရည်တို့က မီးအာမခံမထားဘူးလား''

''ထားဟယ်လို့ ထင်တယ်။ မှုံရွှေရည်ကိုလည်း သူ့ယောက်ျားက အသက်အာမခံပါ ထားသလား မသိဘူး''





''အခု အိမ်ရှင်ကိုခင်မောင်ရင်က သူညီမအိမ်မှာပဲလား''

''ဟုတ်တယ်ကွယ့်။ အိမ်ကိစ္စပြောချင်ရင်တော့ သွားမှဖြစ်မယ်။ ဦးလေးတို့ကို အိမ်ဝယ်ချင်သူလာရင် လွှတ်ပေးပါလို့ မှာထားတယ်''

''သူညီမနာမည်က ဘယ်သူလဲဟင်''

''ခင်မေလွင်တဲ့။ လိပ်စာပါ ယူသွားလေ။ ဖုန်းနံပါတ်လည်း ပေးလိုက်မယ်''

''ကျေးဇူးပါပဲ ဦးလေး''

ဦးအောင်လှက စာရွက်တစ်ရွက်တွင် လိပ်စာရေးနေစဉ် ဒေါ်မြကြည်က ...

''တူမတို့ကို အဒေါ် အကြံတစ်ခုတော့ ပြုချင်တယ်။ အဲဒီအိမ်က မီးလောင်၊ လူသေဆိုတော့ တူမတို့လို မင်္ဂလာဦးမောင်နှံ မနေစေချင်ဘူး။ အဲဒီအိမ်ကြည့်ရတာ စီးပွားမဖြစ်ဘူး။ ကံဆိုးတဲ့အိမ်ပဲ''

ဟု လှမ်းပြောသည်။

ကိုနေသော်က အသံတိုးတိုးထွက်၍ ရယ်လိုက်၏။ မေစံရှားက သိသော်လည်း မသိဟန်ဆောင်လိုက်သည်။ နှုတ်ခမ်းမှာမူ ပြုံးတုံ့မပြုံးတုံ့။

''အဘွားကြီး ... ဘာတွေ လျှောက်ပြောတာလဲ။ အိမ်က ကံဆိုးတာမဟုတ်ဘူး လူတွေက မကောင်းတာ။ လင်မယားနှစ်ယောက်စလုံးက ရရစားစား သုံးသုံးဖြုန်းဖြုန်း ခပ်ပေါ့ပေါ့သမားတွေလေ။ ဘယ်မှာ စီးပွားဖြစ်မလဲ။ စီးပွားမဖြစ်ရုံမကဘူး ကြွေးဝိုင်းနေတာ။ ဒီအိမ်ရောင်းပြီးရင်လည်း ကြွေးတွေဆပ်ရတာနဲ့ ကုန်မှာပဲ''

ဦးအောင်လှစကားထဲမှာ စဉ်းစားစရာပါ၏။

''တူမတို့က လူကောင်းသူကောင်းတွေဆိုတော့ အဒေါ်တို့က



www.burmeseclassic.com

www.burmeseclassic.com



ကြိုးဆိုပါတယ်။ တူမတို့လိုလူမျိုးနဲ့ အိမ်နီးချင်းဖြစ်ရရင် ကောင်းမှာပါ"

ဒေါ်မြကြည်က ပွင့်ပွင့်လင်းလင်းသဘောကျ ဖြစ်ဟန်တူ၏။

"ကျွန်မတို့ကလည်း ဦးလေးနဲ့အဒေါ်ကို မြင်မြင်ချင်း လေးစားချစ်ခင်မိပါတယ်။ ကဲ ... ကျွန်မတို့ကို ခွင့်ပြုပါဦး။ ခုလိုကူညီတာ ကျေးဇူးတင်ပါတယ်"

မေစံရှားက နှုတ်ဆက်စကားဆိုရင်း ထိုင်ရာမှထသည်။

"ကောင်းပါပြီကွယ်။ အိမ်ဝယ်ဖြစ်ဖြစ်၊ မဝယ်ဖြစ်ဖြစ် အဒေါ်တို့အိမ်ကို လာလည်နိုင်ပါတယ်"

ဒေါ်မြကြည်က ဝိုးခွဲပေါ်မှပင် လှမ်းပြော၏။

"သူက ဒီလိုပဲကွယ့်။ စကားပြောဖော်စောင့်နေတာ။ ဦးလေးတို့က လောလောဆယ် နှစ်ယောက်တည်းလေ။ သားတွေသမီးတွေက အလုပ်တွေနဲ့ နေပြည်တော်ရောက်နေတာ"

ဦးအောင်လှက အိမ်ဝသို့လိုက်ပို့ရင်း ရှင်းပြ၏။

မေစံရှားတို့ ထွက်လာကြသည်ထိ ဦးအောင်လှ အိမ်ဝမှာ ရပ်ငေးကျန်နေဆဲ။

❚❚❚

| ၁၃ |

☐

ကိုနေသော်က ကားတံခါးဖွင့်ကာ ဦးစွာဝင်သည်။ ကျန်တံခါးတစ်ဖက်ကို လှမ်း၍ ဖွင့်ပေးသဖြင့် မေစံရှား ဝင်မည်ပြုခိုက် ...

"မေစံရှား ... မေစံရှား မဟုတ်လားဟင်"

လမ်းကို ဖြတ်ကူးလာသော အမျိုးသမီးတစ်ဦးက လှမ်း၍ အသံပြုသည်။

မေစံရှား လှမ်းကြည့်လိုက်၏ မြင်မြင်ချင်း မှတ်မိလိုက်ပါသည်။ ကွန်ဒိုမီနီယံမှ ဦးကျော်စွာ၏ဇနီး မသီတာ။

"မမသီတာ ဘယ်ကပြန်လာလဲ"

"ဈေးကပြန်လာတာ။ မေစံရှားကော"

---



www.burmeseclassic.com

www.burmeseclassic.com



"ဒီနားပါပဲ မမသီတာ။ မှုံရွှေရည်ရဲ့ အိမ်အကြောင်းလေး စုံစမ်းကြည့်နေတာ"

"မေစံရှား အိမ်ဝယ်မလို့လား။ ဝယ်မယ့်ဝယ်ရင် မမသီတာတို့ ကွန်ဒိုမှာ ဝယ်ပါလား။ ကြည်လဲ့ရဲ့ အခန်းကိုလေ"

မမသီတာ နောက်သည့်ထင်၍ မေစံရှားက ခပ်တိုးတိုးရယ်မိ၏။ ကိုနေသော်ကမူ ကားထဲမှသာ စောင့်နေသည်။ ဘာမျှဝင်မပြော။

"ကြည့်လဲ့အခန်းမှာက ခက်ခက်ရှိတယ်လေ"

မေစံရှား၏ အပြောနောက်တွင် ...

"အခုမရှိတော့ဘူး။ ပြောင်းသွားပြီ"

မမသီတာထံမှ ထူးခြားသတင်း။

"ဟင် ... ဘယ်တုန်းက ..."

"ဒီတစ်ရက်နှစ်ရက်ပဲ။ အတိအကျတော့ မသိဘူး"

"ဦးကျော်စွာကို ပြောမသွားဘူးလား"

"မပြောဘူး။ သူ့ဘာသာ ပြောင်းချသွားတာ။ ခုမနက်မှ ကွန်ဒိုအတွက် လစဉ်ကြေးတွေ ဦးကျော်စွာလိုက်ကောက်ရင်း သိလာတာ။ ဘေးခန်းက ပြောလိုက်တာတဲ့လေ။ သူလည်း ညဘက်ကြီး ပြောင်းသွားပုံပဲ"

"ဒါဆို ဘယ်ကိုပြောင်းသွားလဲ မသိဘူးပေါ့"

"ဟင့်အင်း"

"ကြည်လဲ့နဲ့ အဆက်အသွယ်ရရင် အကြောင်းကြားဖို့ မှာထားတာ။ လမ်းစတစ်ခု ပျောက်သွားပြန်ပြီပေါ့"

"ခုတစ်လော ထူးထူးဆန်းဆန်းတွေချည်း ကြုံနေရတယ်။ မမသီတာစိတ်ထဲမှာတော့ တစ်မျိုးပဲ"





"ဘယ်လိုတစ်မျိုးလဲ မမသီတာ"

"အိမ်ကဦးကျော်စွာနဲ့ စကားပြောရင်း အတွေးဝင်လာတာပါ။ 'ကြည်လဲ့ကပျောက်၊ ခက်ခက်ရောက်၊ ဒေါ်ဦးအိမ်ကိုဖောက်' ဆိုပြီး ဦးကျော်စွာ ကဗျာတိုလေးစပ်ပြီး ဆိုပြလို့လေ"

"အဲဒီတော့ ..."

"တစ်ခုမျှ မရိုးသားဘူးလေ။ ကြည်လဲ့လည်း ပြန်မတွေ့၊ ခက်ခက်လည်း အစပျောက်။ ဒေါ်ဦးအိမ်က ဖောက်ထွင်းသမားလည်း မမိ။ မထင်ကောင်းထင်ကောင်း ကြည်လဲ့များ လုပ်ရှားနေသလားလို့။ ဘာကြောင့်လဲဆိုတော့ ကြည်လဲ့က ပုံမှန်အလုပ် တိတိကျကျမရှိဘဲ နေနိုင်စားနိုင်နေလို့လေ"

"ဩော် ..."

မမသီတာပြောသည်မှာလည်း တွေးစရာ။

- မှုံရွှေရည်အိမ် ဖောက်ထွင်းခံရပြီး မှုံရွှေရည် အသတ်ခံခဲ့ရ၏။ မှုံရွှေရည်တို့၏မိတ်ဆွေက ကြည်လဲ့။ မှုံရွှေရည်အသတ်ခံရပြီးနောက် ကြည်လဲ့ ပျောက်သွားသည်။ ဘာကြောင့်လဲ။
- ဒေါ်ဦးအိမ် ဖောက်ထွင်းခံရသည်။ ဒေါ်ဦးက ကြည်လဲ့အား အိမ်သော့တစ်ကြိမ် အပ်ဖူးသည်။ ထိုအိမ်သော့ကို အတုလုပ်ထားခဲ့လေသလား။
- ရန်ကုန်ရှိ ကွန်ဒိုနေအိမ်နှင့် ပဲခူးနေအိမ် နှစ်ခုစလုံးတွင် ကြည်လဲ့ရှိမနေခြင်းက ပြစ်မှုတစ်ခုခုကြောင့် ရှောင်တိမ်းနေခြင်းများလား။

"ကြည်လဲ့က ကျောက်အရောင်းဝယ် လုပ်တယ်ဆို"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါလည်း အပြောပါပဲ"

မမသီတာ၏ အယူအဆ၌ ကြည်လဲ့သည် ဖောက်ထွင်းရေးသမား၊ သို့မဟုတ် ရာဇဝတ်မှုမကင်းသော လျှို့ဝှက်အလုပ်လုပ်နေသူ။

"ဒေါ်ဦးအိမ် ဖောက်ထွင်းခံရတုန်းက ဒေါ်ဦးတွေ့လိုက်တာကလည်း မိန်းကလေးမဟုတ်လား"

မမသီတာက ထပ်ပြောသည်။

"အင်း . . . မမသီတာပြောတာလည်း တကယ်တွေးရမယ့် အချက်ပါပဲ"

"မေစံရှားက ကြည်လဲ့ပျောက်လို့ ရှာနေတာမို့ မမသီတာက ကြားထဲက ရင်မောလို့ပြောတာပါ။ ပုန်းတဲ့သူဆိုတာ ရှာတွေ့ဖို့ ခက်သား"

"ဟုတ်ပါတယ်"

"ကဲ . . . လမ်းမှာ ရပ်စကားပြောရတာ မကောင်းဘူး။ မေစံရှားတို့လည်း သွားစရာရှိနေပုံပဲ။ နောက်မှ တွေ့ကြတာပေါ့"

"ဟုတ်ကဲ့။ သတင်းထူးရရင် ကျွန်မဆီ ဖုန်းဆက်ပေးပါနော်။ မမကြည်လဲ့ ပြန်ရောက်နေတာမျိုးပေါ့။ ဟင်း . . . ဟင်း . . ."

"ဆက်မယ် . . . ဆက်မယ်"

နှစ်ဦးသား ရယ်မောလျက် လမ်းခွဲလိုက်ကြသည်။ သီတာက လမ်းကိုပြန်ကူးကာ ကွန်ဒိုဘက်သို့။ မေစံရှားက ကားပေါ်သို့။

ကိုနေသော်က . . .

"ကိုကို ကြားလိုက်တယ်။ သူ့ပြောစကားအရတွေ့ဆိုရင် မမကြည်လဲ့ကမသင်္ကာစရာ ပြန်ဖြစ်နေတယ်"

ကားစက်နှိုးရင်း ပြောသည်။ မေစံရှား ဘာမှုပြန်မပြောဘဲ





ရှေ့ကိုသာ ငေးနေသည်ကို ကြည့်၍ ကိုနေသော်က ထပ်မံ စူးစမ်းသည်။

"ရှား အထင်ကရော"

"တွေးစရာတော့ အားလုံး တွေးရမှာပဲပေါ့။ ကောက်ချက်ချဖို့တော့ လိုပါသေးတယ်"

"ရှားက မမကြည်လဲ့ကို ယုံကြည်မှုရှိပုံပဲ"

"ဘာတစ်မှ မသေချာသေးပါဘူး ကိုကို"

ကားကလေး အရှိန်ဖြင့်ပြေးလျက်။

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

[ ၁၄ ]

❏

"အခြေအနေတွေကတော့ ခုအတိုင်းဆို ရုပ်ထွေးနေတာပဲ နော်"

မေစံရှား ပြန်ပြောသမျှကို နားထောင်ပြီး မောင်ရှင်က ခေါင်းကိုကုတ်သည်။

"မောင်ရှင် အဲဒါ မင်းသယ်လာတဲ့ အရှုပ်တော်ပုံပဲကွ။ ခုတော့ ငါ့ရွှေနေမလေး ခေါင်းစားနေရပြီ"

ကိုနေသော်က ရယ်ကျဲကျဲနှင့် ဝင်ပြောသည်။ ရင်းနှီးစွာ နောက်ပြောင်းပြောခြင်းဖြစ်သော်လည်း မောင်ရှင့်မျက်နှာ၌ အားနာရိပ်က သိသိသာသာ ဖြစ်သွား၏။





"ဆောရီးပဲ မမရှားရာ။ ကိုနေပြောသလို ကျွန်တော် မမရှားကိုဒုက္ခပေးနေမိပြီ ထင်တယ်"

"ဒီလိုမဟုတ်ပါဘူးကွယ်။ မင်းနဲ့ မမရှားတို့ကြားမှာ အားနာစရာ ဘာမှမှမရှိတာ။ မင်းအစ်ကိုက နောက်တာပါ"

ကိုနေသော်ကပါ ဝင်၍ . . .

"ငါ နောက်တာပါကွာ။ မင်းနဲ့ငါတို့က ဒါတွေပြောစရာလား။ မင်းပြဿနာက ငါတို့ပြဿနာပဲပေါ့။ ဒါပေမဲ့ အခု မင်း မမကြည်လဲ့ကိစ္စက တစ်လိမ်နှစ်လိမ် ပွေလိမ်ရှုပ်ဖြစ်နေတယ်။ ဘယ်အစကို ဆွဲရမှန်းမသိ ဖြစ်နေတာ"

မေစံရှားက . . .

"မမကြည်လဲ့အိမ်က ခက်ခက်လည်း ပျောက်သွားပြန်ပြီ။ သူကရော ဘယ်လို ပျောက်ပုံပျောက်နည်းလဲ မသိနိုင်သေးဘူး"

"ဒီတော့ ကျွန်တော် ဘာလုပ်ပေးရမလဲ မမရှား"

မောင်ရှင်က မေးသည်။ မေးရင်းက မေစံရှားကို အားကိုးတကြီး ကြည့်နေ၏။ သူ့အနေနှင့် ကြည်လဲ့ကို ပြန်တွေ့ချင်သည်မှာ အမှန်။ သူ့မျက်လုံးများမှ ကြည်လဲ့အပေါ်ရှိသည့် မေတ္တာရိပ်ကို မြင်နေရသည်ဟု ကိုနေသော်ထင်သည်။ ကိုယ်ချင်းလည်း စာမိပါ၏။

"မင်းကြည့်ရတာ မမကြည်လဲ့အတွက် စိတ်ပူနေပုံရတယ်"

မေစံရှား၏ သွေးတိုးစမ်းစကား။

"ဟုတ်တယ် မမရှား။ သူ တစ်ခုခုဖြစ်နေလားလို့လည်း စိတ်ပူတယ်။ သူ မဟုတ်တာလုပ်တတ်တဲ့ သူလားလို့လည်း စိတ်ပူတယ်"

"လမ်းဆုံးတော့ ရှာတွေ့မှာပါကွာ။ အခု မမရှားက လမ်းကြောင်းလေးတွေ မြင်နေရပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော် ဘာလုပ်ပေးရမလဲ ပြော။ ဘာဖြစ်ဖြစ် ကျွန်တော် လုပ်ပေးလို့ရတယ်"

မောင်ရှင်က သူ၏ဆန္ဒကို ထပ်ပြောသည်။

မေစံရှားက တွေးတွေးဆဆဖြင့် ...

"ကြည်လဲ့အခန်းကို မမရှားက ဝင်ကြည့်ချင်တာ။ အထဲမှာ ကြည်လဲ့နဲ့ပတ်သက်တဲ့ သဲလွန်စတစ်ခုခု ရလိုရငြားပေါ့။ မမရှားအဖို့ တွေးစရာတွေ ရလာနိုင်တယ်။ ဒါပေမဲ့ ခက်ခက်ကလည်း မရှိတော့ဘူး။ ဦးကျော်စွာကလည်း ဒီအခန်းကို ဖွင့်ခွင့်မရှိဘူး"

"အထဲမှာ ဘာတွေရှိနိုင်လဲ"

"တပ်အပ်တော့ ပြောလို့မရဘူးပေါ့။ သူပျောက်သွားတဲ့ဘာနဲ့ ပတ်သက်တဲ့ လက်မှတ်တွေ၊ ဘာတွေ၊ ပေးစာတွေ၊ ပို့စကတ်တွေ၊ စီဒီတွေ၊ အဝတ်အစားတွေ အားလုံးဟာ သဲလွန်စ ရနိုင်တာချည်းပဲ"

"ကျွန်တော် အခန်းကိုရအောင် ဖွင့်ပေးမယ်လေ"

မေစံရှားရော ကိုနေသော်ပါ မျက်လုံးပြူးသွားသည်။

"ဟာ ... ဘယ်ဖြစ်မလဲ။ မဖြစ်ဘူး။ ဒါ တရားဥပဒေနဲ့ မညီဘူး။ ဒါ ဖောက်ထွင်းမှု"

မေစံရှား ပျာပျာသလဲ ငြင်းသလို ...

"ဟော့ကောင် ... မောင်ရှင်၊ ဆန္ဒစောပြီး လျှောက်မလုပ်နဲ့။ သူတို့အရုပ်ပုံထဲမှာ မင်းပါ ပါနေမယ်။ တော်ကြာ မှုန်ရွှေရည်အခန်းကို ဝင်တဲ့ ဖောက်ထွင်းသူခိုး၊ ဒေါ်ဦးခန်းကိုဝင်တဲ့ ဖောက်ထွင်းသူခိုးဟာ မင်းပါလို့ ထင်စရာဖြစ်လာမယ်။ မလုပ်နဲ့"

ကိုနေသော်လည်း ဝင်တားသည်။

"သဘောပြောတာပါ။ မမရှားအတွက် အထောက်အကူရ





အောင်လို့"

"နေပါစေ မောင်ရှင်။ မမရှားဘာသာ လိုက်ပါ့မယ်။ ရဲအုပ်ဝေယံဆီကလည်း သိလာနိုင်ချေရှိပါတယ်"

"မမရှား ... မမကြည်လဲ့က မန္တလေးသွားတာမှ ဟုတ်ရဲ့လား။ မန္တလေးက ကျွန်တော့်သူငယ်ချင်းတွေဆီကို မမရှားဆီကရတဲ့ ဓာတ်ပုံကို ကူးပြီးပို့လိုက်မယ်။ ရှာခိုင်းထားမယ်"

"အဲဒါ ကောင်းသားပဲ မောင်ရှင်"

ကိုနေသော်က ဝင်၍ ထောက်ခံသည်။

"ဒါပေမဲ့ မန္တလေးက အကျယ်ကြီး။ လွယ်တော့မလွယ်ဘူး"

မေစံရှားက ရုံးခန်းပြတင်းမှနေ၍ အပြင်ကို လှမ်းငေးကာ တစ်စုံတစ်ရာကို တွေးနေရာမှ ...

"မောင်ရှင် ... မင်းလုပ်ပေးနိုင်ရင်တော့ မမရှား အကူအညီတစ်ခု တောင်းချင်တယ်"

ဟု စကားစသည်။

"ဘာလဲ မမရှား။ ဖြစ်တယ် လုပ်ပေးမယ်"

မောင်ရှင် အားတက်သရော။

"မှုန်ရွှေရည်ရော၊ မှုန်ရွှေရည်တို့တိုက်ရော အာမခံထားတယ်လို့ သိရတယ်။ မှုန်ရွှေရည် အသက်အာမခံကိစ္စ၊ မီးလောင်တဲ့ သူတို့အိမ်ရဲ့ အာမခံကိစ္စတွေကို ထည့်တွေးဖို့လိုနေတယ်။ အဲဒါ မင်း စုံစမ်းပေးနိုင်မလား"

"ရုံးမှာ စုံစမ်းရမလား"

"မဟုတ်ဘူး။ မှုန်ရွှေရည်ယောကျ်ား ခင်မောင်ရင်တို့ဆီမှာ စုံစမ်းမှရမှာ။ မမရှားတို့က ခင်မောင်ရင်နေတဲ့ အိမ်လိပ်စာရလာတယ်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

အိမ်ဝယ်မယ်ဆိုပြီး တောင်းလာတာ။ ဒါပေမဲ့ အိမ်ဝယ်ဖို့ကိစ္စနဲ့သွားရင် မီးလောင်တဲ့ကိစ္စ၊ မှုံရွှေရည် သေဆုံးရတဲ့ကိစ္စတွေ လျှောက်မေးလို့ မကောင်းဘူးလေ။ မမရှားသိချင်တာက မှုံရွှေရည်သေဆုံးပြီး အိမ်မီးလောင်ခံရတဲ့ ညက အဖြစ်အပျက်အမှန် အသေးစိတ်''

''ဒါလေးများ မမရှားရယ်။ အဲဒါ မောင်ရှင့် တာဝန်ထား။ အဲဒီလူနဲ့ကျွန်တော် သွားတွေ့မယ်''

''မင်းက ဘယ်ပုံစံနဲ့ သွားတွေ့မှာလဲ''

''ဒါကတော့ စဉ်းစားရမှာပေါ့။ မပူပါနဲ့ မမရှားရာ။ ဒါမျိုးက မောင်ရှင် လုပ်နေကျပါ။ ဒီထက် ခက်ခဲတာတွေ မောင်ရှင်လုပ်ခဲ့တာ မမရှားတို့ သိပါတယ်''

''အေး ... ဘာပဲဖြစ်ဖြစ် သေသေချာချာ ပိပိရိရိ တည်တည်ငြိမ်ငြိမ်ရှိဖို့တော့ လိုတယ်။ တစ်ဖက်က မသင်္ကာစရာဖြစ်ရင် မကောင်းဘူး။ ပြီးတော့ လမ်းလွဲပြီး မင်းအပေါ်ရဲက လိုက်လာမှာမျိုး ဖြစ်မှာစိုးတယ်''

''အေးဆေးပါ မမရှားရာ။ ရက်အနည်းငယ်အတွင်း မမရှား သိချင်တာ အားလုံး သိစေရမယ်''

''ဟဲ့ ... အာမခံ ရဲလှချေလား''

''မမရှားရဲ့ မောင်လေ။ ရွှေနေမလေး မေစံရှားရဲ့မောင် တစ်ကိုယ်တော် သမာဓိမောင်ရှင်ပဲဟာ''

''ဥပဒေရှိတယ်ဆိုတာ မမေ့နဲ့နော်''

''စိတ်ချပါ''

မောင်ရှင် နှုတ်ဆက်ပြီး ပြန်သွားသောအခါ မေစံရှား၏ရုံးခန်းထဲမှာ မေစံရှားနှင့် ကိုနေသော် တိတ်ဆိတ်စွာ ကျန်ခဲ့ကြ၏။

---

စိတ်ကူးသစ်စာပေ



နှစ်ဦးစလုံးမှာ အတွေးကိုယ်စီဖြင့်။

- ကြည်လဲ့ ဘယ်ရောက်နေလဲ။
- မှုံရွှေရည် မည်သို့မည်ပုံ သေဆုံးရသလဲ။ ဖောက်ထွင်းသူခိုးက ဘာကြောင့် လူသတ်ပြီး မီးရှို့သလဲ။
- ဒေါ်ဦးအိမ်ကို ဖောက်ထွင်းဝင်ရောက်သူနှင့် မှုံရွှေရည်အိမ်ကို ဖောက်ထွင်းဝင်ရောက်သူ တစ်ဦးတည်းလား။
- ခက်ခက်ကရော ဘယ်သူလဲ။ သူ ဘယ်ရောက်သွားလဲ။
- ကြည်လဲ့ကရော ယုံကြည်နိုင်ဖွယ် ရှိရဲ့လား။

www.burmeseclassic.com

| ၁၅ |

ဖုန်းမြည်လာသဖြင့် မေစံရှားက စားပွဲပေါ်တင်ထားသော သူ၏ဟမ်းဖုန်းကို ကောက်ယူကာ ဖွင့်၍ နားထောင်သည်။

"ဟဲလို အမိန့်ရှိပါရှင်"

"ဒေါ်မေစံရှားလား။ ကျွန်တော် ဝေယံပါ"

"ဩော် ... ကိုဝေယံ ... ပြော။ ဘာထူးလို့လဲ။ မမကြည်လဲ့ ပျောက်တဲ့ကိစ္စ တစ်ခုခု သိရလို့လား"

"အဲဒါ ခုထိတော့ ဘာမျှ တိတိကျကျ မပြောနိုင်သေးဘူး။ နယ်တွေကို သတင်းမေးထားတာလည်း ဘာမျှ ပြန်ဝင်မလာဘူး။ ဒါပေမဲ့ ..."





"ဒါပေမဲ့ ဘာဖြစ်လဲ ကိုဝေယံ"

"ကျောက်စိမ်းကွန်ဒိုက ကြည်လဲ့အခန်းဘေးမှာနေတဲ့ ချိုမာဆိုတဲ့အမျိုးသမီး ကျွန်တော့်ဆီကို ရောက်လာလို့ ဒေါ်မေစံရှားဆီကို လွှတ်လိုက်တယ်။ ကြည်လဲ့နဲ့ ပတ်သက်တာတွေ မေးစမ်းလို့ရအောင်ပါ"

"ဟာ ... သိပ်ကောင်းတာပေါ့။ ကျေးဇူးပဲ ကိုဝေယံ။ ချိုမာက ဘယ်တော့လာမှာလဲ"

"အခု လာနေပြီ။ မကြာခင် ရောက်လာလိမ့်မယ်"

ရဲအုပ်ဝေယံ ဖုန်းချသွားပြီးနောက် မေစံရှားသည် ရုံးခန်းစားပွဲမှထကာ ဝရန်တာသို့ ထွက်လိုက်သည်။ အပြင်တွင် နေသာနေ၏။ အရှေ့ကို မျက်နှာမူထားသော တိုက်ဖြစ်သောကြောင့် နေ့လယ်နေကို ကျောပေးထားရသဖြင့် ဝရန်တာသို့ နေရောင်ကကျမလာ။ မြစ်ပြင်ဘက်မှ တစ်ချက်တစ်ချက် ဝေ့သုတ်လာသောလေကို ရသဖြင့် အပူရှိန်သက်သာသည်။

လမ်းပေါ်မှ သွားလာနေသူများကို မေစံရှား ငုံ့ကြည့်ရင်း အတွေးတွေ ပွားနေသည်။ လမ်းပေါ်ကျနေသော နေရှိန်အောက်မှာ နေ၏အပူကို ပူရကောင်းမှန်းမသိ ဖြတ်သန်းသွားလာနေကြသူများ။ ဝမ်းတစ်ထွာအတွက်လည်း ဖြစ်နိုင်၏။

ပြီးတော့ ဤနေရာက တရားရုံးအနီး ဝန်းကျင်ဖြစ်သည်။ တရားသူကြီးများ၊ ရှေ့နေများ၊ ဥပဒေပြစ်ဒဏ်များ၊ မိုက်မှားမှု၏ ဒဏ်ခတ်မှုများ၊ ပြီး ... မတရားခံရမှုများတို့ဖြင့် ရင်တွင်းအပူက အပြင်က နေပူပူထက် ပို၍ ပူနေကြပုံပေါ်သည်။

မေစံရှား သက်ပြင်းရှိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



အကျဉ်းထောင်များ၊ တရားရုံးများ လောကတွင် မရှိသော ကာလတစ်ခု ဖြစ်စေချင်လှ၏။ ရောက်စေချင်လှ၏။

ထိုသို့ ဖြစ်ဖို့ရာမှာမူ လူတို့၏ လောဘ၊ ဒေါသ၊ မောဟ၊ တဏှာရာဂ၊ မာနများကင်းကွာဖို့ လိုပေသည်။ ထိုတရားများ အပြီးတိုင် ငြိမ်းအေးဖို့ဆိုသည်မှာလည်း ဝေးကွာလွန်းလှလေ၏။

တရားဓမ္မများက မတရားအဓမ္မများကို အနိုင်ယူပြီး လောကကြီးတွင် မေတ္တာတရားတို့ဖြင့် ထုံမွှမ်း အေးငြိမ်းသာယာဖို့ဆိုသည်မှာ လူတို့အပေါ်တွင် တည်နေပေသည်။

လူဆိုသည်မှာက အခက်သား။

ကောင်းတာလုပ်တာလည်း လူ။

ဆိုးတာလုပ်တာလည်း လူ။

မြတ်စွာဘုရား ဟောကြားသလို လူသည် မိမိ၏အပြစ်များကို ပန်းထိမ်သည်က ငွေမှ အညစ်အကြေးများကို တဖြည်းဖြည်း တစ်စစီထုတ်ပယ်သလို ထုတ်ပယ်ဆေးကြောသင့်လှပါ၏။

မေစံရှားကတော့ ချစ်သူ ကိုနေသော်ပြောသည့်နည်းကို နှစ်မြိုက်လက်ခံ ကျင့်သုံးနေသည်ဟု ဆိုရမည်။

ရိုးရိုးလေးပါ။

မလုပ်မီမှာ စဉ်းစားပါ။ ဓမ္မနှင့် ညီမညီ။ ညီလျှင်လုပ်။

လုပ်ပြီးလျှင် ပြန်ဆန်းစစ်ပါ။ ဓမ္မနှင့်ညီမညီ။ ညီလျှင် ဆက်လုပ်။ မညီလျှင် ရပ်။ နောက်တစ်ကြိမ် မလုပ်မိအောင် သတိထား။

ညအိပ်ရာဝင်ပြီး မအိပ်မီ တစ်နေ့တာ ကျင်လည်ဖြတ်သန်းခဲ့သမျှကို နဖူးပေါ်လက်တင်ကာ မိမိကိုယ်ကို ဆန်းစစ်သော ထိုအကျင့်ကို မိမိတို့ချစ်သူနှစ်ဦးသည် တာဝန်တစ်ခု အလေ့အကျင့်တစ်ခုပမာ





နေ့စဉ် ပြုမြဲ။

ယင်းသည်ပင် မေစံရှားတို့အဖို့ လူနတ်ချစ်ခင်မှု ရရှိသည်ဟု ပြောရပေလိမ့်မည်။

ဟော ...

အတွေးတွေ ပွားနေမိုက်မှာပင် ...

မေစံရှား၏ ရုံးခန်းရှိရာ အဆောက်အအုံ၏ရှေ့ ပလက်ဖောင်းဘေးတွင် အငှားယာဉ်တစ်စီး ထိုးရပ်လာသည်။ ပြီးတော့ ကားထဲမှာ အမျိုးသမီးတစ်ဦး ထွက်လာသည်။ ပါတိတ်ဝမ်းဆက်နှင့် ဖြစ်၏။

ရဲအုပ်ဝေယံ ဖုန်းဆက်ထားသည့် ချိုမာဖြစ်ပေလိမ့်မည်။

အမျိုးသမီးသည် စကြံပေါ်တွင်ရပ်ကာ အပေါ်သို့ တစ်ချက်မော့ကြည့်ပြီး အောက်ထပ်လှေကားဆီသို့ ဝင်သွားသည်။

မကြာမီပင် အဆောက်အအုံဟောင်းကြီး၏ သစ်သားလှေကားပေါ်သို့ တက်လာသော ခြေသံကို ကြားရ၏။

တံခါးဝ၌ အမျိုးသမီး ပေါ်လာသည်။

"ဒေါ်မေစံရှား ရှိပါသလားရှင်"

မေစံရှားက လူလုံးပြ၍ ဆီးကြိုလိုက်၏။

"ရှိပါတယ် ကျွန်မပါပဲ။ မမချိုမာ ဆိုတာများလားရှင်"

အမျိုးသမီးမျက်နှာတွင် အပြုံးတစ်ပွင့် ပွင့်လာသည်။

"ဟုတ်ပါတယ်။ ရဲအုပ်ဝေယံ လွှတ်လိုက်တာပါ"

"ကျွန်မဆီကို ကိုဝေယံ ဖုန်းဆက်ထားပါတယ်။ ထိုင်ပါရှင်"

စားပွဲရှေ့ ထိုင်ခုံတွင် ချိုမာ ဝင်ထိုင်သည်။ မေစံရှားက သူမ၏ထိုင်ခုံတွင် ပြန်ထိုင်ပြီး ချိုမာ့ကို မသိမသာ တစ်ချက် အကဲခတ်လိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ရဲရဲတင်းတင်း ပွင့်ပွင့်လင်းလင်း သွက်သွက်လက်လက် ရှိပုံရသော အမျိုးသမီးဖြစ်သည်။

"မမချိုမာက မမကြည်လဲ့နဲ့ အခန်းချင်းကပ်မှာ နေတယ်ဆို"

မေစံရှားက ချိုမာသည် သူမထက် အသက်ကြီး၍ မမကြည်လဲ့၊ မမသိမ့်တို့နှင့် ရွယ်တူဖြစ်ဟန်ရှိကြောင်း တွက်ဆမိ၍ 'မမ' ဟုပင် ခေါ်ဝေါ်သုံးနှုန်းလိုက်ခြင်း ဖြစ်သည်။

"ဟုတ်ပါတယ်။ သူငယ်ချင်းမဟုတ်ပေမဲ့ ရင်းနှီးမှုတော့ရှိပါတယ်"

"ကျွန်မ မိတ်ဆွေတွေက မမကြည်လဲ့ ပျောက်နေတယ်လို့ယူဆပြီး ကျွန်မကို ပိုင်းရှာဖွေပေးဖို့ အကူအညီတောင်းထားလို့ပါ။ ရဲစခန်းမှာလည်း တိုင်ချက်ဖွင့်ထားပြီး ကိုဝေယံတို့လည်း စုံစမ်းနေပါတယ်။ မမချိုမာဆီက မမကြည်လဲ့နဲ့ပတ်သက်လို့ အခြေအနေ အကျိုးအကြောင်း သိချင်ပါတယ်"

ချိုမာက ခေါင်းညိတ်ရင်း သက်ပြင်းချသည်။

"ကျွန်မက နေပြည်တော်ကို အလုပ်တာဝန်နဲ့ ပြောင်းရွှေ့သွားတာ လေးငါးလရှိသွားပြီပေါ့။ ဒါကြောင့် ကြည်လဲ့ပျောက်နေတယ်ဆိုတာကို မသိလိုက်ဘူး။ အခု ပြန်လာတဲ့အချိန်မှာမှ သိရတာ။ ဒါကြောင့် အခြေအနေ သိချင်တာနဲ့ ရဲစခန်းသွားခဲ့တာပါ"

"ဟုတ်ကဲ့"

"ကြည်လဲ့က အနီးပတ်ဝန်းကျင်မှာတော့ သိပ်ရောရော နှောနှော နေတတ်တဲ့သူမဟုတ်လို့ ဘာပြဿနာမှရှိတာ မတွေ့ရပါဘူး။ ဆက်ဆံရေးနည်းနည်းကျဲပေမဲ့ သဘောမနှော မဆိုးပါဘူး။ ဒါကလည်း





ယောက်ျားဆုံးပြီးနောက်ပိုင်း အထီးကျန်ဆန်ဆန် ဖြတ်သန်းနေတာလို့ယူဆရင် ယူဆနိုင်ပါတယ်"

မေစံရှားခေါင်းထဲမှာ မေးခွန်းတစ်ခု ပေါ်လာသည်။

"မမကြည်လဲ့က နောက်ထပ်အိမ်ထောင်ပြုဖို့ အစီအစဉ်မရှိဘူးလား။ တွဲနေတာတွေဘာတွေ ရှိလား"

"အဲဒီလောက်ထိတော့ သူ့ကိုယ်ရေးကိုတာကို မသိဘူး။ ဒါပေမဲ့ တစ်ကြိမ်မှာတော့ ယောက်ျားတစ်ယောက်နဲ့ပတ်သက်ပြီး စကားများတာတစ်ခု တွေ့မိတယ်"

မေစံရှား စိတ်ဝင်စားသွားသည်။

"ပြောပါဦး မမချိုမာ။ အဲဒါ အရေးကြီးတဲ့အချက် ဖြစ်လာနိုင်တယ်"

"ကြည်လဲ့နဲ့ စကားများတာက သူ့အစ်မဝမ်းကွဲဆိုတဲ့ သိမ့်ဆိုတဲ့ အမျိုးသမီးနဲ့ပါ"

"မမသိမ့်"

မေစံရှား မျက်ခုံးများ ပင့်တက်သွားသည်။

"မမသိမ့်ကို ပြောတာလား"

"ဟုတ်ပါတယ်။ ဒေါ်မေစံရှား သိလို့လား"

"မမကြည်လဲ့ကို ရှာပေးဖို့ အကူအညီလာတောင်းတာ အဲဒီမမသိမ့်ပါ"

"သူကရော ဘာတွေပြောလဲ"

ချိုမာက ပြန်မေးသည်။

"မမကြည်လဲ့နဲ့ မတွေ့တာ တစ်နှစ်ကျော်ပြီတဲ့။ အခုမှ ကိစ္စတစ်ခုရှိလို့ သွားရှာတော့ မတွေ့ဘဲ အခြားတစ်ယောက်ကို အိမ်ငှား



www.burmeseclassic.com

www.burmeseclassic.com



တင်ထားတာ တွေ့ရလို့တဲ့။ မမကြည်လဲ့ရဲ့ ပဲရှူးအိမ်ကို စုံစမ်းတော့လည်း မရှိဘူးတဲ့"

"ကြည်လဲ့နဲ့ သိမ့် မတွေ့တာ တစ်နှစ်ကျော်လို့ ပြောတယ် ဟုတ်လား"

"ဟုတ်ပါတယ်"

ချိုမာ မျက်နှာပြင်၌ ဖျတ်ခနဲ ပြုံးရိပ်ပေါ်လာ၏။

"ကျွန်မ နေပြည်တော်သွားဖို့ ပြင်ဆင်နေတဲ့ရက်၊ အင်း .. လွန်ခဲ့တဲ့ ငါးလလောက်က သိမ့် ကြည်လဲ့ဆီကို ရောက်လာတာပါ။ ကြည်လဲ့နဲ့ စကားများတဲ့သူဟာ အဲဒီသိမ့်ပါပဲ"

"ဟင် ..."

မေစံရှား အံ့အားသင့်သွားရပြန်၏။

– မသိမ့်က မမကြည်လဲ့နှင့် ငါးလလောက်က တွေ့ခဲ့ပေမဲ့ မတွေ့တာ တစ်နှစ်ကျော်ပြီဟု ပြောသွားခဲ့သည်မှာ အဘယ် ကြောင့်နည်း။

– မသိမ့်နှင့် မမကြည်လဲ့ စကားများရသည်မှာကော ဘာ အကြောင်းနည်း။

"သူတို့ ဘာကြောင့် စကားများတာလဲ။ ပြင်းထန်လား"

စူးစမ်းသော မေစံရှား၏ မေးခွန်း။

"ပြင်းထန်တယ်။ စကားများရတဲ့အကြောင်းက စောစောက ကျွန်မပြောတဲ့ ယောက်ျားတစ်ယောက်နဲ့ ပတ်သက်လို့ပဲ"

"ချစ်သူပြိုင်ဘက် သဘောလား"

ချိုမာ ပြုံး၏။ မောလျပြုံး။

"မဟုတ်ဘူး။ သိမ့်က သူ့ယောက်ျားနဲ့ ကြည်လဲ့ကို ယိုးစွပ်





တာ"

"ဟင် ..."

"သိမ့်ယောက်ျားကိုတော့ ကျွန်မ မသိပါဘူး။ တွေ့လည်း မတွေ့ဖူးပါဘူး။ စကားထဲမှာပဲ ကြားလိုက်ရတာပါ။ ကျွန်မက ကြည်လဲ့ အခန်းကိုအသွားမှာ သူတို့ စကားများနေတာ တစ်စွန်းတစ်စ ကြားလိုက် ရတာပါ။ အလုံးစုံ ဂယနတော့ မဟုတ်ဘူး"

– မမကြည်လဲ့နှင့် မမသိမ့် စကားများရခြင်းက မမသိမ့် ယောက်ျားနှင့် ပတ်သက်နေသည်ဆိုတော့ ပြဿနာက အသေးအဖွဲမဟုတ်။ ထိုအချက်ကြောင့်များ မမသိမ့်က ကြည်လဲ့ကို ဖျောက်ဖျက်ပစ်သလား။ ပြီးမှ မေစံရှားကို လာ၍ အကာအကွယ်ယူခြင်းများလား။

"အဲဒီနောက်တော့ မမသိမ့်လာတာ မတွေ့ရတော့ဘူး"

"မမကြည်လဲ့ရဲ့ စီးပွားရေးကရော"

"သူက ကျောက်အရောင်းအဝယ် နည်းနည်းပါးပါး လုပ်ပါ တယ်။ မဖြစ်စလောက်ပါ။ ဒါပေမဲ့ သူ့ယောက်ျားရှိစဉ်က ရှယ်ယာ လုပ်ထားတဲ့ လုပ်ငန်းတစ်ခုရှိတယ်။ အဲဒီကဝင်ငွေနဲ့ သူ ကောင်းကောင်း ရပ်တည်နိုင်တယ်လေ။ ပြီးတော့ သူ့ယောက်ျားချန်ခဲ့တဲ့ ရွှေငွေပစ္စည်း တော်တော်များများ ရှိပုံရတယ်"

"ဘာလုပ်ငန်းလို့ သူပြောလဲ။ သူပိုင်ဆိုင်တယ်လို့ ပြောတဲ့ ရွှေငွေတွေဆိုတာ မမချိုမာ မြင်ဖူးတွေ့ဖူးလား"

"ဟင့်အင်း ...အဲဒီလောက်ထိ သူနဲ့ကျွန်မ မရင်းနှီးဘူး။ သူပြောတာပဲ ကြားရသိရတာ"

"ဒါဆိုတော့ အမှန်လည်း ဖြစ်နိုင်သလို၊ အပြောသက်သက်



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်နိုင်တာပဲပေါ့။ နောက်တစ်ခုက မမကြည်လဲ့ဟာ ဥပဒေနဲ့ ငြိစွန်းတဲ့ အလုပ်မျိုးတွေ လုပ်နေတာမျိုးကော ရှိနိုင်လား''

မမချိုမာ ချက်ချင်းမဖြေ။ တွေးတွေးဆဆဖြင့် ...

''မဖြစ်လောက်ပါဘူး။ သူ့အိမ်ကို လူဝင်လူထွက်လည်း မများဘူး။ အဝင်အထွက်ဆိုလို့ မှုံရွှေရည်တို့ပဲရှိတယ်''

''မှုံရွှေရည်တို့အိမ် ဖောက်ထွင်းသမားဝင်ပြီး အိမ်မီးလောင်ပြီး မှုံရွှေရည် သေသွားရတာကော မမချိုမာသိလား''

''အဲဒါ အခုပြန်လာမှ သိတာပါ''

''မှုံရွှေရည်နဲ့ မမကြည်လဲ့တို့ရဲ့ ဆက်ဆံရေးကရော''

''အတိအကျတော့ မပြောနိုင်ဘူး။ ကြည့်ရတာ မှုံရွှေရည်က ကြည်လဲ့ဆီက ငွေချေးတာမျိုးတွေတော့ ရှိပုံပဲ။ မှုံရွှေရည်က လောင်းကစားသမားလေ။ သူ့ယောက်ျား ခင်မောင်ရင်ကလည်း လူပွေလူရှုပ်ပဲ။ ကျွန်မအထင် တစ်ခု ပြောမယ်နော်''

''ပြောပါ မမချိုမာ''

''မသေချာဘူးနော်။ အထင်ပြောတာ''

''ဟုတ်ကဲ့ပါ''

''ခင်မောင်ရင်က မမကြည်လဲ့ကို ကပ်နေပုံရှိတယ်။ ငြိမငြိတော့ မသိဘူး''

မေစံရှားခေါင်းထဲမှာ တွေးစရာတစ်ချက် ဝင်လာပြန်၏။

''မမကြည်လဲ့ရဲ့အကြောင်း တခြားဘာများ သိထားတာရှိသေးလဲ မမချိုမာ''

''ဘာမှတော့ ထူးထူးခြားခြား မရှိပါဘူး။ တစ်နှစ်တစ်ခါလောက် ပဲခူးအိမ်ကို ပြန်တတ်တယ်။ သူ့သူငယ်ချင်းရှိတယ်။ ညီအစ်မလို ချစ်





ကြတယ်လို့ ပြောဖူးတယ်။ စာအဆက်အသွယ်ရှိတယ်''

''မမကြည်လဲ့နဲ့ မမချိုမာ အပြင်တွေ ဘာတွေ အတူသွားဖူးလား''

''မသွားဖူးပါဘူး။ သူနဲ့ကျွန်မက အဲဒီလောက်အဆင့်ထိ ခင်မင်ရင်းနှီးတာ မဟုတ်ဘူး။ အဲ ... ဒါပေမဲ့ တစ်ကြိမ်တော့ သွားဖူးတယ်။ သူ့ဖနောင့်နာနာနေလို့ ကျွန်မက ကျွန်မလည်း ဖြစ်ဖူးတယ်။ ဒါ ဖနောင့်အတက် ထွက်တာပဲဆိုတော့ သူက ကျွန်မကုတဲ့ ဆရာဝန်ဆီ ပို့ပေးပါပြောတာနဲ့ လိုက်ပို့ရဖူးတယ်။

ဓာတ်မှန်ရိုက်ကြည့်တော့ ဟုတ်နေတယ်။ ဖနောင့်ကို ဆေးထိုးရတယ်။ ကျွန်မက ဒေါက်ဖိနပ်စီးဖို့ အကြံပေးလို့ သူစီးတယ်။ အဲဒီတုန်းကတောင် 'မှုံရွှေရည်က ဒေါက်ဖိနပ်တွေ ဘာတွေနဲ့ နောက်ယောက်ျား လိုချင်ပြီလား' လို့ သူ့ကိုပြောသေးတယ်''

''မမချိုမာ ဒီကို အပြီးပြန်လာတာလား။ နေပြည်တော်ကို ပြန်သွားဦးမှာလား''

''ပြန်သွားရမှာ။ ဒါပေမဲ့ ဒီမှာကြာဦးမယ်။ ကျွန်မတို့ဌာနက လုပ်ငန်းကိစ္စတချို့အတွက်နဲ့ ဒီကိုလာရတာ''

''နောက်ထပ် မမကြည်လဲ့နဲ့ ပတ်သက်လို့ ထူးခြားမှုတစ်ခုခု သတိရရင် တွေးမိရင် ကျွန်မကို ပြောပြပေးပါဦး''

''ရပါတယ် ပြောပါမယ်''

''ဒီနေ့ မမချိုမာဆီကရတဲ့အချက်တွေက ကျွန်မကို အထောက်အကူပြုမှာပါ။ ကျေးဇူးတင်ပါတယ် မမချိုမာ''

ချိုမာ နှုတ်ဆက်ပြီး ပြန်သွားသောအခါ ...

မေစံရှား မေးခွန်းများနှင့် လုံးထွေးကျန်ခဲ့ရင်း ...



www.burmeseclassic.com

www.burmeseclassic.com

- မမသိမ့်ကပဲ သူမ၏ယောကျ်ားနှင့် ပတ်သက်ပြီး အမှန်တရားများနှင့် မမကြည်လဲ့ကို အစဖျောက်ခဲ့သလား။
- မမကြည်လဲ့က မှုံ့ရွှေရည်ယောကျ်ား ခင်မောင်ရင်နှင့် ငြိနေပြီး မှုံ့ရွှေရည်ကိုများ ရှင်းထုတ်ကာ ရှောင်တိမ်းနေခြင်းလား။

■ ■ ■

( ၁၆ )

❑

ကိုနေသော်မောင်းလာသော ပါပလေကာကားလေးက ဦးအောင်လုတို့အိမ်ရှေ့မှာ ထိုးရပ်သည်။

ကားပေါ်မှ ကိုနေသော်နှင့် မေစံရှား ဆင်းလိုက်စဉ်မှာပင် အိမ်ထဲမှ ဦးအောင်လု ထွက်လာသည်။

"တူမတို့ပါလား။ လာ . . . လာ . . . အိမ်ထဲဝင်"

ဦးအောင်လုက ဖိတ်ခေါ်သည်။

"အိမ်ထဲ မဝင်တော့ပါဘူး ဦးလေး။ အခေါ်ရော နေကောင်းရဲ့လား"

"ကောင်းပါတယ်ကွယ်။ ဒါနဲ့ တူမတို့က ဘယ်ကိုလာတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်မတို့ ကိုခင်မောင်ရင်ဆီကို ဖုန်းဆက်ပြီး အိမ်အကြောင်း စုံစမ်းပြီးပါပြီ။ သူက အိမ်ကိုကြည့်ချင်ရင် ဦးလေးတို့ဆီမှာ သော့အပ်ထားတယ်။ တောင်းယူပြီး ဝင်ကြည့်ပါလို့ ပြောလိုပါ"

"တူမတို့က အိမ်ကြည့်ချင်လို့လား။ ရပါတယ်။ ခဏနော်"

ဦးအောင်လှ အိမ်ထဲပြန်ဝင်သွားသည်။

ကိုနေသော်က ...

"ရှား ဘယ်တုန်းက ခင်မောင်ရင်ဆီကို ဖုန်းဆက်ထားတာလဲ"

မေး၏။

"မနေ့ကလေ ...။ မောင်ရင် သူ့ဆီရောက်မရောက် သိချင်တာလည်း တစ်ကြောင်းမို့ ဆက်လိုက်တာ။ အာမခံဌာနက လာသွားတယ်လည်းပြောတယ်။ ကေနွဲ့ မောင်ရင်ပဲ ဖြစ်မယ်ထင်တယ်"

"ဒါနဲ့ အိမ်ကြည့်ချင်တယ် ပြောလိုက်တော့ အိမ်သော့တောင်းယူပြီးကြည့်ဖို့ ပြောလိုက်တယ်ပေါ့"

"ဟုတ်တယ် ကိုကို"

ဦးအောင်လှ ပြန်ထွက်လာကာ သော့တစ်တွဲကို ကမ်းပေးသည်။

"အဘွားကြီးကို ကျွေးဖို့ စွပ်ပြုတ်လေး လုပ်လျက်တန်းလန်းမို့ ဦးလေး မလိုက်တော့ဘူးနော်။ တူမတို့ဘာသာ ဖွင့်ဝင်ပြီး ကြည့်ပေတော့။ အဖိုးတန်ပစ္စည်းတွေ အထဲမှာ ဘာမှမရှိတော့လို့ စိတ်တိုင်းကျအေးအေးဆေးဆေး ကြည့်လို့ရတယ်"

"ဟုတ်ကဲ့ ... ကျေးဇူးပဲ"

ဦးအောင်လှပေးလိုက်သော သော့ဖြင့် မေစံရှားနှင့် ကိုနေသော်





တို့ အိမ်ကိုဖွင့်ကာ အထဲကို ဝင်ခဲ့ကြသည်။

အိမ်ထဲတွင် မီးခိုးနံ့က မပြယ်ချင်သေးဟု ထင်ရ၏။ ပြီးတော့ မီးလောင်ထားသဖြင့် မျက်နှာကြက်တွေ နံရံတွေမှာ မည်းညစ်နေသည်။ ပရိဘောဂအချို့မှာ မီးကျွမ်း တစ်ပိုင်းတစ်စဖြင့်။

"ဖောက်ထွင်းသမားလို့ ပြောနေကြပေမဲ့ ကိုကို့အထင် ဖောက်ထွင်းသမားမဟုတ်ဘူး။ လူအိပ်ချိန် ဖောက်ထွင်းဝင်လာတာမဟုတ်ဘူး။ တံခါးခေါက်ပြီး လာတဲ့သူပဲ။ မှုံရွှေရည်ကို လုပ်ကြံတာဖြစ်ရမယ်။ တံခါးခေါက်လို့ မှုံရွှေရည်က တံခါးဖွင့်ပေးတယ်ဆိုကတည်းက သိနေတဲ့သူဖြစ်နိုင်တယ်"

ကိုနေသော်က စတင်၍ ထင်မြင်ချက်ပေးသည်။

"ကိုကိုပြောတာ သဘာဝကျပါတယ်"

"တစ်ခုပဲ ...။ ဝင်လာသူက ချက်ချင်း ဒီနေရာမှာတင် မှုံရွှေရည်ကို ရန်ပြုတာလား၊ အထဲမှာ စကားပြောပြီးမှ ထဖြစ်တာလား ဧည့်စားတဲ့အခါ ဒေါ်မြကြည်ပြောစကားအရ အချင်းများပြီးမှ ဖြစ်တယ်ဆိုတာ မှန်းဆလို့ရနိုင်တယ်။

ရဲအုပ်ဝေယံတို့ စကားအရ မှုံရွှေရည် မီးလောင်သေဆုံးရတယ်။ ရုပ်ပျက်ဆင်းပျက်ဆိုပေမဲ့ ဒီအိမ်ရဲ့ညည့်ခန်းက မီးအများကြီးလောင်တာ မဟုတ်ဘူး။ ဒီတော့ ဒီမှာမဖြစ်နိုင်ဘူး။ ကိုဝေယံပြောတဲ့အထဲမှာ မြေအောက်ခန်းနဲ့ အခန်းတချို့ မီးလောင်တယ်ဆိုတော့ အခန်းထဲအရင်ဝင်ကြည့်မယ်။ ပြီးတော့မှ မြေအောက်ခန်းထဲ ဆင်းကြည့်တာပေါ့"

"ဟိုရှေ့က အိပ်ခန်းထင်တယ်"

အိပ်ခန်းက သော့ခတ်မထား။ တစ်ပိုင်းတစ်စ မီးလောင်ထား



www.burmeseclassic.com

www.burmeseclassic.com



သော တံခါးကို တွန်းဖွင့်ကာ အထဲသို့ ဝင်လိုက်သည်။ အခန်းအတွင်းမှာ အားလုံးကို မီးလောင်ကျွမ်းမသွား။ ခုတင်၊ မှန်တင်ခုံ စသည်များကို တချို့တစ်ဝက် လောင်ကျွမ်းထားသည်။ မီးလောင်ထားသော မွေ့ရာနှင့် မည်းတူးနေသော မီးလောင်မှိုများ၊ အခင်းများကို တွေ့ရ၏။ စာအုပ်အချို့ မီးလောင်ထားသည်။ ဗီရိုကြီးမှာလည်း တစ်ပိုင်း မီးထဲပါသွားသည်။

မီးလောင်စဉ်က မီးသတ်ထားသည့် ရေများနှင့် မီးလောင်ပစ္စည်းများကြောင့် တစ်ခန်းလုံး ရှုပ်ထွေးပေပွလျက်ရှိသည်။

"ရှား ... ကြမ်းပြင်ကို သတိထားပြီးနင်း။ အချွန်အတက် အစအနတွေ စူးလိမ့်မယ်"

ကိုနေသော်က သတိပေးသည်။

အသုံးအဆောင် ပစ္စည်းပစ္စယ ဘာမျှ ကောင်းကောင်းမွန်မွန် ပြန်ရပုံမရှိ။ အိမ်ကတော့ တိုက်အိမ်ကလေးဖြစ်၍ ညှပ်သားများသာ လောင်ကျွမ်းပြီး နံရံတွေက ကျန်ရစ်သည်။

မေစံရှားက ကြမ်းပြင်နှင့် ပတ်ဝန်းကျင်ကို စေ့စေ့စပ်စပ်ကြည့်ရှုပြီး ...

"မှုခွေရည် မီးလောင်သေဆုံးတာ ဒီထဲမှာ ဖြစ်ဟန်မရှိဘူး ကိုကို"

"ကိုကိုလည်း အဲဒီလိုပဲထင်တယ်"

"မြေအောက်ခန်း ရှာကြည့်ကြစို့"

မြေအောက်ခန်းကို ခက်ခက်ခဲခဲ ရှည်ရှည်ကြာကြာ မရှာရပါ။ မီးလောင်ထားသည့် မီးဖိုခန်းဟု ယူဆရသော အခန်း၏ဘေး၌ သံတံခါးတစ်ချပ်တွေ့ရပြီး ထိုတံခါးပေါက်မှ အောက်သို့ ငုံ့ကြည့်သော





အခါ လှေကားထစ်များ တွေ့ရ၏။

"ဒီအိမ်က သက်တမ်းကြာလှပြီ ရှား။ မူလက အိမ်ကိုဆောက်တဲ့လူက ပစ္စည်းရှိပုံရတယ်။ မြေအောက်ခန်းဆိုတာ ဒီခေတ်မှာ သိပ်လုပ်လေ့လုပ်ထ မရှိဘူး"

ဟု ကိုနေသော်က ပြောသည်။

"အောက်ဆင်းကြည့်ကြစို့ ကိုကို"

"ဖြည်းဖြည်းဆင်းနော်။ လှေကားမှာ မီးလောင်ပစ္စည်းတွေရော၊ ပြာနဲ့ရေတွေရောပြီး ပေကျံနေတာ။ ချော်ကျမယ်"

"အင်း ... ဒီနေ့တော့ ကိုကို့ရဲ့ စိတ်ပူစကားတွေပဲ ကြားနေရတယ်။ အဲဒီလို ဂရုစိုက်ပေးလို့ ကျေးဇူးပါပဲ ကိုကို"

ပြောပြောဆိုဆို မေစံရှားက စတင်၍ လှေကားထစ်ကို ဆင်းသည်။ ကိုနေသော်က နောက်မှ။ နှစ်ဦးသား သတိကြီးစွာထား၍ ဖြည်းဖြည်းဆင်းခဲ့ကြသည်။ အပေါ်အပေါက်မှ အလင်းရောင်သာရှိသဖြင့် အောက်မှာ အမှောင်က ထုထည်ရာခိုင်နှုန်း များနေ၏။ အနံ့အသက်တွေကလည်း မကောင်း။ အောက်သိုးသိုးနံ့တွေ၊ ညှော်နံ့တွေ၊ မီးခိုးနံ့တွေနှင့် အသက်ရှူ၍ပင် မဝချင်။

မေစံရှားက မြေအောက်ခန်း ကြမ်းပြင်အရောက်တွင် သူမ၏ လယ်သာစလင်းဘက်ထဲမှ လက်နှိပ်မီး အသေးစားလေးကို ထုတ်ယူပြီး ထိုးလိုက်မှ အခန်းတွင်းကို ကြည့်လိုက်ရာ သေသေချာချာ မြင်နိုင်တော့သည်။

အခန်းက အကျယ်ကြီးမဟုတ်။ ဆယ်ပေပတ်လည် တစ်ခန်းစာမျှသာရှိသည်။ မူလက ပစ္စည်းဟောင်းများ ထားသိုပုံရပြီး ယခုအခါ မီးလောင်ပြင်အဖြစ် တွေ့နေရ၏။ အခန်းကား မီးခိုးများဖြင့် မည်းညစ်



www.burmeseclassic.com

www.burmeseclassic.com

နေသည်။ ပစ္စည်းကောင်း ဘာတစ်ခုမျှမရှိ။

မေစံရှားက ကြမ်းပြင်ကို ဓာတ်မီးနှင့် ထိုးကြည့်ပြီး တစ်နေရာတွင် မုဆိုးဒူးထောက် ထိုင်ချလိုက်သည်။

''ဘာလဲ ရှား။ ဘာတွေ့လို့လဲ''

''ဒီမှာကြည့် ကိုကို''

ကိုနေသော်က မေစံရှားဘေးမှာ ထိုင်လိုက်သည်။

''တစ်ခန်းလုံး မီးလောင်ထားတာတွေနဲ့ ရှုပ်ပွေပွနေပေမဲ့ ဒီနေရာမှာ ကွက်နေတာ တွေ့တယ်မဟုတ်လား။ ကွက်နေပုံက လူတစ်ယောက်ပုံသဏ္ဍာန်ပဲ။ ဆိုလိုတာက ဒီနေရာမှာ မှုန်ရွှေရည်ရဲ့အလောင်းကို တွေ့တာဖြစ်ရမယ်။ လူကို မီးလောင်ထားပေမဲ့ သူ့အောက်ကနေရာမှာ ကွက်နေတယ်လေ''

''ဟုတ်တယ် ရှား''

''ဒါဆိုတော့ လူသတ်သမားဟာ မှုန်ရွှေရည်ကို ဒီနေရာမှာသတ်တာ မဖြစ်နိုင်ဘူး။ အပေါ်မှာသတ်ပြီးမှ ဒီအောက်ကို ဆွဲချပြီး မီးရှို့တာပဲ။ ကြည့်ရတာ ဒီအခန်းထဲမှာ ဓာတ်ဆီတို့၊ ဒီဇယ်တို့လို လောင်စာပုံးတွေ တစ်ခုခု ရှိခဲ့ပုံပဲ''

''အဲဒီလူက မှုန်ရွှေရည်ကိုသတ်တာက ဟုတ်ပါပြီ။ ဘာကြောင့် မီးရှို့ရတာလဲ''

ကိုနေသော့်အမေး။

မေစံရှားက ကိုနေသော့်အား အထင်ကြီးစွာ မော့ကြည့်သည်။

''ဒါ သိပ်ကောင်းတဲ့ မေးခွန်းပဲ ကိုကို။ ဒီအချက်က ရှားခေါင်းကို အလုပ်ပေးနေတာ။ ဖောက်ထွင်းရေးသမား မဟုတ်ဘူးကိုကို။ လူသတ်သမား။ မီးရှို့တယ်ဆိုတာ ရုပ်ပျက်ဆင်းပျက်ပြီး မမှတ်မိအောင်





လုပ်တဲ့ ရည်ရွယ်ချက်ပါတယ်''

''အဲဒီ ရည်ရွယ်ချက်ရဲ့ အကြောင်းရင်းကို တွေးမိလား''

''သေသူဟာ မှုန်ရွှေရည်ပဲလို့ ယူဆနိုင်ပေမဲ့ မှုန်ရွှေရည် ဟုတ်ချင်မှလည်း ဟုတ်မယ်။ ဟုတ်ချင်လည်း ဟုတ်မယ်ပေါ့''

''ကိုဝေယံတို့ စစ်ဆေးထားတာပဲ မဟုတ်လား''

''မှန်တယ် ကိုကို။ ကိုဝေယံတို့က သေသူရဲ့ရုပ်ရည်ကို မမှတ်မိတော့ဘူး။ ဒါပေမဲ့ အလောင်းရဲ့အနေအထားအရ ကိုခင်မောင်ရင်ကတော့ သူ့ဇနီးပါလို့ သက်သေခံတယ်။ အူထဲမှာ တွေ့ရတာတွေ ဓာတ်ခွဲစစ်ဆေးတော့ ငါးသေတ္တာစားထားတယ်ဆိုတဲ့ လက္ခဏာ တွေ့ရတယ်တဲ့။

ကိုခင်မောင်ရင် ဖုန်းဆက်တုန်းက မှုန်ရွှေရည်က ကိုခင်မောင်ရင်ကို မစောင့်နိုင်လို့ ထမင်းစားနှင့်ကြောင်း၊ ငါးသေတ္တာနဲ့စားကြောင်း ကိုခင်မောင်ရင်က ထွက်ဆိုပြီး မီးဖိုထဲက အမှိုက်ပုံးထဲမှာလည်း ငါးသေတ္တာဘူးခွံတွေ့ရတော့ ဒါဟာ မှုန်ရွှေရည် သေချာပြီလို့ ယူဆစရာပဲ။ မှုန်ရွှေရည်ရဲ့ အရိုးတွေကို စစ်ဆေးမှတ်တမ်း တင်ထားပုံတော့ရတယ်''

''ကိုခင်မောင်ရင်ဆီမှာ သူ့ဇနီးရဲ့ အရိုးတွေနဲ့ ပတ်သက်ပြီး ဓာတ်မှန်တွေ ဘာတွေရိုက်ထားတာရှိရင် ကောင်းမယ်နော်''

''ကိုကိုကလည်း ဘယ်သူက တစ်ကိုယ်လုံးကို ဓာတ်မှန်ရိုက်ပြီး အရိုးတွေကို မှတ်တမ်းတင် ပြုစုထားပါ့မလဲ''

''တစ်ခုတော့ ရှိတယ်။ အရိုးကျိုးတာတို့ ဘာတို့ ဖြစ်ဖူးလို့ ဓာတ်မှန်ရိုက်ရရင်ရော''

''အဲဒါမျိုးတော့ ရှိနိုင်တာပေါ့''

''ကိုဝေယံကို ကိုခင်မောင်ရင့်ဆီမှာ အဲဒီဓာတ်မှန်မျိုး တောင်း



www.burmeseclassic.com

www.burmeseclassic.com



နိုင်းရင်ရော"

"ကိုခင်မောင်ရင်က မရှိဘူးပြောမှာပဲ"

"ဟင် ... ဘာကြောင့်လဲ"

"ရှားအထင် ပြောတာပါ"

"ဒါဆို ဒီကိစ္စမှာ မေးခွန်းတွေ အများကြီး ထွက်လာပြန်ပြီ ပေါ့နော်"

"ဟုတ်တယ် ကိုကို"

- သေသူသည် မှုံ့ရွှေရည် အစစ်ပဲလား။
- သေသူသည် အခြားတစ်ယောက်လား။
- ဖောက်ထွင်းရေးသမားမဟုတ်ဘဲ မှုံ့ရွှေရည်ကို သတ်ရန် ရည်ရွယ်ချက်ဖြင့်လာသူ ... ဘယ်သူလဲ။
- တံခါးဖွင့်ပေးသည် ဆိုသည့်အတွက် လူသိထဲက မဖြစ်နိုင်ဘူးလား။
- ဒေါ်မြကြည်ပြောစကားအရ လူသတ်သမားသည် အမျိုးသမီး ပဲလား။
- သို့ဖြစ်လျှင် ကြည်လဲ့များ မှုံ့ရွှေရည်ကို သတ်သလား။

| ၁၇ |

ဖုန်းတွင်ပေါ်နေသော ဖုန်းနံပါတ်က အစိမ်းဖြစ်နေ၍ မေစံရှား တွေသွားသည်။ မည်သူ ဆက်တာပါလိမ့်။ အမှုသည် တစ်ဦးဦးများ လား။

တရားရုံးတွင် အမှုတစ်ခုအတွက် လျှောက်လဲရမည့် အချက် အလက်များ ရှာဖွေနေစဉ် စောစောစီးစီး ဖုန်းမြည်လာခြင်း ဖြစ်၏။

"ဟဲလို အမိန့်ရှိပါရှင်"

"မေစံရှားလား"

"ဟုတ်ကဲ့။ ဟုတ်ပါတယ်"

"မသိတာပါ"



www.burmeseclassic.com

www.burmeseclassic.com



“ဩော် . . . မမသီတာ။ ပြော . . . မမသီတာ။ မမသီတာက တယ်ပြီး တာဝန်ကျေတာပဲနော်။ မကြည်လဲ့ သတင်းထူးပြီထင်တယ်”

တစ်ဖက်မှ ဟင်းခနဲ အသံကြားရ၏။ ခပ်ဟဟ ရယ်လိုက်သလား၊ သက်ပြင်းချလိုက်သလား။

“သတင်းထူးတော့ သတင်းထူးပေးမလို့ပဲ။ ဒါပေမဲ့ ကြည်လဲ့ရဲ့ သတင်းထူးတော့ မဟုတ်ဘူး။ အဲ . . . ကြည်လဲ့နဲ့တော့ ပတ်သက်မယ်ထင်တယ်”

မသီတာ စကားက နည်းနည်းဆန်းသည်။ မေစံရှား စိတ်ဝင်စားသွားသည်။ သို့မဟုတ် ရင်ထိတ်ပြီး သိချင်စိတ် စောသွားသည်။

“ဘာများလဲ မမသီတာ”

“သတင်းပေးရမှာတော့ နှစ်ခုပဲ။ ကြည်လဲ့နဲ့ ပတ်သက်တာ အရင်သတင်းပေးရရင်တော့ ညက ကြည်လဲ့အိမ်ကို ဖောက်ထွင်းသမား ဝင်သွားပုံရတယ်”

မေစံရှား မျက်လုံးပြူးသွားသည်။

“ဘယ် . . . ဘယ်လို မမသီတာ”

“ဖောက်ထွင်းသမား ဝင်သွားတယ်လို့ ယူဆရတာပဲ။ ကြည်လဲ့ အခန်းနားကနေပြီး ထွက်သွားတဲ့လူတစ်ယောက်ကို အခန်းတစ်ခန်းက အမျိုးသမီးက လှမ်းမြင်လိုက်တယ်။ ဒါပေမဲ့ အခန်းက ခြေရာလက်ရာမပျက်ဘူး။ သော့လည်း ပွင့်မနေဘူး။ ဖောက်ထွင်းထားတဲ့ အပျက်အစီး ဘာညာလည်း မတွေ့ရဘူး”

“ထွက်သွားတဲ့ လူဆိုတာက . . .”

“ယောကျ်ားတစ်ယောက်ပဲ။ တစ်ကိုယ်လုံး အနက်ဝတ်ထားတယ်၊ ဦးထုပ်ဆောင်းထားတယ်တဲ့။ ညဥ့် တစ်နာရီလောက်မှာဆိုတော့





ဒါဟာ ပုံမှန်မဟုတ်ဘူးပေါ့။ ဒါပေမဲ့ တွေ့တဲ့အမျိုးသမီးက ညတွင်းချင်း ဘယ်သူ့မှမပြောနိုင်။ ယောကျ်ားဆိုတာက သေချာတယ်။ အရပ်အမောင်း ကောင်းကောင်းပဲ”

မေစံရှား မောင်ရှင့်ကို ပြေးသတိရလိုက်သည်။ ‘ကျွန်တော် အခန်းကို ရအောင်ဖွင့်ပေးမယ်လေ’ ဟူသော စကားကိုလည်း ကြားယောင်သည်။ မေစံရှားနှင့် ကိုနေသော်တို့ တားသည့်ကြားမှ မောင်ရှင် ကြည်လဲ့အခန်းကို ဝင်ခဲ့သလား။

“မေစံရှား”

“ရှင် . . . ပြောပါ မမသီတာ”

“အသံပျောက်သွားလို့”

“ဟုတ်ကဲ့။ တွေးစရာတစ်ခု ဝင်သွားလို့ပါ”

“လန့်သွားသလားလို့ပါ။ နောက်သတင်းတစ်ခုကမှ မေစံရှားကို တကယ်လန့်သွားစေမယ် ထင်တယ်”

“ဘာများလဲ မမသီတာ။ မမသီတာပြောတာနဲ့ ရှားတောင် ရင်တုန်သွားပြီ ထင်တယ်”

မေစံရှားက ရယ်စရာအဖြစ် အသွင်ပြောင်းပြောလိုက်သည်။

“ညကပဲ နောက်အခန်းတစ်ခု အဖောက်ခံရပြီး တစ်ယောက် အသတ်ခံလိုက်ရတယ်”

“ရှင် . . .”

တကယ်ပဲ တုန်လှုပ်သွားစေသော သတင်း။

“ဘယ်အခန်းကလဲ”

“ကြည်လဲ့အခန်းနဲ့ ကပ်လျက်က”

“ဟင် . . . ဘယ် . . . ဘယ်သူလဲ”



www.burmeseclassic.com

www.burmeseclassic.com



"ချိုမာ"

"အို . . . ဘုရား . . . ဘုရား"

မေစံရှား ထိုင်နေရာမှ ရုတ်တရက် ခေါက်ခနဲ ထလိုက်မိသည်။ ချိုမာ . . .။ ချိုမာ့အိမ် အဖောက်ခံရသတဲ့။ ချိုမာ အသတ်ခံရသတဲ့။

"အဲဒါ ဘယ်တုန်းက သိတာလဲ။ ဘယ်အချိန်က သတ်ခံရတာလဲ"

"မနက်ကမှ သိတာ။ ညက ချိုမာရဲ့အိမ်သားတွေက ခရီးသွားနေကြလို့ မရှိဘူး။ ဒီနေ့မနက်စောစောမှ ပြန်ရောက်ကြတာ။ အထဲဝင်လိုက်တော့ အိမ်ကိုမွှေထားတာတွေ့ရပြီး အိပ်ခန်းအပြင် ကြမ်းပြင်ပေါ်မှာ ချိုမာသေနေတာ တွေ့ရတာပဲ"

"အသတ်ခံလိုက်ရတယ်လို့ ဘာကြောင့် ပြောနိုင်တာလဲ"

"ရင်ဘတ်မှာ ဓားဒဏ်ရာနှစ်ချက် တွေ့ရတယ်တဲ့။ ဓားတော့ မတွေ့ရဘူးတဲ့။ ရဲတွေစစ်ဆေးပြီး ကောက်ချက်ချသွားတာကတော့ ညဉ့်တစ်နာရီဝန်းကျင်က သတ်သွားတယ်လို့ ခန့်မှန်းရတယ်တဲ့"

"ဘာသဲလွန်စ ရသတဲ့လဲ မမသီတာ"

"ရဲတွေရဲ့ စစ်ဆေးချက်အရတော့ လက်အိတ်ကို သုံးတဲ့ပုံလို့ပြောတယ်။ ဘာလက်ဗွေရာမှ မကျန်ဘူးတဲ့။ သော့ကိုဖွင့်ဝင်တာမဟုတ်ဘူး။ နောက်ဘက် အိမ်သာအပေါက လေဝင်ပေါက်မှန်ကို ခွဲပြီးဝင်သွားတာတဲ့။ အပေါက်က သိပ်အကျယ်ကြီးမဟုတ်ဘူး"

"ကြည်လဲ့အခန်းကို ဖောက်ထွင်းဝင်တယ် ဆိုတာကရော သေချာလား"

"သေချာတယ်။ ချိုမာ့အခန်းကို ရဲတွေရောက်လာပြီး စစ်ဆေး





တော့မှ ကြည်လဲ့အခန်းဝနားက ထွက်သွားတာ တွေ့လိုက်တယ်ဆိုတဲ့ အမျိုးသမီးရဲ့ သတင်းပေးချက်ကြောင့် ရဲတွေနဲ့ ဦးကျော်စွာတို့ ကွန်ဒိုက အရေးပေါ်သော့နဲ့ ကြည်လဲ့အခန်းကို ဝင်ကြည့်ကြတယ်။ အထဲမှာ မွှေနှောက်သွားတဲ့ လက္ခဏာရှိတယ်လို့ ပြောတယ်။ ဘာပါသွားလဲတော့ မသိဘူး။ ပါစရာ တန်ဖိုးရှိပစ္စည်းလည်း ရှိမှမရှိတာ"

"ချိုမာ့အခန်းကို မမသီတာ ရောက်တယ်ပေါ့"

"ရောက်ဘာပေါ့။ ဦးကျော်စွာက လူကြီးဆိုတော့ သွားရတယ်လေ။ ဒါနဲ့ မမသီတာပါသွားတာ။ ကြားရဦးမယ် မေစံရှားရေ . . . မမသီတာက ဒုရဲအုပ်ကြီးကို ဖောက်ထွင်းသမားရဲ့ ပစ္စည်းလို့ယူဆရတဲ့ အရာတစ်ခုကို အပ်လိုက်နိုင်တယ်"

"ဘာများလဲ မမသီတာ"

"တကယ်တော့ မေစံရှားကို သတိရလိုက်လို့ပါ။ ဆက်တီစားပွဲခုံအောက်မှာ ကပ်ထားတဲ့ပီကေကို မမသီတာ တွေ့လိုက်တာ။ ဒေါ်ဦးအခန်းကို ဖောက်ထွင်းခံရတုန်းက မေစံရှားတွေ့သလိုမျိုးပေါ့"

"ဒါဆိုရင် ဒေါ်ဦးအခန်းကို ဖောက်တဲ့သူနဲ့ ချိုမာ့အခန်းကို ဖောက်တဲ့သူ တစ်ဦးတည်း ဖြစ်တယ်လို့ ဆိုနိုင်မလား"

"ရဲအုပ်ကြီးက ဒေါ်မေစံရှား သူ့ကို ဒေါ်ဦးအခန်းမှာတွေ့ရတဲ့ ပီကေကို အပ်ဖူးတယ်တဲ့။ ဒါကြောင့် ဒီတစ်ခါ ဖောက်ထွင်းသူတဲ့ ဒေါ်ဦးအိမ်ဖောက်ထွင်းတဲ့သူ တစ်ယောက်တည်း ဖြစ်နိုင်တယ်တဲ့"

"ချိုမာ့အခန်းကို ဖောက်ထွင်းတဲ့သူနဲ့ ကြည်လဲ့အခန်းကို ဖောက်ထွင်းတဲ့သူ တစ်ယောက်တည်း မဖြစ်နိုင်ဘူးလား"

"ကြည်လဲ့အခန်းမှာတော့ ပီကေ မတွေ့ရဘူး"

"မေစံရှား လာခဲ့ပါဦး။ ပြီးတော့ ရဲအုပ်ကြီးနဲ့လည်း တွေ့ကြည့်



www.burmeseclassic.com

www.burmeseclassic.com



ပါ။ ကြည်လဲ့ကိစ္စက ရိုးရိုးရှင်းရှင်းပုံတော့ ဟုတ်ပုံမရတော့ဘူး။ ရှုပ်ထွေးမှုတွေရှိနေပြီ''

''ဟုတ်ကဲ့ပါ။ ခုလို သတင်းပေးတာ ကျေးဇူးပါပဲ''

မမသီတာ ဖုန်းချသွားပြီးနောက် မေစံရှား ဘာလုပ်ရမလဲ စဉ်းစားရသည်။ ရဲအုပ်ဝေယံနှင့်လည်း တွေ့ချင်သည်။ ကျောက်စိမ်းကွန်ဒိုသို့လည်း သွားချင်သည်။ တရားရုံးမှာကလည်းယနေ့ အမှုချိန်းရှိနေသည်။ ကိုနေသော်နှင့်ဆုံရန် တရားရုံးမှာ ချိန်းထားသည်။

''ဒေါက် . . . ဒေါက်။ ဒေါက် . . . ဒေါက် . . . ဒေါက်''

တံခါးခေါက်သံ ပေါ်လာသည်။

အိမ်မှာအတူနေသည့် ဒေါ်လေးကြင်ကြင်က မရှိ။ ဈေးသွားနေသည်။ မေစံရှားတစ်ယောက်တည်းမို့ 'သတိ' ဆိုသောအရာကို သတိရ၏။ အရာရာကို သတိကင်းလွတ်စွာ မနေမိ၊ မလုပ်မိဖို့ လေ့ကျင့်ထားခဲ့သည်က မေစံရှား၏ ပုံမှန်သဘာ။ သတိ မထား၍လည်း မဖြစ်။

တစ်ခါက မေစံရှားအိမ်သို့ တံခါးလာခေါက်သည်။ အခါက ညအခါ။ စာဖတ်ရင်းမှနေ၍ မေစံရှား တံခါးဖွင့်ရန် ထရသည်။ တံခါးမဖွင့်မီ ချောင်းကြည့်ပေါက်မှ ချောင်းအကြည့် ချောင်းကြည့်ပေါက်အတွင်းသို့ သံချောင်းစူးချွန် ရှည်မျောမျောက တိုးဝင်လာသည်။ မေစံရှားသတိကြီး၍သာ။ မဟုတ်လျှင် စူးချွန်က မေစံရှား၏မျက်လုံးကို ဖောက်ဝင်သွားမှာ မလွဲ။ ထိုစဉ်က အမှုတစ်ခုကို မေစံရှား လိုက်ခဲ့ရာ ပြစ်မှုကျူးလွန်သူဘက်မှ မေစံရှားအား ရန်ပြုခဲ့ခြင်းဖြစ်သည်။

ယခုလည်း ရန်သူလား၊ မိတ်ဆွေလား။

''ဒေါက် . . . ဒေါက်။ ဒေါက် . . . ဒေါက် . . . ဒေါက်''

တံခါးခေါက်သံ ထပ်မံပေါ်လာ၏။

---





မေစံရှား ပြုံးလိုက်သည်။

ဤတံခါးခေါက်သံက ဆန်းသည်။ သင်္ကေတသဘောမျိုး ပါသည်။ တံခါးခေါက်သံ နှစ်ချက်က ကပ်သည်။ ဒေါက် . . . ဒေါက် . . ပြီးလျှင် ခဏခြားသည်။ ထို့နောက်မှ ခေါက်သံ သုံးချက် ဆက်တိုက်ပေါ်လာသည်။ ဒေါက် . . . ဒေါက် . . . ဒေါက်။

''မောင်ရှင်လားဟေ့''

မေစံရှားက တံခါးရှိရာသို့ ထသွားကာ ချောင်းကြည့်ပေါက်မှ ချောင်းကြည့်လိုက်သည်။

အပြင်မှ ထူးသံမကြားရ။

ဒါကလည်း မောင်ရှင့် သဘာဝ။

မှန်သည်။ မောင်ရှင် . . . သမာဓိ မောင်ရှင်ပါပဲ။

မေစံရှား တံခါးကိုဖွင့်လိုက်သည်။

''မမရှား ရုံးမသွားခင် လာရတာ။ ရုံးမှာက စကားပြောရတာ မလွတ်လပ်လို့''

မျက်နှာပေါ်လာလာချင်း မောင်ရှင်ပြောသော စကား။

''လာ . . . အထဲဝင်''

အပြင် သံပန်းတံခါးကိုပါ မေစံရှား ဆွဲဖွင့်ပေးလိုက်သည်။

''ဒေါ်လေးရော''

''ဈေးသွားတယ်''

မောင်ရှင်က အထဲဝင်လာရင်း မေးသည်။ မေစံရှားက ပြန်ဖြေရင်း တံခါးကိုပိတ်သည်။ မပိတ်မီ လှေကားအတက်အဆင်းနှင့် ပတ်ဝန်းကျင်ကို တစ်ချက် လှမ်းကြည့်သည်။

''ဆို . . . စောစောစီးစီး ရောက်လာရတဲ့ကိစ္စ''

---



www.burmeseclassic.com

www.burmeseclassic.com



မောင်ရှင်နှင့် မျက်နှာချင်းပြန်ဆိုင်၍ ထိုင်ရင်း မေးလိုက်တော့ မောင်ရှင်ပြုံးသည်။

"မမရှားခိုင်းတာတွေ လုပ်ပြီးကြောင်း လာသတင်းပို့တာ"

မေစံရှားက မျက်နှာကို တည်လိုက်သည်။

"မမရှားခိုင်းတာ ကြည့်လှဲ့အခန်းကို ဝင်ဖို့ မပါဘူး"

မောင်ရှင့်မျက်နှာပြင်တွင် အံ့သြရိပ်က အလန့်တကြား ပေါ်လာ၏။

"ဟင် ... မမရှား သိနေတယ်"

မေစံရှား ပြုံးလျက်။

"မင်းရဲ့ အစ်မပဲကွာ။ မသိပဲနေမလား။ ညတစ်နာရီလောက် ကြည့်လှဲ့အခန်းကို သော့တုနဲ့ ဖွင့်ဝင်သွားတာ"

"ဟာ ..."

မောင်ရှင် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ပြီးမှ တဟားဟား အော်ရယ်သည်။

"မမရှားကတော့ဗျာ။ ရှားတယ်"

"ရှားတယ် လုပ်မနေနဲ့။ မင်း အဲဒီအခန်းကိုဝင်တာ မှားသွားပြီ။ မင်းအဖို့ ပြဿနာတက်လာစရာရှိတယ် မောင်ရှင်။ မင်း အဲဒီအခန်းက ပြန်အထွက်မှာ တွေ့လိုက်တဲ့သူ ရှိနေတယ်"

"ဟင် ... ဟုတ်လား"

"ပြီးတော့ ဆိုးသွားတာက အဲဒီညမှာပဲ ကြည့်လှဲ့နဲ့ ကပ်လျက် အခန်းမှာနေတဲ့ အမျိုးသမီး အသတ်ခံရတယ်။ အိမ်ကိုဖောက်ထွင်း ဝင်ပြီး သတ်သွားတာ။ အဲဒီအိမ်မှာလည်း ဖောက်ထွင်းလူသတ်သမား က အိမ်ကို မွှေသွားတယ်။ မင်းကလည်း ကြည့်လှဲ့အခန်းကို မွှေသွား





တော့ ပုံစံချင်းက ဆင်တူနေပြန်တယ်။

အဲဒီအသတ်ခံရသူ အမျိုးသမီးအိမ်ကို ဖောက်ထွင်းဝင်သူနဲ့ ကြည့်လှဲ့အခန်းကို ဖောက်ထွင်းဝင်သူ တစ်ယောက်တည်းပဲလို့ ရဲက ယူဆတယ်။ အမျိုးသမီး အသတ်ခံရချိန်ကလည်း ညဦး တစ်နာရီ လောက်လို့ ခန့်မှန်းရတယ်လေ။ ပြီးတော့ အခန်းချင်းကလည်း ကပ်လျက်"

"ဟာ ... ပြဿနာပဲ။ အဲ ... နေဦး။ ကျွန်တော် မကြည့်လှဲ့ အခန်းက ပြန်ထွက်အလာမှာ ဘေးခန်းက လှုပ်ရှားသံတွေ ကြားလိုက်မိသား။ ကျွန်တော်က အိမ်ရှင်နိုးနေတယ် ထင်မိတာ။ အမျိုးသမီး နှစ်ယောက် စကားပြောသံ ကြားရတယ်။ သဲတော့ မသဲကွဲဘူး"

"အမျိုးသမီးနှစ်ယောက်အသံ ဟုတ်လား"

"ဟုတ်တယ် မမရှား"

– ထိုညက အိမ်မှာ ချိုမာတစ်ယောက်တည်း။ သို့ဖြစ်လျှင် ချိုမာ့အိမ်ကိုဝင်မွှေပြီး ချိုမာ့ကိုသတ်သွားသူသည် အမျိုးသမီးပဲလား။

– ချိုမာနှင့် ထိုအမျိုးသမီး စကားပြောသံကို မောင်ရှင် ကြားရသည်ဆိုလျှင် ဖောက်ထွင်းလူသတ်သမားသည် လူနိုး၍ သတ်ခဲ့ခြင်းဖြစ်နိုင်၏။ ထိုသို့ဖြစ်ပါက ချိုမာနှင့် လူချင်း သိနေသူပေပဲလား။

"ဘာဖြစ်လို့လဲ မမရှား"

မောင်ရှင်က မေစံရှား တွေးစဉ်းစားသည်ကို အကဲခတ်၍ မေး

"ဘာမှမဟုတ်ပါဘူး၊ တစ်ခု တွေးမိလို့ပါ။ အဲဒီညက ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



အတွက် မပြေးသော်ကန်ရာရှိ မင်းကို ရဲက သံသယရှိမှာပဲ။ မင်းလို တပ်အပ်မသိပေမဲ့ တွေ့လိုက်တယ်ဆိုတဲ့ အမျိုးသမီးက မင်းရဲ့ပုံပန်း မင်းရဲ့သဏ္ဌာန်ကို ရဲကိုပြောမှာပါ။ မင်း သတိထားပြီး နေဖို့လိုတယ်။ ဖြစ်နိုင်ရင် ခဏလောက်ငြိမ်နေပါ''

''ဟုတ်ကဲ့ပါ''

''ကဲ ... ဒါနဲ့ မင်းလာရတဲ့အကြောင်း ပြောပါဦး''

မောင်ရှင်က သူလွယ်ထားသော ဂျင်းလွယ်အိတ်၏ အဖုံးကို ဖွင့်ပြီး အထဲမှ ပစ္စည်းအချို့ကိုထုတ်ကာ မေစံရှား၏စားပွဲပေါ်သို့ တင်သည်။

''အဲဒါတွေ မမကြည်လဲ့အခန်းက ယူလာတာ။ မမရှားအဖို့ သဲလွန်စဖြစ်နိုင်တယ် ထင်တာတွေပါ''

မောင်ရှင် ထုတ်ယူပြီး တင်ပေးသောအရာများမှာ ...

(၁) ငါးသေတ္တာဘူးခွံတစ်ခု၊

(၂) အကျီအပ်သော ဘောက်ချာ တစ်ရွက်၊

(၃) ကားလက်မှတ်တစ်စောင်၊

(၄) ဓာတ်မှန်တစ်ချပ်တို့ ဖြစ်သည်။

မေစံရှားက ငါးသေတ္တာဘူးခွံကို ကောက်ယူကြည့်ရင်း တစ်ချက်စဉ်းစားသည်။ ထို့နောက် အကျီဘောက်ချာကို ကောက်ယူကြည့်သည်။ အကျီချုပ်ခြင်းမဟုတ်။ အကျီပြင်သော ဘောက်ချာဖြစ်၏။ ပြီးခဲ့သောလအတွင်းကဖြစ်ကြောင်း ဘောက်ချာနေ့စွဲက ဖော်ပြနေ၏။ အပ်သူအမည် ကြည်လဲ့။

ကားလက်မှတ်ကို ယူကြည့်သောအခါ ရန်ကုန်–မန္တလေး ကားလက်မှတ်ဖြစ်၏။ ရက်စွဲက လွန်ခဲ့သော နှစ်လကျော်က။ ဒီဇင်ဘာက။





ကားလက်မှတ်ပါအမည်က ကြည်လဲ့။ မန္တလာမေ ကားလက်မှတ်။ သို့ဆိုလျှင် ကြည်လဲ့သည် မန္တလေးသို့ လိုက်ပါမသွားဘဲ ပြန်လှည့်လာခြင်းလား။

တက္ကစီသမားအဆိုအရ ကားပေါ်တက်သွားသည်ဟု ဆိုထားရာ ကားဆရာ လက်ဖက်ရည်သောက်နေချိန်၌ ကားပေါ်မှ ပြန်ဆင်းသွားခြင်းလား။ သို့မဟုတ် မန္တလေးကိုသွားပြီးမှ ကွန်ဒိုသို့ တစ်ချိန်ချိန်တွင် ပြန်လာခဲ့ခြင်းလား။

ဓာတ်မှန်က ခြေထောက်ကိုရိုက်ထားသော ဓာတ်မှန်ဖြစ်သည်။ ဓာတ်မှန်တွင် အမည်ပါ၏။ ကြည်လဲ့ဖြစ်သည်။ ရက်စွဲမှာ လွန်ခဲ့သော ခြောက်လခန့်က။ ချိုမာပြောစကားအရ ခြေထောက်နာနေ၍ ဆေးခန်းသွားစဉ်က ရိုက်ထားသော ဓာတ်မှန်ဖြစ်ရမည်။

''ကျေးဇူးပဲ မောင်ရှင်ရေ ...။ ဒီဟာတွေအားလုံး အသုံးဝင်မှာပါ။ အတော့်ကိုအရေးပါတဲ့ သက်သေတွေ ဖြစ်လာနိုင်ပါတယ်''

''သိနေတယ်လေ ... သိနေတယ်။ မမရှားရဲ့ မောင်ပဲဟာ''

မောင်ရှင်က ဝင့်ကြွားမွာပြော၏။

''ဒါပေမဲ့ မမရှားရော ကိုကိုကရော တားနေတဲ့ကြားထဲက မင်းဘာကြောင့် ကြည်လဲ့အခန်းကို ဝင်ရတာလဲ။ အဲဒါ ဖောက်ထွင်းမှုပဲ။ မင်းကတော့ကွာ''

မေစံရှားက ကရုဏာဒေါသောဆူသည်ကို မောင်ရှင်က အပြစ်လုပ်မိသော မောင်ငယ်က ရယ်ကျဲကျဲလုပ်ပုံမျိုးနှင့် ...

''မမရှားအတွက် လိုအပ်နေတာကို ကျွန်တော့်မှာ လုပ်ပေးရမယ့်တာဝန် ရှိတယ်လေ။ အဲဒါကြောင့်ပါ။ ဒီလောက်က ထမင်းစားရေသောက်ပါ''



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... ထမင်းစားရေသောက် လုပ်မနေနဲ့။ ဒါက ဥပဒေနဲ့ ငြိနေတယ်။ မမရှားပါ ကြံရာပါဖြစ်နေပြီ"

"ဟဲ ... ဟဲ ... မမရှား မပါစေရပါဘူးဗျာ။ အဖမ်းခံရရင် သည်း ကျွန်တော်တစ်ယောက်တည်းလို့ ဝန်ခံထွက်ဆိုမှာပါ"

"မင်းကတော့လေ ..."

ဘာကိုမျှ ကြောက်လန့်စိုးရွံ့ခြင်း မရှိတတ်သော ခပ်ပျော်ပျော် သမား မောင်ရှင်ကိုကြည့်၍ မေစံရှား တဖျစ်ဖောက်တောက် ဖြစ်ရ ၏။

မောင်ရှင်က မေစံရှားမျက်နှာကို အကဲခတ်ရင်း ရယ်ကျဲကျဲ ဖြင့်ပင် ...

"နောက်တစ်ခု ရှိသေးတယ်"

ဟု ထပ်ပြောသည်။

"ဟဲ့ ... ဘာလဲ။ နောက်တစ်အိမ် ဖောက်ထွင်းခဲ့ပြန်ပြီလား"

မေစံရှား၏ စိုးရိမ်တကြီးအမေး။

"ဟာ ... မမရှားကလည်းဗျာ။ မဟုတ်ပါဘူး"

"ဒါဖြင့် ဘာလဲ"

"အဲဒါကိုမပြောခင် ကျွန်တော် တစ်ခုမေးရဦးမယ်"

"မေး ..."

"မမကြည်လှဲ့အခန်းကို ဝင်တဲ့ညက အသတ်ခံရတဲ့ အမျိုး သမီးဟာ ကျွန်တော့်လက်ချက်လို့ မမရှား မထင်ဘူးလား"

မေစံရှား ပြုံးလိုက်ရင်း စားပွဲပေါ်မှ မောင်ရှင်ယူလာသော ပစ္စည်းများကို အနားရှိ အိတ်တစ်ခုထဲသို့ ထည့်သည်။

"ဟင် ... မမရှား၊ ပြောပါဦး"





"မင်းကို မမရှား ယုံပြီးသားပါ။ မဟုတ်တာတစ်ခုမှ မင်း လုပ်ဘူး၊ အပြစ်မဲ့သူတစ်ယောက်ကို မင်း မသတ်ဘူးဆိုတာ မမရှား သိပြီးသား"

"ဒါကတော့ မမရှားက ကိုယ့်မောင်မို့ ဖော့တွေးပေးတာ"

မေစံရှားက ထပ်မံပြုံးသည်။ မောင်ရှင်အား စိုက်ကြည့်ပြီး–

"မမရှားမှာ အထောက်အထားရှိလို့ပါ။ ဘာတစ်ခုကိုမှ မမ ရှားက အရမ်းကာရော လက်မခံတတ်တာ မင်းအသိပဲ"

"ဒါဖြင့် ပြောပြပါဦး။ အဲဒီအမျိုးသမီးကို ကျွန်တော်မသတ် ဘူးဆိုတာ"

"မင်း ပီကေစားတတ်လား"

"ဟင့်အင်း ..."

"အဲဒါပဲ မောင်ရှင်။ အမျိုးသမီးကိုသတ်သွားတဲ့ ဖောက်ထွင်း သမားက ပီကေဝါးတယ်။ ပြီးတော့ ဝါးပြီးသားပီကေကို နေရာတစ်ခုခု ကပ်တတ်တယ်"

"မမရှား ဘယ်လိုလုပ်သိလဲ"

"တွေးကြည့်ထားတာပါ"

"အင်း ... မမရှားကိုတော့ ကျွန်တော် ဖြုံပြီးရင်း ဖြုံရင်းပဲ"

မောင်ရှင်က ကျေနပ်စွာ ဝန်ခံသည်။

"ကဲ .. ပြော။ နောက်တစ်ခုဆိုတာ"

မောင်ရှင်က ရယ်ကျဲကျဲလုပ်ပြန်ကာ ...

"ဒီအမှုကတော့ ဖောက်ထွင်းမှုမဟုတ်ဘဲ အယောင်ဆောင်မှု



www.burmeseclassic.com

www.burmeseclassic.com

ဟုပြောသည်။ မေစံရှား မောင်ရှင့်ကို စူးစူးရှရှ ပြန်ကြည့်
ပေါ။

"ကိုခင်မောင်ရင်ဆီကို အာမခံဌာနက တာဝန်ရှိသူတစ်ဦးပုံ
နဲ့ သွားတာမဟုတ်လား"

"မမရှားက သိနေပြန်ပြီ"

"တွေးကြည့်တာပါ"

"ဟုတ်တယ်။ လူတစ်ယောက်ဆီက သတင်းအချက်အလ
ရဖို့ဆိုတာ ခြိမ်းခြောက်မေးတဲ့နည်းနဲ့ အသာတကြည် ထုတ်ပြောတဲ့နည်
နည်းနှစ်နည်းရှိတယ်လေ။ ကျွန်တော်က ဒုတိယနည်းကို သုံးခဲ့တာ

"အဲဒီတော့ ဘာထူးလဲ"

"မီးလောင်တဲ့အကြောင်းတွေတော့ ကျွန်တော် မပြောတော
ဘူး။ အဲဒါ မမရှား သိပြီးသား။ အရေးကြီးတာ ပြောမယ်"

"အင်း ... ပြော"

"သေချာတာက ကိုခင်မောင်ရင်တို့က အိမ်ကို မီးအာမခံထာ
တယ်။ ပြီးတော့ မှုံရွှေရည်ကို အသက်အာမခံထားတယ်။ အဲဒါနဲ့ပ
သက်လို့ ကိုခင်မောင်ရင်ဆီကို မသွားခင် ဌာနက ရင်းနှီးတဲ့လူတ
ယောက်ဆီက အကူအညီတောင်းတော့ သိလာရတာ။ မီးအာမခံနဲ့
ရွှေရည် အသက်အာမခံထားတာ တစ်နှစ်တောင် မပြည့်သေးဘူး"

အရေးကြီးသောအချက်။

- ငွေကြေးအခက်အခဲရှိ၍ ကြွေးပိုင်းနေသော ခင်မောင်ရ
  တို့က အာမခံကြေးငွေများ အဘယ်သို့ ထားရှိနိုင်ပါသနည်း
- အာမခံပြီး တစ်နှစ်မပြည့်မီ မှုံရွှေရည် အသတ်ခံရပြီ
  အိမ်မီးရှို့ခံရသည်မှာ အဘယ်ကြောင့်နည်း။





"ကိုခင်မောင်ရင်ကို မှုံရွှေရည် သေဆုံးရတဲ့ကိစ္စကို မေးတော့
ဒီညက သူက သူ့ညီမခင်မေလွင် နေမကောင်းလို့ သူပါ အထူးကု
ဆေးခန်းကို လိုက်ပို့ရကြောင်းပြောတယ်။ ခင်မေလွင်က အရင်က သူ
တို့အမေနဲ့နေတာဖြစ်ပြီး အမေဆုံးတာ တစ်နှစ်ခွဲလောက်ရှိပြီတဲ့။ အပျို
ကြီးဆိုတော့ တစ်ယောက်တည်းဖြစ်နေတာပေါ့။

ဆေးခန်းမှာ ဆရာဝန်ကြီးကို စောင့်ရတာနဲ့ စစ်ဆေးချက်
တွေ လုပ်နေရတာနဲ့ နောက်ကျလို့ အိမ်ကိုဖုန်းဆက်တယ်တဲ့။ ဖုန်းဆက်
မှုံရွှေရည်ကို နောက်ကျမယ့်အကြောင်းနဲ့ ထမင်းစားနှင့်ဖို့ပြောတော့
ရွှေရည်က ထမင်းစားပြီးကြောင်း၊ ငါးသေတ္တာနဲ့ စားထားကြောင်း
ပြောရင်း တံခါးခေါက်သံကြားတယ်၊ ညွှန့်သည်ထင်တယ်ဆိုပြီး ဖုန်းချ
သွားတယ်တဲ့။ ခင်မေလွင်ကို ဆေးခန်းကနေ အိမ်ပြန်ပို့ပြီး သူ့အိမ်ကို
ပြန်လာတော့အိမ်က မီးလောင်နေပြီတဲ့"

မောင်ရှင်က သူမေးမြန်းခဲ့သမျှကို ပြန်ပြောသည်။ ရဲအုပ်
ဝယံနှင့် ဦးအောင်လှတို့ဆီမှ ကြားခဲ့ရသော အချက်များနှင့်တူသည်။

"ပြောရင်းနဲ့ ကိုခင်မောင်ရင် မျက်ရည်မကျဘူးလား"

မေစံရှားအမေး။

"ဟာ ... မမရှားက အကြားအမြင်များ ရနေမလား။ ဟုတ်
တယ် ... မျက်ရည်ကျပြီး ရှိုက်နေသေးတယ်"

"သူ့ညီမကလည်း သူ့အစ်ကိုကိုစိတ်ပူပြီး ပျာပျာသလဲ ဖြစ်
နေသွားမှာပေါ့"

"အဲဒါလည်း ဟုတ်တယ်။ ကြည့်ရတာ သူတို့မောင်နှမ သိပ်
ချစ်ကြပုံပဲ"

"ကိုခင်မောင်ရင်က မှုံရွှေရည်ဆီကိုဖုန်းဆက်တာ ဘယ်အချိန်



www.burmeseclassic.com

www.burmeseclassic.com



လောက်လို့ ပြောလဲ''

''ကိုးနာရီလို့ ပြောတယ်''

''မှုံရွှေရည် သေဆုံးရမှုအပေါ် ရဲက ဘယ်လိုကောက်ချက်

တယ်ဆိုတာ သူဘာပြောလဲ''

''မှုံရွှေရည်ဟာ မီးရှို့မခံရမီမှာပဲ သေနေပြီတဲ့။ အသတ်

တာတဲ့။ ဓားနဲ့ ထိုးသတ်ခံရတာလို့ ပြောတယ်။ ပြီးမှ ဖောက်ထွင်းသ

က မီးရှို့သွားတာတဲ့''

''နောက်တော့ကော . . .''

''ရဲတွေရဲ့စကားထဲမှာ အဲဒီညက ရဲစခန်းကို ဖုန်းဆက်

ကူညီပေးပါလို့ မိန်းမတစ်ယောက်က ဖုန်းဆက်ခဲ့တယ်တဲ့။ တုန်

ချောက်ချားနေပုံတဲ့။ ဒါပေမဲ့ ပြောပြီး ဖုန်းချသွားတယ်လို့ပြောတယ်

အဲဒါ ကိုခင်မောင်ရင်ကတော့ မှုံရွှေရည်ဖြစ်နိုင်တယ်လို့ ပြောတာပဲ

''အဲဒီအချိန်က ဘယ်လောက်လဲ''

''ကိုးနာရီ ငါးမိနစ်၊ ဆယ်မိနစ် ဝန်းကျင်မှာတဲ့''

''ဒါဆို ကိုခင်မောင်ရင်က မှုံရွှေရည်ဆီကိုဖုန်းဆက်ပြီး မကြ

မှာပဲပေါ့''

''ဟုတ်တယ်''

''ကိုခင်မောင်ရင်တို့ မောင်နှမအပေါ် မင်း ဘယ်လိုမြင်

''ဘာကိုလဲ မမရှား''

''သူတို့မောင်နှမကများ မှုံရွှေရည်ကို ပူးပေါင်းသတ်ခဲ့ကြတ

များလား''

''မဖြစ်နိုင်ဘူး ထင်တယ်။ ကျွန်တော် အဲဒီမှာ စကားပြော

တုန်း သူတို့အိမ်ဘေးက လူကြီးတစ်ယောက် ရောက်လာတယ်။ လ





လူကြီးတစ်ယောက်ပဲ။ သူကလည်း ဝင်ပြောတယ်။ ခင်မေလွင် ဆေးခန်းက ပြန်ရောက်လို့ အဲဒီလူကြီးက သတင်းမေးတာ ကိုးနာရီဝန်းကျင်ပဲ။ ကိုခင်မောင်ရင်ဖုန်းဆက်တော့ သူရှိတယ် . . . တဲ့''

''ဟုတ်ပါပြီ။ တခြားရော ဘာသိခဲ့ရသေးလဲ''

''တခြားတော့ မရှိဘူး။ ခင်မေလွင်က သူ့အစ်ကိုဟာ ဇနီးဖြစ်သူ သေဆုံးရမှုအတွက် စိတ်ထိခိုက်လို့ အဲဒီအကြောင်းတွေ ခဏခဏ ထပ်ထပ်ပြီး မမေးပါနဲ့တဲ့။ အခုတောင် ဆေးခန်းပြနေရလို့ပါတဲ့။ သူ့ဇနီးဆုံးပြီးကတည်းက ကိုခင်မောင်ရင်က နေမကောင်းဘူးတဲ့''

''အင်း . . . ဟုတ်မှာပေါ့''

''ကဲ . . . ကျွန်တော့်တာဝန် ကျေပြီနော် မမရှား။ မမရှား နောက်ထပ် ဘာခိုင်းဦးမလဲ''

မေစံရှားက တစ်ခွန်းပဲ ပြတ်ပြတ်ပြောလိုက်သည်။

''ခုအချိန်ကစပြီး ငြိမ်ငြိမ်နေပါ။ ရဲမျက်စိနောက်အောင် မလုပ်ပါနဲ့''

မောင်ရှင်က တဟဲဟဲရယ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်နာမည် မြင့်အောင်ပါ"

သူက သူ့ကိုယ်သူ စတင်မိတ်ဆက်၏။

"ဟုတ်ကဲ့ . . . ကျွန်မ မေစံရှားပါ။ ဘာကိစ္စများ ရှိပါသလဲ"

"ထိုင်ပါဗျာ။ ထိုင်ပြီး အေးအေးဆေးဆေး ပြောပါ"

ကိုနေသော်က ဝင်၍ ခုံဆွဲပေးသည်။

"ကျွန်တော်က သိမ့်ရဲ့ခင်ပွန်းပါ"

မေစံရှား အံ့အားသင့်သွား၏။ မမသိမ့်၏ ခင်ပွန်းတဲ့။ ဘာအကြောင်းကိစ္စများပါလိမ့်။

"ဟုတ်ကဲ့ . . . ကျွန်မ ဘာကူညီရမလဲ"

"သိမ့် . . . ဒေါ်မေစံရှားဆီကို လာသွားကြောင်း သိရပါတယ်။ သူညီမကြည့်လဲ့နဲ့ ပတ်သက်ပြီးတော့လေ"

"ဟုတ်ကဲ့"

"ဒေါ်မေစံရှား အဲဒီကိစ္စ ခေါင်းစားသွားလိမ့်မယ်လို့ ကျွန်တော် တွက်မိလို့ ရောက်လာရတာပါ"

"ဟုတ်ကဲ့ ပြောပါရှင်"

"အင်း . . . ပြောရမှာတော့ နည်းနည်းရှုပ်ထွေးတယ်။ ပြီးတော့ ကျွန်တော့်ကို တစ်မျိုးထင်မှာတော့ စိုးတယ်"

"ကိစ္စမရှိပါဘူး။ ကျွန်မက ပြောတဲ့စကားတိုင်းကို အမြဲချင့်ချိန် စဉ်းစားပါတယ်။ တလွဲ မထင်တတ်ပါဘူး"

ကိုမြင့်အောင်က ခေတ္တငြိမ်ပြီး စဉ်းစားနေသည်။ ပြောသင့် မပြောသင့် ချင့်ချိန်နေပုံမျိုး။

ကိုနေသော်က တစ်စုံတစ်ရာမပြောဘဲ သူ့ကို အကဲခတ်နေ၏။



[ ၁၈ ]

မေစံရှား တရားရုံးမှနေ၍ ရုံးခန်းသို့ပြန်လာတော့ နေ့လယ် (၂)နာရီခန့် ရှိပြီဖြစ်၏။ တရားရုံးမှာ လာစောင့်နေသော ကိုနေသော်က သူ၏ကားကလေးဖြင့် လိုက်ပို့ပေးခြင်းဖြစ်သည်။

ရုံးခန်းသို့ မေစံရှားတို့ရောက်ပြီး အမောဖြေခိုက်မှာပင် ရုံးခန်းတွင်းသို့ လူတစ်ယောက်ဝင်လာသည်။

အသက် (၄၀)ခန့်ရှိပြီး ပိန်ပိန်ရှည်ရှည်၊ အသားညိုညိုနှင့် ဆံပင်ကောက်ကောက်တို့ဖြင့် မျက်နှာက အရက်သမားပုံစံပေါက်နေသူ တစ်ဦးဖြစ်၏။



www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာ ငြိမ်နေသဖြင့် . . .

"ကိုမြင့်အောင်မပြောခင် ကျွန်မ တစ်ခုမေးပါရစေ။ မမသိမ့်က သူ့ညီမ မမကြည်လဲ့ကို မတွေ့တာ တစ်နှစ်ကျော်နေပြီလို့ ပြောခဲ့ဖူးပါတယ်။ ဒါပေမဲ့ တစ်လောက မမကြည်လဲ့ရဲ့ ဘေးကအခန်းက ပြောတာတော့ လွန်ခဲ့တဲ့ ငါးလလောက်က မမသိမ့်ဟာ မမကြည်လဲ့နဲ့ လာတွေ့တယ်လို့ ပြောပါတယ်။ ယောက်ျားတစ်ယောက်ကိစ္စနဲ့ စကားများတယ်လို့လည်း သိရပါတယ်။ အဲဒီကွဲလွဲချက်ကို ဘယ်လိုထင်ပါသလဲ"

မေစံရှားက ကြားဖြတ်၍ ဝင်မေးသည်။

ကိုမြင့်အောင်က ဆုံးဖြတ်လိုက်ဟန်ဖြင့် . . .

"အဲဒါ ကွဲလွဲချက်ဆိုတာ ဒေါ်မေစံရှား သိနေပြီပဲ။ ကွဲလွဲစွာ ပြောခဲ့တယ် ဆိုကတည်းက သိမ့်ရဲ့သဘောထားကို အကဲခတ်လို့ရပါပြီ"

ခပ်လောလောပြောသည်။

"ကိုမြင့်အောင်ဆိုလိုတာက မမသိမ့်က အမှန်မပြောဘူးလို့ ဆိုလိုတာလား။ မမသိမ့်က မမကြည်လဲ့ ပျောက်တယ်ဆိုတဲ့ကိစ္စကို လာပြီးတိုင်ပင်တဲ့ အပေါ်မှာရော"

မေစံရှားက မေးခွန်းထပ်ထုတ်သည်။

"အဲဒါလည်း မယုံကြည်ရပါပဲ"

"ရှင် . . ."

ကိုနေသော်က မေစံရှားကို လှမ်းကြည့်သည်။

ကိုမြင့်အောင်က ဘာကိုမျှ အမှုမထားဟန်ဖြင့် . . .

"ဒီမိန်းမက ယုံကြည်စရာမှ မရှိတာ"





"မမသိမ့်က ကိုမြင့်အောင်ရဲ့ဇနီးနော်"

"ကျွန်တော့်ဇနီးမို့ ကျွန်တော် ပြောတာပေါ့ဗျာ။ အရေးကြီးတာက အမှန်ဖြစ်ဖို့ပါပဲ"

"ဒါဆို . . . မမသိမ့်နဲ့ မမကြည်လဲ့အကြောင်း အတွင်းကျကျ ကိုမြင့်အောင် သိနေတဲ့သဘောပေါ့"

"သိတာပေါ့။ သိမ့်က ရှုးကြောင်ကြောင် ဖြစ်နေတဲ့သူပဲ။ အတိအကျပြောရရင် သူက တစ်ချိန်က မူးယစ်ဆေးဝါး စွဲခဲ့ဖူးတဲ့သူ။ အားလုံးကို ယုံထင်ကြောင်ထင် ထင်တတ်တဲ့သူ"

မထင်မှတ်ထားသော စကား။

"အဲဒီတော့ . . ."

"သိမ့်နဲ့ကြည်လဲ့က ယောက်ျားတစ်ယောက်နဲ့ ပတ်သက်ပြီး စကားများကြတယ်ဆိုတာ မှန်တယ်။ အဲဒီပတ်သက်တဲ့ ယောက်ျားတစ်ယောက်ဆိုတာ ကျွန်တော်ပဲ"

"ဟင် . . ."

"သိမ့်က ကျွန်တော်နဲ့ ကြည်လဲ့ကို မသင်္ကာဘူး။ မယုံဘူး။ ကျွန်တော်နဲ့ကြည်လဲ့ ဖြစ်နေတယ်လို့ ထင်နေတယ်။ ကျွန်တော်ကတော့ ခယ်မတစ်ယောက် အထီးကျန်နေတာကို ဘေးက စောင့်ရှောက်ပေးတဲ့ သဘောပါပဲ"

"ဒါဆို မမကြည်လဲ့ကိစ္စနဲ့ ပတ်သက်ပြီး ကိုမြင့်အောင်နဲ့ သိမ့် ကော စကားများရတာပဲလား"

"များတာပေါ့။ များရုံမကဘူး ကျွန်တော့်ကို ကတ်ကြေးနဲ့ ထိုးသတ်ဖို့ပါ လုပ်ခဲ့တယ်။ ကျွန်တော့်ဗိုက်မှာ ရုပ်ထိသွားခဲ့တယ်"

"အဲဒါ မမကြည်လဲ့နဲ့ စကားများတဲ့ အချိန်ကပဲလား"



www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ပါတယ်”

“ဒါဖြင့် အဲဒီလိုဖြစ်တဲ့ ကိစ္စတွေကြောင့် မမကြည်လဲ့က ရှောင်ထွက်သွားတဲ့ သဘောလား။ မမကြည်လဲ့ ပျောက်နေတာက ...”

ကိုမြင့်အောင်က ခေတ္တ ငြိမ်သွားပြန်သည်။

မိနစ်အနည်းငယ်လွန်သွားမှ ...

“ကျွန်တော့်အထင်တော့ ကြည်လဲ့ ရှောင်ထွက်သွားတာ မဟုတ်ဘူး၊ ပျောက်သွားတာ။ ပျောက်သွားတယ်ဆိုတာ အသတ်ခံလိုက်ရတယ်လို့ ပြောတာ”

“ရှင် ...”

“ကြည်လဲ့ကို သိမ့် သတ်ပြီး ဖျောက်ဖျက်ပစ်လိုက်တာလို့ ကျွန်တော်ထင်တယ်”

မေစံရှားနှင့် ကိုနေသော် အကြည့်ချင်းဆုံသည်။ တကယ့်ကို မထင်မှတ်ထားသော စကား။

မမကြည်လဲ့ကို မမသိမ့်က သတ်သတဲ့။

ခင်ပွန်းဖြစ်သူက လာပြောနေခြင်း။

“ကိုမြင့်အောင်က ဘာအထောက်အထားတွေနဲ့ ပြောရတာလဲ”

မေစံရှားက မေးခွန်းထုတ်သည်။

“ရဲအရာရှိတွေလိုတော့ သက်သေအထောက်အထား မရှိဘူးပေါ့ဗျာ။ ဒါပေမဲ့ ကျွန်တော်ပြောပြမယ်။ လွန်ခဲ့တဲ့ နှစ်လကျော်က အဲဒီဇင်ဘာတုန်းက သိမ့်က မန္တလေး ဘုရားဖူးသွားမယ်ဆိုပြီး အိမ်ကထွက်သွားတယ်။ တစ်ပတ်ကျော်ကြာတယ်။

သူ အဲဒီလိုသွားတဲ့ရက်မှာ ကျွန်တော်က စိတ်မချလို့ ကြည်လဲ့





ဆီ ဖုန်းဆက်တော့ မရဘူး။ ပတ်ဝန်းကျင်မှာစုံစမ်းတော့ ကြည်လဲ့ မန္တလေးသွားတယ်လို့ သိရတယ်။ သူတို့ အတူသွားကြတာလား။ ကြည်လဲ့ သွားမယ်မှန်းသိလို့ သိမ့်က မန္တလေးကို လိုက်သွားတာလား။ သိမ့်ပြန်ရောက်လာပြီး ကြည်လဲ့ ပြန်ရောက်မလာဘူး။ ဒါဟာ စဉ်းစားစရာပဲ”

ကိုမြင့်အောင်စကားက စဉ်းစားစရာ။

- ဒီဇင်ဘာထဲမှာ မမကြည်လဲ့ မန္တလေးကိုသွားသည်ဟူသော အချက်က (မနိုင်မာသော်လည်း) ရှိနေသည်။ မမသိမ့်က ထိုအချိန်မှာ မန္တလေးသွားသတဲ့။ တစ်နေရာရာမှာ မမသိမ့်က ကြည်လဲ့ကိုသတ်ပြီး အစဖျောက်ခဲ့သလား။
- ပြီးမှ ကြည်လဲ့ပျောက်နေကြောင်း ဟန်မပျက် သတင်းပေးပြီး အကာအကွယ်ယူဖို့ ကြိုးစားတာလား။

“ဒါက မမသိမ့် တကယ်ဘုရားဖူးသွားတာလည်း ဖြစ်နိုင်တာပါပဲ”

မေစံရှားက ငြင်းချက်ထုတ်ကြည့်သည်။ စမ်းလိုက်သည့်သဘောဟု ကိုနေသော်က တွေး၏။

ကိုမြင့်အောင်က မချိုးမချဉ်ရယ်သည်။

“ဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ သိမ့်ပြန်ရောက်လာပြီး ကျွန်တော်က ကြည်လဲ့မရှိကြောင်း၊ မန္တလေးသွားတယ်လို့ ကြားရကြောင်း၊ မန္တလေးမှာ မတွေ့ခဲ့ဘူးလားလို့ ပြောတဲ့ မေးတဲ့အခါ သိမ့် မျက်နှာပျက်သွားတယ်။

ရှင် ကြည်လဲ့အကြောင်း ပြောပြပြီလားတဲ့။ ကြည်လဲ့ကို ဘယ်တော့မှ ရှင်မတွေ့ရတော့ဘူးဆိုတာ မှတ်ထားပါတဲ့၊ အဲဒီလို



www.burmeseclassic.com

www.burmeseclassic.com



ပြောတယ်။ အဲဒီစကားဟာ ကြည်လဲ့ လူ့လောကမှာ မရှိတော့ဘူးဆိုတာကို သူသိနေတဲ့အကြောင်း ပေါ်လွင်နေတာပဲလေ''

''ဒါဖြင့် မမသိမ့်က ဘာကြောင့် ကြည်လဲ့ပျောက်နေကြောင်း ကျွန်မကို လာပြောရတာလဲ။ သူ ဒီလောက် သတ္တိကောင်းပါ့မလား''

''အဲဒါက မော်ဘီက သူတို့ စပ်တူဝယ်ထားတဲ့ခြံကို ရောင်းဖို့ရှိတယ်လေ။ ကြည်လဲ့မရှိကြောင်း သေချာရင် သူတစ်ဦးတည်း ရောင်းလို့ရနိုင်တာပေါ့''

မေစံရွှား တွေးသွားရပြန်၏။

''လွန်ခဲ့တဲ့ တနင်္ဂနွေနေ့ညက မမသိမ့် အိမ်မှာရှိလား''

တနင်္ဂနွေည ဆိုသည်မှာ ချိုမာ အသတ်ခံရသော ညဖြစ်သည်။

''မရှိဘူး။ အဲဒီညက သူ့သူငယ်ချင်းတစ်ယောက်အိမ်မှာ သွားအိပ်တယ်။ မနက် ဘုရားကိုဆူးရှိတာ ဝိုင်းကူဖို့တဲ့''

''ဒါဖြင့် တစ်ခုမေးပါရစေ။ ကိုမြင့်အောင်က ကိုမြင့်အောင်ရဲ့ဇနီး မမသိမ့်ဟာ လူသတ်တရားခံဖြစ်နိုင်တယ်လို့ ယူဆရင် ဘာကြောင့် ရဲစခန်းမှာ သွားမပြောတာလဲ''

''ဒါကတော့ သူက ကျွန်တော့်ဇနီး ဖြစ်နေတာကိုး''

သူ့အဖြေက မဆိုင်းမတွပါ။

''ကျွန်မကိုကျတော့ ဘာဖြစ်လို့ လာပြောတာလဲ''

မေစံရွှားက ထပ်မေးသည်။

''ကြည်လဲ့ကိစ္စ အမှန်ပေါ်စေချင်လို့ပါ''

ကိုမြင့်အောင် နှုတ်ဆက်ပြန်သွားချိန်မှာ ကိုနေသော်နှင့် မေစံရွှားတို့ မေးခွန်းများဖြင့် ခေါင်းစား၍ ကျန်ခဲ့ရပြန်၏။

---

**စိတ်ကူးသစ်တာပေ**



- ကိုမြင့်အောင်က ရဲကိုတော့ ဖွင့်မပြောဘဲ မေစံရွှားအား သိမ့်က ကြည်လဲ့ကို သတ်ခဲ့ခြင်းဖြစ်ကြောင်း ဘာကြောင့် လာပြောရသလဲ။ ရည်ရွယ်ချက်က ဘာလဲ။
- ကိုမြင့်အောင်၏ စကားများကကော ယုံကြည်လက်ခံထိုက်သောအဆင့် ရှိရဲ့လား။
- မမသိမ့်ကရော သူ့ခင်ပွန်းနှင့် ပတ်သက်ပြီး အူတိုကာ ကြည်လဲ့ကို မသတ်နိုင်ဘူးလား။
- မေစံရွှားက ကြည်လဲ့ပျောက်ခြင်းကိစ္စအား ရဲကို တိုင်တော့မည်ဟု ပြောသောအခါ သိမ့်က လက်မခံခဲ့ခြင်းသည် မရိုးသားသောအချက်ကို ပြနေခြင်းမဟုတ်လား။
- သို့ဆိုလျှင် ကိုမြင့်အောင် ပြောသောအချက် မှန်နိုင်ခြေရှိသည် မဟုတ်လား။

www.burmeseclassic.com

www.burmeseclassic.com

[ ၁၉ ]

❑

ငါးနာရီ ထိုးသွားပြီ။

လုပ်လက်စအလုပ်များကို အပြီးသတ်သည်ထိ ကိုနေသော်က ဘေးမှာ ထိုင်စောင့်နေ၏။ အပြန် အိမ်လိုက်ပို့မည်ဟူသော ရည်ရွယ်ချက်ဖြင့်ပါ။

မေစံရှားက ရုတ်တရက် သတိရသဖြင့် ဖုန်းကိုကောက်ယူကာ နှိပ်သည်။ မေစံရှား၏ ရုတ်တရက် အပြုအမူကြောင့် ကိုနေသော်က လှမ်းကြည့်၏။

"ဟဲလို ... အမိန့်ရှိပါ"

"ကျွန်မ မေစံရှားပါ ကိုဝေယံ"

"ဒေါ်မေစံရှား ဘာကိစ္စရှိလို့လဲ"





"ကိုဝေယံနဲ့ တစ်ခုလောက် တိုင်ပင်ကြည့်ချင်လို့ပါ"

"ဟုတ်ကဲ့ ပြောပါ"

"မှုံရွှေရည် အသတ်ခံရတာ ဓားနဲ့လို့ ပြောသံကြားရတယ်။ အဲဒီတုန်းက ဒဏ်ရာကို ကိုဝေယံတို့ စစ်ဆေးပြီး မှတ်တမ်းတင်ထားပါသလား"

"တင်ထားတယ်။ မှူခင်းဆရာဝန်ကြီးက နှစ်ဖက်သွားဓား အသွားခြောက်လက်မ၊ အကျယ် တစ်လက်မခွဲလောက်နဲ့ ထိုးခြင်းခံရတာ ဖြစ်နိုင်တယ်လို့ သုံးသပ်ထားပါတယ်"

"ဟုတ်ကဲ့။ ကွန်ဒိုက ချိုမာအသတ်ခံရတာလည်း ဓားနဲ့ပဲလို့ ပြောသံကြားရပြန်တယ်။ အဲဒါကရော"

"အဲဒါလည်း မှူခင်းဆရာဝန်ကြီးက စောစောကလိုပဲ နှစ်ဖက်သွား ဓားကြောင့်လို့ ပြောပါတယ်"

"ဒါဆို ချိုမာ့ကို သတ်တဲ့သူနဲ့ မှုံရွှေရည်ကို သတ်တဲ့သူဟာ တစ်ဦးတည်း ဖြစ်နိုင်ခြေရှိတာပေါ့နော်"

"ကျွန်တော်တို့ အဲဒီလို ကောက်ချက်ချထားပါတယ်"

"နောက်တစ်ခုက မှုံရွှေရည် အသတ်ခံရတုန်းက မီးလောင်နေတဲ့ခန္ဓာကိုယ်ကြောင့် ရုပ်ပျက်ဆင်းပျက် ဖြစ်နေပေမဲ့ မှုံရွှေရည်လို့ လက်ခံထားခဲ့ကြတယ်။ အဲဒါ အတိအကျ လက်ခံထားတာလား။ အကြမ်းဖျင်း ကောက်ချက်လား"

"အကြမ်းဖျင်းပါ။ သေချာအောင် စုံစမ်းနေတုန်းပါပဲ"

"ကျွန်မ သိရသလောက် မှုံရွှေရည်ရဲ့ခန္ဓာကိုယ်က အရိုးတွေကို ဓာတ်မှန်ရိုက်ထားပြီး အရင်က မှုံရွှေရည်ရိုက်ခဲ့ဖူးတဲ့ ဓာတ်မှန်နဲ့ တိုက်ဆိုင်စစ်ဆေးကြည့်ပြီး ဆုံးဖြတ်နိုင်တယ်ထင်လို့ပါ။ ကိုဝေယံ



www.burmeseclassic.com

www.burmeseclassic.com



တို့က အလောင်းရဲ့ အရိုးအဆစ်တွေကို ဓာတ်မှန်ရိုက်ထားတာများ ရှိသလား''

''စီအိုင်ဒီက အဲဒီလို လုပ်ထားပါတယ်။ ဒါပေမဲ့ ကိုခင်မောင်ရှင်ကို မေးကြည့်တော့ သူ့အိမ်မှာ မှုံရွှေရည်ရဲ့ အရိုးအဆစ်ဓာတ်မှန် ဘာတစ်မှမရှိဘူးလို့ပြောလို့ တိုက်ဆိုင်စစ်ဆေးလို့ မရခဲ့ပါဘူး။ ဒေါ်မေစံရှား ဒီအကြောင်းတွေ ဘာလို့မေးတာလဲ''

''ကျွန်မ ကိုဝေယံတို့ကို မကြာခင် တစ်ခု ကူညီနိုင်မလားလို့ပါ''

''အဲဒါဆိုရင် မြန်မြန်လေး ကူညီဗျာ''

''ဒါဆို ကြည်လဲ့အိမ် ဖောက်ထွင်းတဲ့သူကိုရော သိရပြီလား''

''ရှာဖွေနေဆဲပဲ။ ဒါပေမဲ့ တွေ့လိုက်တဲ့သူရဲ့ စကားအရ ပုံပန်းသဏ္ဌာန်က ဥပဒေနဲ့ဥပဒေပြင်ပ နှစ်ခုကြား နယ်ခြားမျဉ်းကြောင်းပေါ်မှာ လှုပ်ရှားနေတဲ့ သမာဓိမောင်ရှင်ဖြစ်ဖို့ များတယ်လို့ ကျွန်တော်ခန့်မှန်းထားတယ်။ မောင်ရှင့်ကို အရိပ်အယောင်တော့ ခုထိ မတွေ့ရသေးဘူး''

''ဟုတ်ကဲ့။ ကျေးဇူးပါပဲ ကိုဝေယံ။ ကျွန်မ ထူးခြားတာနဲ့ သတင်းပို့ပါမယ်''

''ကောင်းပါပြီ''

မေစံရှား ဖုန်းချသည်နှင့် ...

''ကိုဝေယံက ဘာပြောလဲ''

ဟု ကိုနေသော်က မေးသည်။

''သူတို့ သေချာလုပ်ထားတာပါ။ သေဆုံးသူ မှုံရွှေရည်ရဲ့ အရိုးတွေ ဓာတ်မှန်ရိုက်ယူထားတယ်။ ကိုခင်မောင်ရင်ကို မှုံရွှေရည်ရဲ့ ယခင်က အရိုးအဆစ်ဓာတ်မှန် ရှိလားလို့မေးတော့ မရှိဘူးတဲ့။ အဲဒီတော့ လမ်းစပျောက်သွားတာပေါ့။ ဒါပေမဲ့ မကြာခင် ရှား တစ်ခုစမ်းသပ်နိုင်မှာပါ''

''ဘာလဲရှား''

မေစံရှားက ပြုံး၍ ...

''အမှုမပေါ်ခင် စုံထောက်စာရေးဆရာ မသိစေနဲ့ဦးတဲ့။ စကားပုံရှိတယ် ကိုကို''

''ဟာကွာ ...''

ကိုနေသော် မချင့်မရဲဖြစ်သွားသည်။ ပြီးမှ ...

''ဒါနဲ့ ကြည်လဲ့အိမ် ဖောက်ထွင်းတဲ့ကိစ္စကို ရှားမေးတော့ ဘာပြောလဲ''

မေးသည်။

မေစံရှား သက်ပြင်းရှိုက်လိုက်သည်။

''ကိုဝေယံတို့က မောင်ရှင်ကို သံသယရှိနေတယ် ကိုကို''

''ဟာ ... ပြဿနာပဲ''

''မောင်ရှင့်ကိုတော့ သတိထားခိုင်းထားတာပဲ။ အမှုမြန်မြန်ပေါ်မှ မောင်ရှင်လည်း ပြဿနာအေးမှာ''

''ကဲ ... ရှား သိမ်းစရာရှိတာ သိမ်းတော့။ ပြန်ကြမယ်''

''ဟုတ်ကဲ့''

မေစံရှား သိမ်းစရာရှိသည်များ သိမ်းဆည်းပြီး ပြန်ရန်ပြင်လိုက်စဉ် ရုံးခန်းတွင်းသို့ ဧည့်သည်တစ်ယောက် ဝင်လာပြန်၏။

ဧည့်သည်ဟောင်း။

အခြားသူမဟုတ်။ မမသိမ့်ပင်ဖြစ်၏။







www.burmeseclassic.com

www.burmeseclassic.com



"မေစံရှား"

"ဟင် . . . မမသိမ့်"

မမသိမ့်လာခြင်းကို အံ့သြစရာမရှိသော်လည်း ကိုမြင့်အောင် လာသွားပြီး နေ့မကူးမီ မမသိမ့် ရောက်လာခြင်းမှာမူ ထူးဆန်းနေသည်။

"မေစံရှားတို့ ပြန်ကြတော့မလို့လား"

"ဟုတ်ကဲ့"

"မမသိမ့်ကို ခဏအချိန်ပေးပါ"

မေစံရှားနှင့် ကိုနေသော် ပြန်ထိုင်ကြရ၏။

"ဘာများထူးလို့လဲ မမသိမ့်"

မမသိမ့်က မေစံရှားရှေ့မှာ ဝင်ထိုင်ရင်း . . .

"ကိုမြင့်အောင် ဒီကိုလာသွားတယ်မဟုတ်လား"

"ဟုတ်ပါတယ်။ မမသိမ့် ဘယ်လိုသိတာလဲ"

"သူ့သူငယ်ချင်းတစ်ယောက်က ပြောလို့ပေါ့။ နေ့လယ်က ဘီယာဆိုင်ကနေ မေစံရှားဆီကို ထ,သွားတယ် သတင်းရလို့ပါ"

"ဒီကိုလာပါတယ်"

"ဘာတွေပြောသွားလဲ"

"အများကြီးပါပဲ"

"မမသိမ့်အကြောင်းတွေ ဖြစ်မှာပေါ့"

မေစံရှား ခေါင်းညိတ်လိုက်၏။ ကိုနေသော်ကမူ ထုံးစံအတိုင်း ပွဲကြည့်ပရိသတ်။

မမသိမ့်က သက်ပြင်းရှိုက်သည်။

"သူ့ကိုတော့ မမသိမ့် စိတ်ကုန်နေတာ ကြာပြီ။ သူ့က အငြ





ငြိုးသနား မီးတွန်းရှာနေတဲ့သူပဲ။ ခုလည်း ပြဿနာ ရှာသွားပြန်ပြီ"

မေစံရှား ဘာမျှဝင်မပြော။ မမသိမ့်ထံမှ အလိုလိုထွက်လာသည့် စကားများကိုသာ စောင့်နေလိုက်သည်။

"သူက နည်းနည်းမူးတာနဲ့ ပြဿနာရှာတာပါ။ ပိုပြီးဆိုးတာက သူရဲ့ဆိုးတဲ့ စရိုက်ပဲ။ မိန်းကလေးတွေနဲ့ ရှုပ်တာက သူ့ဝါသနာ။ တချို့ကိစ္စတွေသိပေမဲ့ မမသိမ့် မသိဟန်ဆောင်ခဲ့တာရှိတယ်။ ကလေးတွေရှိနေလို့လေ။ ခက်တာက သူ . . . ကြည်လဲ့ကို အတင်းချဉ်းကပ်တဲ့ ကိစ္စ"

မေစံရှားရော ကိုနေသော်ပါ စိတ်ဝင်စားသွား၏။

"ကြည်လဲ့ကတော့ သူ့ကိုရှောင်ပါတယ်။ ဒါပေမဲ့ သူက အတင်းအဓမ္မကို ကြံစည်ဖို့ ကြိုးစားတာ"

"မမသိမ့်"

မေစံရှား စကားတစ်ချက် ဖြတ်ဝင်သည်။

"ဘာလဲ မေစံရှား"

"ဒီတစ်ခါတော့ မှန်တာပြောပါ မမသိမ့်။ ကျွန်မကို မမကြည်လဲ့နဲ့ တစ်နှစ်ကျော်မတွေ့ခဲ့ပါဘူးလို့ ပြောခဲ့ပေမဲ့ လွန်ခဲ့တဲ့ ငါးလလောက်က မမကြည်လဲ့နဲ့ တွေ့ခဲ့တယ်။ စကားများခဲ့တယ်။ အဲဒါ အမှန်ပဲ မဟုတ်လား"

မမသိမ့် မျက်လုံးပြူးသွားသည်။ တအံ့တသြဖြစ်သွားမှု၊ တုန်လှုပ်သွားမှုကို ဖုံးကွယ်မရ။

"မေစံရှား ဘယ်လိုလုပ်သိလဲ"

"အမှန်တရားဆိုတာက ဖုံးကွယ်လို့မှ မရတာ"

မမသိမ့် ငြိမ်ကျသွား၏။ အတန်ကြာမှ . . .



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါ မမသိမ့် လိမ်ပြောမိခဲ့တယ်။ လိမ်ရတာလည်း ကိုမြင့်အောင်ကိုစွ ပေါ်မှာစိုးလို့ပါ"

မေစံရှား စိုက်ကြည့်ရင်း ဆက်မည့်စကားကို စောင့်နေလိုက်သည်။ မမသိမ့်က မျက်လုံးချင်းမဆိုင်ဘဲ။

"ကြည်လဲ့နဲ့ မမသိမ့်စကားများတာလည်း ကိုမြင့်အောင်ကိုစွပါ။ သူက ကိုမြင့်အောင် သူ့ဆီမလာပါစေနဲ့လို့ ပြောတယ်။ မမသိမ့်က သူ့ဘက်က အနေအထိုင်ဆင်ခြင်ဖို့ ပြောတယ်။ အဲဒီမှာ အထင်တွေမှားပြီး စကားများတာပါ"

လေသံပျော့နှင့်ပြောသည်။ အမှားအမှန် မေစံရှား ချက်ချင်းမဆုံးဖြတ်သေး။

"အဲဒီကိစ္စနဲ့ပဲ မမသိမ့်နဲ့သူ အိမ်မှာ စကားများခဲ့ရပါတယ်၊ မမသိမ့်လည်း ဒေါသမထိန်းနိုင်ဘဲ သူ့ကို ကတ်ကြေးနဲ့ထိုးတဲ့အထိဖြစ်ခဲ့တယ်"

ဤကိစ္စကတော့ အဖြစ်အပျက်ချင်းတူသည်။ သူတို့လင်မယားပြောသည့် ရှုထောင့်ကမတူ။

"ကျွန်မ တစ်ခုမေးပါရစေ။ ဒီဇင်ဘာတုန်းက မမသိမ့် မန္တလေးသွားတယ်ဆို"

"ဟုတ်ပါတယ်။ ဘုရားဖူးပါ"

"အဲဒီတုန်းက မမကြည်လဲ့ မန္တလေးသွားတယ် ဆိုတာကိုကော သိလား"

မမသိမ့် မျက်လုံးပြူးပြူးနှင့် ကြည့်သည်။

"မသိပါဘူး"

"မန္တလေးကို မမသိမ့်နဲ့အတူသွားတာ မဟုတ်ဘူးလား"





"မဟုတ်ပါဘူး"

"မန္တလေးမှာ မမသိမ့်နဲ့ မမကြည်လဲ့ မတွေ့ဘူးလား"

"မတွေ့ပါဘူး"

"ကိုမြင့်အောင်က မမသိမ့်ဟာ မန္တလေးလိုက်သွားပြီး မမကြည်လဲ့ကို သတ်တယ်။ အစဖျောက်ပစ်တယ်လို့ ပြောသွားတယ်။ အဲဒါ"

မမသိမ့် နေရာမှ ကယောင်ချောက်ချား ထရပ်သည်။ အထိတ်တလန့်မျက်နှာဖြင့် ...

"သူ ... အဲဒီလို ပြောသွားလား။ အရှုး ... အဲဒါကြောင့် မမသိမ့် မေစံရှားဆီကိုလာရတာ။ သူ မဟုတ်တာပြောသွားတာ။ တကယ်က ... တကယ်က ... သူ ... ကြည်လဲ့ကိုသတ်တာ ဖြစ်နိုင်တယ်"

ကိုနေသော် မျက်လုံးပြူးရမည့် အလှည့်။ မေစံရှားကမူ ..

"သူ့ကိုယ်ဖော် ကိုယ့်သူဖော် ဖြစ်ကုန်ပြီ မမသိမ့်"

"မမသိမ့် တကယ်ပြောတာ။ သူ ကြည်လဲ့ကို မရအရကြံတယ်။ မရတော့ သတ်လိုက်တယ်။ ပြီးတော့ အစဖျောက်ပစ်တယ်"

"ဘာအထောက်အထားရှိလဲ မမသိမ့်"

"ဒီဇင်ဘာ မန္တလေးကို မမသိမ့်မသွားမီက သူနဲ့မမသိမ့် တစ်ခါစကားများတယ်။ မမသိမ့်က ကြည်လဲ့ကို မနှောင့်ယှက်ဖို့ သတိပေးတော့ သူက မရအရကိုယူမယ်။ မရရင် လက်စသတ်ပစ်မယ် ပြောခဲ့တာ။ အဲဒီနောက် မမသိမ့် မန္တလေးထွက်သွားတာပဲ။ ပြန်လာတော့ ကြည်လဲ့ပျောက်နေတာ တွေ့ရတာပဲ"

"အဲဒီလို လွန်ခဲ့တဲ့ ဒီဇင်ဘာက မမကြည်လဲ့ပျောက်နေတာကိုသိလျက်နဲ့ နှစ်လကျော်မှ မမသိမ့် ကျွန်မဆီ ဘာကြောင့်လာရတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းက မမသိမ့်ကို အရှိုက်ထိသွားပုံရ၏။

မမသိမ့် ထိုင်ခုံမှာ အရုပ်ကြိုးပြတ် ထိုင်ကျသွား၏။

"မမသိမ့် အပြစ်တွေပါပဲ မေစံရှားရယ်။ ညီမကတစ်ဖက်၊ ယောက်ျားကတစ်ဖက် လွန်ဆွဲနေခဲ့တာ။ ကလေးတွေအဖေမို့ ကလေးတွေရဲ့မျက်နှာကို ထောက်ထားနေတာလည်း ပါတာပေါ့။ အခုမှ မမသိမ့်ကိုပါ ချောက်တွန်းလာပြီမို့ ဖွင့်ပြောရတာပါ"

မမသိမ့် ပြန်သွားပြီးနောက် ကိုနေသော်နှင့် မေစံရှား မေးခွန်းတွေ ထုတ်မိကြပြန်၏။

- ကိုမြင့်အောင်ကကြည်လဲ့ကို မမသိမ့်သတ်သည်ဟု ပြောသည်။
- မမသိမ့်ပြောစကားတွေကိုကော အကြွင်းမဲ့ ယုံကြည်ထိုက်သလား။

| ၂၀ |

"ဘာအလိုရှိပါသလဲရှင်"

ဖက်ရှင်စတိုးဆိုင်ရှင် ဖြစ်ဟန်တူသူ အမျိုးသမီးက ဆီးကြို၍ မေးသည်။ မေစံရှားက မောင်ရှင့်ဆီမှရရှိသော အင်္ကျီဘောက်ချာပါ ဆိုင်အမည်နှင့် လိပ်စာအတိုင်း စုံစမ်းရောက်ရှိလာခြင်း ဖြစ်၏။

ရုတ်တရက် အကောင်းဆုံးစကားကို ရွေးချယ်ပြောရန် စဉ်းစားမရမိ . . .

"ဩော် . . . မင်္ဂလာဝတ်စုံ အပ်ချင်လို့ထင်တယ်။ ရပါတယ်။ နောက်ဆုံးပေါ် ဒီဇိုင်းတွေ ရနိုင်ပါတယ်"

---

စိတ်ကူးသစ်တာပေ

www.burmeseclassic.com

www.burmeseclassic.com



မေစံရှားဘေးမှ ကိုနေသော်က ပြသထားသော မင်္ဂလာဝတ်စုံ ဒီဇိုင်းအချို့ကို လှမ်းငေးနေသည်ကို ကြည့်၍ ဆိုင်ရှင်အမျိုးသမီးက ထပ်မံမေးခြင်းဖြစ်၏။

သူမ၏မေးခွန်းကြောင့် မေစံရှားနှင့်ကိုနေသော် အကြည့်ချင်း ဆုံကာ အပြုံးချင်း တူသွားသည်။

"မဟုတ်ရပါဘူးရှင်။ အကူအညီ တောင်းစရာကလေးတစ်ခု ရှိလို့ပါ"

မေစံရှားက လမ်းမလွှဲစေရန် ကပျာကယာ ဖြေရှင်းရ၏။

"ဟုတ်ကဲ့ ... ဘာများပါလဲ"

မေစံရှားက အင်္ကျီပြင်ဘောက်ချာကို ထုတ်ပြ၏။

"ဒါ ညီမတို့ဆိုင်ကဘောက်ချာ မဟုတ်လား"

"ဟုတ်ပါတယ်"

"ဘာအင်္ကျီပြင်သွားတယ်ဆိုတာ သိချင်လို့ပါ"

အမျိုးသမီးက ဘောက်ချာကို သေချာစွာကြည့်၍ စဉ်းစား နေသည်။ အတန်ကြာမှ ...

"ဪ ... မှတ်မိပြီ။ နိုင်ငံခြားကလာတဲ့ သိုးမွေးကုတ်ပါ။ တစ်ခုခုနဲ့ငြိပြီး ပြဲသွားလို့ လာပြန်ပြင်တာပါ။ ကျွန်မတို့က ဒါမျိုးလုပ် မပေးဘူးကြင်းပေမဲ့ အကူအညီတောင်းတာနဲ့ ပြင်ပေးလိုက်ရတာပါ"

"ဒါ ဇန်နဝါရီလထဲနော်

"ဟုတ်ပါတယ်"

"ဒီနာမည်က သူပြောတဲ့အတိုင်း ရေးခဲ့တာလား"

"ဟုတ်ပါတယ်"

"ဒါဆိုရင် ဒီဓာတ်ပုံလေး ကြည့်ပေးပါ။ အင်္ကျီလာအပ်တာ





ဘယ်သူပါလဲ"

မေစံရှားက ဆလင်းဘက်ထဲမှ ဓာတ်ပုံကို ထုတ်ပြသည်။ ဒေါ်ဦး ထံမှရခဲ့သော ကြည်လဲ့နှင့် မုံရွှေရည်တို့ပုံ။

ဆိုင်ရှင်အမျိုးသမီး ဇဝေဇဝါဖြင့် ...

"ကျွန်မ သေသေချာချာ မမှတ်မိဘူး။ နှစ်ယောက်ထဲက တစ် ယောက်ဖြစ်နိုင်တယ်"

ဝေဝေဝါးဝါး ပြောသည်။

"တစ်ခု မှတ်မိမလား။ ကြည်လဲ့က မေးစေ့မှာ မှဲ့ပါတယ် လေ"

"ဟင့်အင်း ... မေးစေ့မှာ ပလတ်စတာကပ်ထားတယ် ထင် တယ်။ ဆံပင်က အင်း ... ဆံပင်က ... ဒီလိုထင်တယ်"

သူမညွှန်ပြသည်က ကြည်လဲ့။

သူမညွှန်ပြသည်ကို မေစံရှားကဲ့သို့ ကိုနေသော်ကပါ ငုံ၍ကြည့် ၏။ ဆံပင်ကို နောက်တွင်သိမ်း၍ စည်းထားသည့် ကြည်လဲ့။

"မမတို့က အဲဒီ မမကြည်လဲ့ရဲ့ မိတ်ဆွေတွေပါ။ ခုတစ်လော သူပျောက်နေလို့ မမတို့ လိုက်ရှာနေတာပါ။ ခုလိုကူညီတာ ကျေးဇူး တင်ပါတယ်။ မမက ရှေ့နေပါ။ နောင် အကူအညီလိုရင်လည်း ပြော ပါ။ ဪ ... တလွဲမထင်နဲ့နော်။ မင်္ဂလာလက်ထပ်ဖို့ကိစ္စ ဘာညာ ပြောတာပါ"

မေစံရှားက ပြောရင်း လိပ်စာကတ်ကိုပေး။ ပေးရင်းက ရယ် ရွှန်းဖွဲ့စကားပြောရာ ရယ်မောစရာဖြစ်ပြီး ရင်းနှီးမှုရသွားသည်။

ဆိုင်မှထွက်လာကြတော့ ...

"မမကြည်လဲ့ ပျောက်သွားတယ်လို့ သိရတာက ဒီဇင်ဘာ၊



www.burmeseclassic.com

www.burmeseclassic.com



အကျီလာပြင်တာက ဖန်နဝါရီဆိုတော့ စဉ်းစားစရာဖြစ်နေပြီ''

ကိုနေသော်က မှတ်ချက်ချ၏။

''မှန်တယ်ကိုကို။ ရှားတို့ စဉ်းစားရမှာ နှစ်ချက်ဖြစ်လာတယ်။ မမကြည်လဲ့က တကယ်မပျောက်ဘဲ အကြောင်းတစ်ခုခုကြောင့် ရှောင်တိမ်းနေပြီး လျို့လျို့ဝှက်ဝှက် နေနေတာလား။ ဒါမှမဟုတ် မမကြည်လဲ့က တကယ်ပျောက်သွားပြီး တစ်စုံတစ်ယောက်က မမကြည်လဲ့ဟန်ဆောင်နေတာလား''

မေစံရှားအားကြည့်၍ ...

''ရှားက ဘယ်ဟာပိုဖြစ်နိုင်တယ်လို့ ထင်လဲ''

ကိုနေသော်က မေးသည်။

''ယတိပြတ် မဖြေနိုင်သေးပါဘူး ကိုကို။ အထင်နဲ့ ကောက်ချက်ဆွဲ မလောချင်ဘူး။ ကောက်ချက်ဆွဲလောရင် မှားသွားမယ်''

''ခေါင်းစားလိုက်တာ''

စိတ်ရှုပ်နေသော ကိုနေသော့်ကိုကြည့်၍ မေစံရှားပြုံးသည်။

ခေါင်းထဲမှာမူ အတွေးများနှင့်။

- အကျီလာပြင်သူမှာ မမကြည်လဲ့ အမှန်ပဲလား။
- မမကြည်လဲ့မဟုတ်လျှင် မည်သူနည်း။

■ ■ ■

| ၂၁ |

❑

ကိုနေသော့်ကားနှင့် ကိုနေသော်နှင့်အတူ ပြန်လာရာ အိမ်သို့ရောက်ခါနီးမှာ ဖုန်းဝင်လာသည်။ မေစံရှားက ဖုန်းကိုကြည့်တော့ မည်သူ့ဆက်မှန်းမသိ။

ဖုန်းဖွင့်နားထောင်လိုက်မှ ...

''မမရှားလား။ ကျွန်တော်ပါ''

''ဟဲ့ ... မောင်ရှင်၊ နင် ဘယ်ကဆက်တာလဲ။ ဘာထူးလို့လဲ''

မောင်ရှင်ဟူသော အသံကြောင့် ကိုနေသော် ကားမောင်းနေရာမှ တစ်ချက်လှည့်ကြည့်သည်။

---



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော် လင်းမြတ်နဲ့တွေ့တယ်"

"လင်းမြတ်ဆိုတာ ကိုခင်မောင်ရင်ရဲ့တူကို ပြောတာလား"

"ဟုတ်ပါတယ်။ ဒီကောင်က ဆေးသမားမို့ သူ့ကို ကျွန်တော် အနိုင်ကိုင်လိုက်ရတယ်။ ဒါကြောင့် မမရှား သူ့ဆီက သိချင်တာတွေ မေးလို့ရအောင် ကျွန်တော် ခြိမ်းခြောက်ထားတယ်။ အခု သူ့ကို အင်းလျားလမ်းက Happy စားသောက်ဆိုင်မှာ စောင့်ခိုင်းထားတယ်။ မမရှား သူ့ကို သိတယ်မဟုတ်လား။ သွားတွေ့လိုက်ပါ"

"မင်းကော ရှိမှာလား"

"ကျွန်တော်မရှိဘူး။ မမရှားပြောသလို ကျွန်တော်က ခြေနည်းနည်းငြိမ်နေရမှာမို့ပါ။ ပြီးတော့ မမရှားနဲ့ကျွန်တော် တွေ့တာကို ရဲတွေ မသိစေချင်ဘူး။ မမရှားကို တစ်မျိုးထင်မှာစိုးလို့"

"ဟုတ်ပါပြီ။ မမရှား ခုပဲ သွားလိုက်ပါ့မယ်"

မေစံရှားက ဖုန်းကိုပိတ်လိုက်သည်။

"မောင်ရှင်က ဘာထူးလို့ ဆက်တာလဲ"

"ကိုခင်မောင်ရင်ရဲ့တူ လင်းမြတ်နဲ့ ချိန်းပေးတာ။ သူ လင်းမြတ်ကို နိုင်ကွက်ရှိပုံရတယ်။ အခု အဲဒီကို ရှားတို့သွားရမယ်။ ကိုကို ကားပြန်လှည့်ပေတော့"

"ဘယ်ကို သွားရမှာလဲ"

"အင်းလျားလမ်းက Happy တဲ့။ ခေါက်ဆွဲနဲ့ စားစရာတွေ ရတဲ့ဆိုင်ပါ။ ရှားကို အမှုသည်တွေလိုက်ကျွေးလို့ တစ်ခါ ရောက်ဖူးတယ်"

ကိုနေသော်က ကားကို ပြန်လှည့်သည်။

အင်းလျားလမ်းထဲ ရောက်သည်ထိ မေစံရှားနှင့် ကိုနေသော်





အမှုကိစ္စအကြောင်း ဘာမျှမပြောဘဲ လက်ထပ်ရေးကိစ္စများနှင့်သာ ရယ်ပွဲဖွဲ့နေဖြစ်ခဲ့၏။ တစ်ခါတစ်ရံတွင် အခြေအနေမသိရမီ ကြိုတင်မှန်းဆခြင်းသည် အနေအထားမှန်မှ လွဲချော်သွားတတ်သောကြောင့် အမှုကိစ္စကို မေ့ထားခြင်းလည်းဖြစ်၏။

Happy ဆိုင်ဝင်းထဲသို့ ကိုနေသော် ကားကို ကွေ့ချိုးဝင်လိုက်တော့ မှောင်စပြုနေပြီ။ ခြံဝင်းမှာ ခပ်ကျဉ်းကျဉ်းပင်ဖြစ်၏။ ကားရပ်ရန်နေရာတွင် ကိုနေသော်က ကားကိုရပ်ပြီး ဆိုင်ကို လှမ်းကြည့်သည်။

"အပြင်ဝိုင်းမှာပဲ ကောင်းမလားရှား"

"အင်း ... ဒါပေမဲ့ လင်းမြတ်က ကြိုရောက်နေမလား မသိဘူး"

ကားပေါ်မှဆင်းပြီး ဆိုင်အဆောက်အအုံဆီသို့ နှစ်ဦးသားလှမ်းလာစဉ် အပြင်ရှိ ပန်းခြံများဘေးမှ စားပွဲတစ်ခုမှ လင်းမြတ်က ထလိုက်သည်ကို တွေ့ရ၏။

"ဟိုမှာ လင်းမြတ်"

"အပြင်မှာ လူရှင်းတယ်။ အပြင်မှာပဲ ထိုင်ကြမယ်"

လင်းမြတ်ရှိရာ စားပွဲဆီသို့ မေစံရှားတို့ ရောက်သွားသည်။

ဆံပင်နီကြောင်ကြောင်၊ လက်မောင်းတွင် ထိုးကွင်းစတေကာများနှင့်၊ နားကပ်နှင့်၊ ဂျင်းဘောင်းဘီ၊ တီရှပ်တို့နှင့် ခပ်ပိန်ပိန် ခပ်လိုလို လင်းမြတ်က ...

"ဒေါ်မေစံရှားတို့ ထင်တယ်"

ဟု စူးစမ်းသည်။

"ဟုတ်တယ်လေ။ တစ်ခါ မင်းနဲ့ တို့ ဆုံဖူးတာပဲ။ မှုံရွှေရည်တို့အိမ်ရှေ့မှာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ... ကျွန်တော်က သိပ်မမှတ်မိလို့ သေချာအောင် မေးရတာပါ"

စားပွဲတွင် ထိုင်ကြပြီး လင်းမြတ်ဘာမျှ မမှာရသေးသည်ကို တွေ့သဖြင့် မေစံရှာက မီနူးကတ်ကို ကြည့်၍ မှာသည်။ လင်းမြတ်က ရှမ်းထမင်းချဉ်သုပ်နှင့် မေစံရှားနှင့် ကိုနေသော်က မိုးကုတ်ခေါက်ဆွဲ တို့ဖြစ်သည်။ စားပွဲထိုးလေးက ဖယောင်းတိုင်တွင် မီးထွန်းပြီး ပြန်ထွက်သွား၏။

"မောင်ရှင်က ဖုန်းဆက်တာနဲ့ တို့ ချက်ချင်းထွက်လာတာ"

မေစံရှားက စကားစသည်။

"ဟုတ်ကဲ့ ...။ ကိုမောင်ရှင်က ဒေါ်လေးသေဆုံးပြီး အိမ် မီးရှို့ခံရတာနဲ့ ပတ်သက်ပြီး ဒီက ဒေါ်မေစံရှားကို အမှန်အတိုင်း ပြော ပြပါလို့ ပြောပါတယ်"

"အင်း ... တို့က အဲဒီအကြောင်းတွေကို အမှန်အတိုင်း သိ ချင်တယ်။ မင်းသိထားတာတွေကို မခြွင်းမချန် ပြောပြစေချင်ပါတယ်။ ဒါမှလည်း တရားခံကို တို့က ဖော်ထုတ်လို့ရမှာပါ"

"ကျွန်တော်ကတော့ အမှုမှာ မပါဘူးနော်။ ကျွန်တော့်ကိုတော့ ပြဿနာမရှာပါနဲ့"

"အို ... မင်းကို ဘာလို့ ပြဿနာရှာရမလဲ။ မင်းက တို့ကို ကူညီတာပဲဟာ။ ပြီးတော့ မင်းဦးလေးတို့အိမ်ကို မီးရှို့တဲ့တရားခံကို ဖော်ထုတ်ပေးဖို့ မင်းက ကူညီတာလေ"

လင်းမြတ်က မျက်လွှာချလိုက်ပြီး ...

"တကယ်တော့ ကျွန်တော်ငွေလိုတဲ့အခါတိုင်း ဦးလေးတို့အိမ် ဝင်ပြီး ပစ္စည်းတစ်ခုခု လစ်တတ်ပါတယ်။ အဖိုးတန်တွေမဟုတ်ပါဘူး။





နည်းနည်းပါးပါး သုံးစွဲလို့ရတာမျိုးတွေပါ"

ဟု စကားစသည်။ စကားသံ တိုးဖျော့ဖျော့ဖြစ်သလို သူ့ မျက်နှာကလည်း မီးရောင်မှာ ခပ်ဖျော့ဖျော့ပင်ဖြစ်သည်။

တက်ကြွလန်းဆန်းပြီး ဘဝကိုအားအင်နှင့် ဖြတ်သန်းရမည့် အချိန်မှာ သူ့ပုံစံက လမ်းစပျောက်နေသည်နှင့် တူသည်။ သူ့အတွက် ကိုနေသော်က ဘေးမှ ရင်မောနေသည်။

"ဆိုပါဦး"

"အဲဒီညက အိမ်မှာ ဦးလေး မရှိပါဘူး။ ကျွန်တော်ရောက် သွားတော့ အိမ်ရှေ့တံခါးက ဟနေပါတယ်။ သော့ခတ်မထားပါဘူး။ ဦးလေး အပြင်ထွက်သွားတာသိလို့ အိမ်မှာ ဒေါ်လေးမှုံရွှေရည်ပဲ ရှိနေ မှာဆိုတော့ ကျွန်တော် ရဲရဲတင်းတင်းပဲ ဝင်သွားခဲ့ပါတယ်။

အိမ်ရှေ့မှာ ဘယ်သူမှမရှိပါဘူး။ ဒါကြောင့် တစ်ခုခုယူပြီး ပြန်ထွက်ဖို့ စဉ်းစားမိပေမဲ့ မြေအောက်ခန်းဆီက အသံဗလံတချို့ကြား ရတာနဲ့ ဒေါ်လေးမှုံရွှေရည် ညဘက်ကြီး မြေအောက်ခန်းထဲဆင်းပြီး ဘာလုပ်နေတာလဲ သိချင်လို့ ဝင်သွားခဲ့ပါတယ်။

မြေအောက်ခန်းက မီးရောင်က အပေါ်ကို ထိုးထွက်နေပါ တယ်။ မြေအောက်ခန်းတံခါးဝ ရောက်တော့ အထဲကိုကွယ်ပြီး ကျွန်တော် ချောင်းကြည့်လိုက်တဲ့အခါ လန့်သွားမိပါတယ်။ မြေအောက်ခန်းကြမ်း ပြင်မှာ လူတစ်ယောက် လဲနေပါတယ်။ မိန်းမပါ။

အပေါ်ပိုင်းကို ကော်ဇောနဲ့အုပ်ထားလို့ မျက်နှာကိုမမြင်ရဘူး။ သေသေချာချာ ကြည့်လိုက်တော့ အနားမှာ သွေးတွေတွေ့ရပါတယ်။ သေဆုံးနေပြီလို့ ထင်ပါတယ်။ ဒေါ်လေးမှုံရွှေရည်ပါပဲ"

"သေနေပြီဆိုတာ သေချာလား"



www.burmeseclassic.com

www.burmeseclassic.com



လင်းမြတ်က ခေါင်းညိတ်လိုက်သော်လည်း ...

"ထင်တာပါ။ မလှုပ်မယှက်ဆိုတော့ သေနေပြီဖြစ်မှာပါ။ ဘေးမှာ သွေးတွေလည်း တွေ့တယ်လေ"

ဟု ဖြေသည်။

"မင်းက ရဲကို ဘာကြောင့်မခေါ်တာလဲ"

လင်းမြတ်ငေးသွားသည်။

"ကြောက်လို့ပါ။ ကျွန်တော်က တစ်ခုခု အလစ်သုတ်မှုလို့ သွားတာလေ။ ရဲက ဒေါ်လေးကို ကျွန်တော်သတ်တယ်ထင်မှာကို စိုးလို့ပါ။ ကျွန်တော်က ... ကျွန်တော်က ရဲစခန်းကို ရန်ဖြစ်လို့ရောက်ဖူးပြီး သတိပေးခံထားရတဲ့သူပါ"

လင်းမြတ်က ခပ်တိုးတိုးပြောသည်။

"တခြား မင်းဘာတွေ တွေ့သေးလဲ။ အပြင်မှာ ကားရပ်ထားတာကော တွေ့မိလား"

"အပြင်မှာ ဘာကားမှမရှိဘူး။ ဒါပေမဲ့ ..."

"ဒါပေမဲ့ ဘာဖြစ်လဲ။ ဘာတွေ့လဲ"

"မြေအောက်ခန်း အဝင်ဝနားမှာတော့ ကြပ်ကြပ်ဒိတ်အမည်းကြီးတစ်ခု တွေ့တယ်။ အိမ်တွေမှာ အမှိုက်တွေဘာတွေထည့်တဲ့ အိတ်မျိုးပေါ့။ သိပ်တော့ မကြီးဘူး။ အထဲမှာ ဘာတွေရှိလဲ လှမ်းကြည့်တော့ ဘူးခွံတွေ၊ အမှိုက်တွေပါ"

"ဘာဘူးခွံတွေလဲ။ ငါးသေတ္တာ ဘူးခွံလား"

"ဟုတ်တယ် ထင်တယ်"

"မင်း အဲဒီလိုတွေ့တဲ့အချိန်က မြေအောက်ခန်းထဲမှာ တခြားလူတစ်ယောက်ယောက် ရှိနေလား"

---

စိတ်ကူးသစ်စာပေ



"ရှိနေပါတယ်"

"ယောက်ျားလား၊ မိန်းမလား။ အဲဒါက ဖောက်ထွင်းရေးသမားမင်းဒေါ်လေးမှုရွှေရည်ကို သတ်တဲ့သူ ဖြစ်နိုင်တာပေါ့"

"သူက မှောင်ရိပ်ထဲမှာ တစ်စုံတစ်ခု ရှာနေပုံပါ။ ယောက်ျားလား၊ မိန်းမလား မသိရပါဘူး။ အသံပဲ ကြားနေရတာပါ"

"အဲဒီတုန်းကသာ မင်းက မြေအောက်ခန်းတံခါးကို အပြင်က ပိတ်လိုက်ရင် အဲဒီလူကို တန်းမိမှာပဲ"

"ဟုတ်ပါတယ်။ ဒါပေမဲ့ ကျွန်တော်က အကြောက်လွန်နေလို့ အဲဒီလိုလုပ်ဖို့ သတိမရပါဘူး"

"အဲဒီတော့ မင်း ဘာလုပ်လဲ"

စားပွဲထိုးလေးက စားစရာများယူလာသဖြင့် မေစံရှားက စကားကို ဖြတ်ထားလိုက်ရသည်။ စားပွဲထိုးပြန်ထွက်သွားတော့မှ ...

"ကဲ ... စား။ စားရင်း ပြောတာပေါ့"

လင်းမြတ်က မစားသေးဘဲ ...

"ကျွန်တော်လန့်ပြီး ပြန်ပြေးထွက်လာခဲ့တာပါ"

မေစံရှားက တစ်ချက် လင်းမြတ်ကိုစိုက်ကြည့်ကာ မေးခွန်းထုတ်လိုက်သည်။

"မင်း အဲဒီအိမ်ကိုရောက်တာ ဘယ်အချိန်လောက်လဲ"

လင်းမြတ်က ရုတ်တရက်မဖြေဘဲ အတန်ကြာ စဉ်းစားပြီး–

"ကျွန်တော် အဲဒီအိမ်ကနေ ပြန်ပြေးလာပြီး လမ်းထိပ်က လက်ဖက်ရည်ဆိုင်ကို ဝင်ထိုင်ပြီး စိတ်ငြိမ်သွားအောင် နားပါတယ်။ အဲဒီအချိန်မှာ တီဗီက သတင်းကြေညာနေတုန်းပဲ။ ရှစ်နာရီခွဲကျော် ကျော်လောက်မှာပေါ့။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

အဲ . . . သေချာပါတယ်။ လူတစ်ယောက်ပြောသံ ကြားလိုက်တာက သတင်းပြီးရင်ဖာတ်လမ်းတွဲလာမှာကွ။ ဇာတ်လမ်းတွဲက ရှစ်နာရီလေးဆယ့်ငါးတဲ့။ ကျွန်တော်ထိုင်တဲ့ဆိုင်နဲ့ ဦးလေးအိမ်နဲ့ အလွန်ဆုံးသွားရရင် ဆယ့်ငါးမိနစ်ပဲ''

''ဒါဆို မင်း အဲဒီအိမ်က ထွက်လာချိန်ဟာ နောက်အကျဆုံး ရှစ်နာရီခွဲလောက်ပဲ ရှိမှာပေါ့''

''ဟုတ်ပါတယ်''

''သေချာပြန်စဉ်းစားပါဦး။ သေချာရဲ့လား။ မင်း အခုပြောနေတာတွေကရော အမှန်ပဲလား''

''သေချာပါတယ်။ မှန်လည်း အမှန်တွေပါပဲ။ ရဲကိုကြောက်လို့ ကျွန်တော် ဘာမှုမပြောခဲ့ပေမဲ့ ကိုမောင်ရှင်ကိုကြောက်လို့ အမှန်အတိုင်း ပြောတာပါ''

'မောင်ရှင်ကိုကြောက်လို့ အမှန်အတိုင်းပြောတာပါ' ဟူသောစကားကြောင့်ကိုနေသော်က ခေါက်ဆွဲစားရင်း ပြုံးသည်။

မေစံရှားက လင်းမြတ်စကားကို မယုံကြည်နိုင်သေးဟန်ဖြင့်-

''မင်းဦးလေးနဲ့ မင်းအဒေါ် ဖုန်းပြောတာက ကိုးနာရီလောက်တဲ့၊ ပြီးတော့ ရဲစခန်းကို တစ်စုံတစ်ယောက်က ကြောက်လန့်တကြားနဲ့ ဖုန်းဆက်တာက ကိုးနာရီနဲ့ ခြောက်မိနစ်လောက်တဲ့။ မင်းပြောသလိုဆိုရင် မင်းဒေါ်လေးသေပြီးမှ မင်းဦးလေးနဲ့ စကားတွေပြောသလိုဖြစ်နေပြီ''

ပြောသည်။

လင်းမြတ်က ပြုံးကြောင်ကြောင်ဖြင့် . . .

''အဲဒါတော့ ကျွန်တော်မသိဘူး။ ဒါပေမဲ့ ကျွန်တော်ပြောတာ





ကတော့ အမှန်ပါပဲ။ အချိန်လည်း သေချာပါတယ်။ ဘာကြောင့်သေချာလဲဆိုတော့ လက်ဖက်ရည်ဆိုင်မှာ ဘာမှမသောက်ဘဲ အိမ်ပြန်ရောက်တော့ နာရီကြည့်မိတယ်။ အဲဒီတော့မှ ကိုးနာရီထိုးတာပါ''

''ကောင်းပြီလေ။ ဒီနေ့ ဒါတွေပြောကြလို့ မင်းကို ကျေးဇူးတင်ပါတယ်။ ဒီအမှုနဲ့ပတ်သက်လို့ တခြားကော မင်းဘာသိထားတာရှိသေးလဲ''

''မရှိတော့ပါဘူး''

''မှုံ့ရွှေရည်မှာ မတည့်တဲ့သူတွေ ဘာတွေ ရှိဖူးသလား''

''မသိပါဘူး။ ခင်ခင်မင်မင်ကတော့ အန်တီကြည်လဲ့ပဲ ရှိပါတယ်။ သူပဲ အိမ်ကို ဝင်ထွက်နေတာပါ''

''ရော့ . . . မမရဲ့လိပ်စာကတ်။ တခြား မင်းသိတာရှိရင် မမဆီကို ဖုန်းဆက်ပြီး ပြောပြပေးပါ''

''ဟုတ်ကဲ့''

''မောင်ရှင်က တို့နဲ့ အမြဲတွေ့နေတာဆိုတော့ မင်း လိမ်ပြောတာဆိုရင် မောင်ရှင်က မင်းကို ပြဿနာရှာမှာနော်''

''ဟာ . . . အမှန်အတိုင်း ပြောတာပါဗျာ''

ကိုနေသော်က ကျသင့်ငွေများကို ထုတ်ရှင်းသည်။

''ရွှေနေမလေး ခုတစ်လော ဘာဝင်ငွေမှ မရှိဘူးဆိုလို့ ကိုကိုက ကျွေးတာနော်''

''ဟောကြည့် . . . အမှတ်ယူပြန်ပြီ''

မေစံရှားနှင့် ကိုနေသော် အပြုံးချင်း ဖလှယ်မိကြ၏။

လင်းမြတ်နှင့်လမ်းခွဲပြီး ပြန်လာကြရာ လမ်းတွင် . . .

''ရှားရေ တွေးစရာတစ်ခု တိုးလာပြန်ပြီနော်''



www.burmeseclassic.com

www.burmeseclassic.com

ဟု ကိုနေသော်က စကားစသည်။

"ဟုတ်တယ် ကိုကို"

အမှန်ပင်။ တွေးစရာ တစ်ခုမက များစွာ . . . များစွာ။

– လင်းမြတ်က မှုံရွှေရည် သေဆုံးနေသည်ကို တွေ့ချိန်မှာ ည (၈) နာရီခွဲခန့်မှာ ဖြစ်၏။ ခင်မောင်ရင်က သူ့ဖုန်းနှင့် ဖုန်းပြောသည်မှာ ကိုးနာရီတဲ့။ မည်သူ မှန်သနည်း။

– သေပြီးနေသူမှာ မှုံရွှေရည်ဆိုလျှင် ကိုခင်မောင်ရင်နှင့် စကားပြောသူမှာ မည်သူနည်း။

– လင်းမြတ်တွေ့ခဲ့သော သေဆုံးသူမှာ မှုံရွှေရည်မှ ဟုတ်ရဲ့လား။

– ရဲထံဖုန်းဆက်သူမှာ မှုံရွှေရည်လား၊ အခြားတစ်ယောက်လား။

– ဖောက်ထွင်း၊ လူသတ်၊ မီးရှို့သူမှာ မည်သူနည်း။

| ၂၂ |

□

တစ်မိုး သောက်ခဲ့ပြန်ပြီ။

နိစ္စဓူဝ လည်ပတ်နေကျအတိုင်း မေစံရှားရုံးသို့ ထွက်ခဲ့ရ၏။

အငှားကားနှင့် လာရာ လမ်းတစ်လျှောက်မှာမှု တရားရုံးတွင် ရင်ဆိုင်လျှောက်လဲရမည့် အမှုများက ခေါင်းထဲဝင်မလာဘဲ မှုံရွှေရည်၊ ကြည်လဲ့၊ ခင်မောင်ရင်၊ လင်းမြတ်၊ ခက်ခက်၊ သိမ့် တို့ကသာ ခေါင်းထဲ ဝင်လာနေခဲ့၏။

အမယ်ဘုတ်သူ့ ချည်ခင်အရှုပ်အထွေးကြီး။

ဘယ်အစကို ဆွဲ၍ ရှင်းရပါ့။

အငှားကားမှဆင်းပြီး အဆောက်အအုံ၏ လှေကားထစ်များကို နင်းတက်လာတော့လည်း တဒုန်းဒုန်း မိမိခြေသံကိုပင် ဂရုမထားမိ။ ယနေ့ မည်သူနှင့် တွေ့ရမည်နည်းဟု အတွေးဝင်နေသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ရဲအုပ်ဝေယံကို သတင်းပို့ရမည့် အချက်များကိုလည်း စဉ်းစားနေမိ၏။

ရုံးခန်းဝရောက်ပြီး တံခါးကို သော့ဖွင့်မည်ပြုသောအခါ စိတ်တွင် ထင့်ခနဲဖြစ်သွားသည်။ သော့ခတ်ထားပုံက ပုံစံပျက်နေသည်ဟု ခံစားရ၏။ သော့ကိုဖွင့်ပြီး ဝင်လိုက်တော့ မေစံရှားအထင်တွေ သွေးထွက်အောင်မှန်နေသည်ကို တွေ့လိုက်ရသည်။

မေစံရှား၏ အလုပ်စားပွဲပေါ်မှ ဖိုင်များ၊ စာအုပ်များ၊ စာရေးကိရိယာများ ပြန့်ကျဲရှုပ်ပွနေသည်လေ။

တစ်စုံတစ်ယောက်သည် မေစံရှား၏ရုံးခန်းကို ဖောက်ထွင်းဝင်ရောက်ကာ မွှေနှောက်သွားပါပကော။

ပထမဦးစွာ အခန်းအနေအထားကို မေစံရှား စစ်ဆေးသည်။ ပြတင်းများက ခြေရာလက်ရာမပျက် ရှိနေ၏။ သို့ဆိုလျှင် တံခါးမကြီးမှသော့ကို သော့တူ၊ သို့မဟုတ် မာစတာကီးဖြင့် ဖွင့်ဝင်သွားခြင်းပင်ဖြစ်နိုင်၏။

ပြန့်ကျဲနေသော စာရွက်စာတမ်းများကို ပြန်လည်စီထပ်ရင်း ပျောက်ဆုံးသောအရာကို စစ်ဆေးပြန်တော့ ထူးထူးခြားခြား ပျောက်ဆုံးသည်ကို မတွေ့ရ။ လက်ရှိလိုက်နေသော အမှုနှင့်ပတ်သက်သည်များ၊ ပြီးခဲ့သည့်အမှုဖိုင်များ ဘာမျှမပျောက်။ ကွန်ပျူတာကိုဖွင့်၍ စစ်ဆေးတော့လည်း ဘာမျှဖျက်ဆီးထားခြင်းမရှိဟု တွေးနေစဉ် . . .

"ဟင် . . . မဟုတ်သေးဘူး"

မေစံရှား ရေးမှတ်လေ့ရှိသော စဉ်းစားဖွယ်အချက်များ မှတ်တမ်းတင်သည့် ဖိုင်တစ်ခုမှာ ပျောက်ဆုံးနေသည်ကို တွေ့ရ၏။

တစ်စုံတစ်ယောက်သည် ကွန်ပျူတာထဲမှ ထိုဖိုင်ကို ဖျက်သွား





ခဲ့ပြီဖြစ်သည်။ ကြည်လဲ့ကိစ္စ၊ မှုံရွှေရည်ကိစ္စ ဖိုင်။

ထိုအခါ အံဆွဲကိုဖွင့်၍ အိတ်အချို့ကိုစစ်ဆေးတော့ ဓာတ်ပုံတစ်ပုံပျောက်နေသည်ကို တွေ့ရပြန်၏။

မှုံရွှေရည်နှင့် ကြည်လဲ့တို့နှစ်ဦး၏ပုံ။ ဒေါ်ဦးထံမှရခဲ့သောပုံ။

တော်သေးသည်မှာ ပျောက်ဆုံးသွားသောပုံမှာ မောင်ရှင်ကူးလာခဲ့သောပုံဖြစ်၍ မူရင်းမှာ မေစံရှား၏ ဆလင်ဘာက်ထဲ၌ ရှိနေခြင်းပင်။

သေချာသည်။

ကြည်လဲ့ကိစ္စ၊ မှုံရွှေရည်ကိစ္စတို့နှင့် ဆက်စပ်ခဲ့သော ဖောက်ထွင်းသမားသည်ပင် မေစံရှား၏အခန်းကို ဖောက်ထွင်းဝင်ခဲ့ခြင်းဖြစ်၏။

ကြည့်ရသည်မှာ . . .

မေစံရှားက အချက်အလက်အချို့ကို တွေ့ရှိပြီးဖြစ်ရာ အမှုမှန်ပေါ်မှာစိုး၍ ယခုလို လာရောက်အစဖျောက်ခြင်း ဖြစ်ပုံရ၏။

ဤသို့ဆိုလျှင် . . .

မေစံရှား ဤအမှုနောက်သို့ လိုက်နေကြောင်း တရားခံက ရိပ်မိသိရှိနေပြီဆိုသည်မှာ သေချာနေပေတော့သည်။

သူ မည်သူနည်း။

ယခင် ဒေါ်ဦးအခန်း၊ ချိုမာ့အခန်းများကို ဝင်သွားစဉ်တုန်းကလို လက်ရာခြေရာမကျန်အောင် လုပ်သွားပုံရ၏။ လက်အိတ်ကိုစွပ်ပြီး ဝင်ခဲ့မှာ အတိအကျ။ သို့သော် သူသည် သူ့အကျင့်ကိုမူ ဖျောက်နိုင်ဖွယ်မရှိ။

မေစံရှားက စားပွဲနှင့်ခုံများ၊ နံရံများကို ထပ်မံစစ်ဆေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



သောအခါ တွေ့လိုက်ရသည်မှာ ဝါးပြီးကပ်ထားခဲ့သော ပီကေ။

သေချာသည်ထက် သေချာသွား၏။

ယခင် ကွန်ဒိုမှအခန်းများကို ဖောက်ထွင်းဝင်ခဲ့သူ၊ ဒေါ်ဦး မြင်လိုက်သည်ဆိုသည့် အချက်ကိုပါ ထည့်သွင်းတွက်ချက်သော် ... မိန်းမ။

ခင်မေလွင်လား၊ ခက်ခက်လား၊ သိမ့်လား။

ပျောက်ဆုံးနေသူ ကြည်လဲ့လား။

မေစံရှားက ရဲအုပ်ဝေယံဆီသို့ ဖုန်းဆက်၍ သတင်းပို့သည်။

"ကိုဝေယံရေ ... ညက ကျွန်မရုံးခန်း အဖောက်ခံရတယ်"

"ဟုတ်လား ...။ ဘယ်လိုဖြစ်တာလဲ။ ဘာတွေပါသွားလဲ"

မေစံရှားက သူမ စစ်ဆေးတွေ့ရှိသမျှကို ပြောပြသည်။

"ဒါဆိုရင်တော့ ကြည်လဲ့ပျောက်မှုနဲ့ မှုံရွှေရည်ပျောက်မှုတွေက ပိုပြီး စိတ်ဝင်စားစရာ ကောင်းလာပြီ။ ဒေါ်မေစံရှားလည်း ကိုယ့်ကိုယ်ကိုယ် ဂရုစိုက်ပါ။ ဒေါ်မေစံရှားကို အန္တရာယ်ပြုလာနိုင်တယ်"

"ဟုတ်ကဲ့ပါ"

ရဲအုပ်ဝေယံဆီသို့ ဖုန်းဆက်အပြီး နောက် ဒုတိယဖုန်းဆက်ရသည်မှာ ကိုနေသော်ဆီသို့ ဖြစ်သည်။

| ၂၃ |

❑

ရဲအုပ်ကိုဝေယံ ရောက်လာပြီး အခန်းကို စစ်ဆေးသည်။ သို့သော် ပီကေမှလွဲ၍ အခြား ဘာသဲလွန်စမျှ မရ။

သူကလည်း မေစံရှားတင်ပြသည့် ဒေါ်ဦးအခန်းဖောက်ထွင်းသူ၊ ချိုမာ့အခန်းကို ဖောက်ထွင်းသူတို့နှင့် တစ်ဦးတည်းဖြစ်နိုင်သည်ဟု ကောက်ချက်ချသည်။

ရဲအုပ်ဝေယံ ပြန်သွားပြီးနောက် ရောက်လာသူမှာ ကိုနေသော် ဖြစ်၏။

ကိုနေသော်အား အကျိုးအကြောင်း ပြောပြနေစဉ် မေစံရှား၏ ဟမ်းဖုန်းက မြည်လာသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မောင်ရှင်ထံမှ ဖြစ်၏။

"မမရှားကို ကျွန်တော်ပြောရင် မမရှား အံ့ဩသွားမယ်"

"ဘာလဲ မောင်ရှင်"

"ကျွန်တော် ညက မမကြည်လဲ့ကို တွေ့လိုက်တယ်"

အမှန်ပင် မေစံရှား အံ့ဩသွား၏။

"ဟုတ်လား။ ဘယ်မှာတွေ့တာလဲ။ စကားပြောလိုက်ရလား"

"စကားတော့ မပြောလိုက်ရဘူး။ ကျောက်စိမ်းကွန်ဒိုထဲ ဝင်သွားတာ တွေ့လိုက်တာ"

"မင်း လိုက်မကြည့်ဘူးလား"

"လိုက်ကြည့်ရင်း ပျောက်သွားတယ်"

"သေချာလို့လား မောင်ရှင်ရယ်။ မင်း ကြည်လဲ့ကိုစွဲလမ်းပြီး ထင်ယောင်ထင်မှားဖြစ်တာ နေမှာပါ"

"မဟုတ်ဘူး မမရှား။ နောက်က တွေ့လိုက်ရပေမဲ့ သေချာတယ်။ မမကြည်လဲ့မှ မမကြည်လဲ့ပဲ။ ကိုယ်လုံးကိုယ်ထည် ဆံပင်ပုံစံ အတူတူပဲ"

"နောက်ကကြည့်ရတာလည်း ဖြစ်တယ်။ ညကလည်း ညဖြစ်တယ်ဆိုတော့ မင်းရဲ့ မမကြည်လဲ့ဆိုတာ မသေချာနိုင်ပါဘူး"

"သူ့အခန်းနားက သွားစောင့်သေးတယ်။ အခန်းကတော့ ပိတ်ထားတယ်"

"ဒါကြောင့်ပြောတာ။ မင်း ထင်ယောင်ထင်မှား ဖြစ်တာပါလို့"

"မမကြည်လဲ့ မဟုတ်ရင်တောင် တော်တော်တူတဲ့ အမျိုးသမီးပဲလို့ ပြောရမှာပဲ။ မမကြည်လဲ့အတုလို့ ပြောရမယ်"





"မမကြည်လဲ့အတု ... ဟုတ်လား"

မေစံရှားခေါင်းထဲ လင်းခနဲ တစ်ချက်ဖြစ်သွား၏။

"ဒါပဲနော် မမရှား။ ကျွန်တော် ထပ်စောင့်ကြည့်မယ်။ ဒီတစ်ခါ သေသေချာချာ မိအောင်ဖမ်းမယ်"

"ဆန္ဒမစောနဲ့ မောင်ရှင်။ မင်းကို ရဲတွေကလိုက်နေတာ။ မင်းခြေငြိမ်ငြိမ်နေစမ်းပါ"

"မမရှားစကားကို နားမထောင်ချင်လို့ မဟုတ်ပါဘူး။ ခြေငြိမ်အောင် ကြိုးစားနေပေမဲ့ ရင်ကိုငြိမ်အောင် ကြိုးစားလို့မရဘူး။ မမကြည်လဲ့အတွက် ရင်ထဲမှာ တအားခံစားနေရတယ်"

"အရူးလေး"

"ဟုတ်တယ် မမရှား။ ကျွန်တော် ရူးနေပြီထင်တယ်"

လင်းမြတ်နှင့်တွေ့သည့်အကြောင်း မေစံရှားက ပြောပြလိုက်သည်။

မောင်ရှင် ဖုန်းချသွားတော့ မေစံရှား သက်ပြင်းချမိ၏။ မောင်ရှင်သည် ယခုတစ်ကြိမ်မှာတော့ တကယ်ပင် အချစ်ကိုတွေ့ခဲ့ပြီ ထင်ရသည်။ အချစ်ကို တွေ့ရပြန်တော့လည်း ရင်မောစရာအတိ။ အချစ်ကံဆိုးလိုက်သည့် မောင်ရှင်။

ကိုနေသော်က ...

"ဘာလဲ ... မောင်ရှင်က မမကြည်လဲ့ကို တွေ့လိုက်တယ်လို့ ပြောတာလား"

ဟု မေးသည်။

"ဟုတ်တယ် ကိုကို"

"သေသေချာချာ တွေ့လိုက်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



"ညက တွေ့လိုက်တာ။ နောက်ကနေ လှမ်းမြင်လို့လိုက်သွားတာ ပျောက်သွားတယ်တဲ့"

"ဒါဆိုရင် မသေချာပါဘူး"

"ရှားတစ်ခု စဉ်းစားမိတယ် ကိုကို"

ကိုနေသော်က မေစံရှားစကားကြောင့် စူးစူးစမ်းစမ်း လှမ်းကြည့်သည်။ စိတ်ဝင်တစားမျက်လုံးများ။

"ဘာကိုလဲ"

"မောင်ရှင်ပြောသလို ကြည်လဲ့အတု ဖြစ်မယ်လို့"

"ဘယ်လို ..."

"ကြည်လဲ့အတု ပေါ်နေတယ် ပြောတာ။ ကြည်လဲ့အယောင်ဆောင်တစ်ယောက် ပေါ်နေတယ် ပြောတာ"

"ကိုကို နားမရှင်းဘူး ရှား"

"ကိုကိုနားရှင်းအောင် ရှား အထောက်အထားနဲ့ မရှင်းနိုင်သေးဘူး။ ဒါပေမဲ့ ရှား ကွင်းဆက်အားလုံးကို ချိတ်ဆက်မိနေပြီထင်တယ်"

ထိုစဉ် မေစံရှား၏ လက်ကိုင်ဖုန်းက မြည်လာပြန်သည်။ ကိုနေသော်ကို 'ခဏ' ဟူသောသဘောဖြင့် လက်ကာပြီး မေစံရှား ဖုန်းကို ဖွင့်လိုက်၏။

"ဟဲလို ... မေစံရှားပါ"

"ကျွန်တော် လင်းမြတ်ပါ"

"လင်းမြတ် ... ပြော။ ဘာထူးလို့လဲ"

"ညက ကျွန်တော် ဦးလေးကို အမျိုးသမီးတစ်ယောက်နဲ့ အတူတွဲသွားတာ တွေ့လိုက်တယ်"

"ဘယ်မှာ တွေ့လိုက်တာလဲ"

---

စိတ်ကူးသစ်စာပေ



"ရုပ်ရှင်ရုံရှေ့မှာ။ ရွှေဆောင်ရုံရှေ့မှာ"

"မင်းဒေါ်လေးငယ် ခင်မေလွင် မဟုတ်ဘူးလား"

"မဟုတ်ဘူး။ လက်ချင်းချိတ်လို့"

"ဘယ်လိုပုံစံမျိုးလဲ။ အမျိုးသမီးက"

"အဝေးက မြင်လိုက်ရတာပါ။ ဒါပေမဲ့ ဒေါ်လေးမှုံရွှေရည်ဆီကိုလာတတ်တဲ့ ကြည်လဲ့ဆိုတဲ့ အမျိုးသမီးနဲ့ ဆင်တူတယ်"

"မမကြည်လဲ့နဲ့ ဟုတ်လား"

"ဆင်တူတယ် ပြောတာပါ။ ဟုတ်ချင်မှ ဟုတ်မှာပါ"

"မင်း လိုက်မကြည့်ဘူးလား"

"လိုက်ကြည့်ပါတယ်။ လူအုပ်ထဲမှာဆိုတော့ ပျောက်သွားတယ်"

"ကျေးဇူးပဲ လင်းမြတ်ရေ။ နောက်လည်း သတင်းထူးရင် ပြောပါနော်"

"ဟုတ်ကဲ့ ... စိတ်ချပါ"

လင်းမြတ် ဖုန်းချသွား၏။

"ကိုခင်မောင်ရင်ကို အမျိုးသမီးတစ်ဦးနဲ့ ရုပ်ရှင်ရုံရှေ့မှာ တွေ့လိုက်လို့တဲ့။ အမျိုးသမီးက မမကြည်လဲ့နဲ့တူတယ်တဲ့"

မေစံရှားက သိချင်ပုံပေါ်နေသည့် ကိုနေသော်ကို လှမ်းပြောသည်။

"ဒါဆိုရင်တော့ မမကြည်လဲ့ ပြန်ပေါ်လာတာ သေချာပြီ။ မောင်ရှင်ကလည်း တွေ့လိုက်တယ်။ လင်းမြတ်ကလည်း တွေ့လိုက်တယ်ဆိုတော့"

မေစံရှား ဘာမှပြန်မပြော။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သူမ၏မျက်လုံးများ နံရံခြင်းငေးစိုက်နေ၏။ သူမ၏ မျက်ခုံးစိမ်းမှောင်မှောင်လေးက တွန့်ကွေးလျက်။ သူမ၏မျက်နှာပြင်မှာ ထူးထူးခြားခြား တည်ကြည်ငြိမ်သက်နေ၏။

သူမ တစ်ခုခု အာရုံရနေပြီ။

သူမ တစ်ခုခု အလေးအနက် ပုံဖော်နေပြီ။

ကိုနေသော်က ချစ်သူ၏သဘာဝကို သိနားလည်သူပီပီ အသာပင် ငြိမ်၍ ကြည့်နေသည်။

စက္ကန့်လေးများက မိနစ်သို့ ကူးသွား၏။

မိနစ်လက်တံ အချို့အရွေ့အလျား ...

“မမကြည်လဲ့တော့ သူ့အခန်းကို ရောက်လိမ့်မယ်နဲ့ တူတယ် ကိုကိုရေ။ မသီတာတို့၊ ဦးကျော်စွာတို့ဆီ သွားရအောင်”

မေစံရှားက ပြောလည်းပြော၊ ထိုင်ရာမှလည်းထ၊ စလင်းဘက်ကိုလည်း ကောက်လွယ် ခြေလှမ်းကိုလည်း စ၍လှမ်း။ ရုတ်တရက် ဖျတ်လတ်စွာလှုပ်ရှားသော ချစ်သူ၏အလိုကျ ကိုနေသော်ကလည်း ထပ်တူထပ်မျှ။

[ ၂၄ ]

ကျောက်စိမ်းကွန်ဒိုရှိ ဦးကျော်စွာနှင့် မသီတာတို့၏ အခန်း တံခါးရှေ့ အရောက်မှာပင် တံခါးကပွင့်လာ၏။

တံခါးဝမှာ ပေါ်လာသည်က မသီတာ။

“ဟင် ... မေစံရှား”

“မမသီတာ ဘယ်သွားမလို့လဲ”

“မေစံရှားဆီကို လာမလားဆိုပြီး စိတ်ကူးနဲ့ အပြင်ထွက် တ”

မေစံရှား အံ့အားသင့်သွားသည်။

---

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"အကြောင်းထူးရှိလို့လား"

မေစံရှား၏ အလောတကြီးအမေး။

"ရှိတယ်။ အဲဒါဖုန်းဆက်မလို့ မေစံရှားရဲ့လိပ်စာကတ် ပျောက်နေတာနဲ့ လူချင်းတွေ့ပြီး ပြောမယ်ဆိုပြီး ထွက်လာတာ။ မေစံရှားကရော ..."

"ကျွန်မလည်း မမသီတာဆီကိုပဲ။ အကြောင်းထူးတစ်ခု ရှိနေပြီလို့ သိနေတာနဲ့ ထွက်လာတာ"

"ကဲ ... လာကြ၊ အထဲဝင်။ အထဲမှာ ပြောကြတာပေါ့"

မသီတာ၏ဖိတ်ခေါ်မှုနှင့် ကိုနေသော်နှင့် မေစံရှားတို့ အခန်းထဲ ဝင်လိုက်ကြရ၏။ မသီတာက ကော်ဖီဖျော်ပြီး လာချသည်။

"ပြောပါဦး။ မေစံရှား သိနေတာ"

မသီတာက သူမ၏သတင်းထူး အကြောင်းထူးကို မပြောသေးဘဲ မေစံရှားကို အကဲစမ်းနေပြန်သည်။

"မမကြည်လဲ့ ပေါ်နေတယ်။ သူ သူ့အခန်းကို ရောင်းလိမ့်မယ်"

မေစံရှားစကား။

မသီတာ၏မျက်ဝန်းများ ပြူးကျယ်သွားကာ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။ ကိုနေသော်ကမူ မေစံရှား၏မျက်နှာကိုသာ လှမ်းငေးနေ၏။

"မေ ... မေစံရှား ဘယ်လိုပြောလိုက်တယ်"

မသီတာက မယုံသလို ပြန်မေး၏။

"မမကြည်လဲ့ကို တွေ့လိုက်တဲ့သူ နှစ်ဦးရှိနေတယ်။ ကျွန်မဆီကို သတင်းပို့ကြတယ်။ ဒါကြောင့် ရုတ်တရက် လျှို့လျှို့ဝှက်ဝှက်





ပေါ်လာတဲ့ မမကြည်လဲ့ဟာ သူ့အခန်းကိုရောင်းဖို့ပဲ။ ရောင်းပြီး သူတခြားကို လစ်လိမ့်မယ်"

မသီတာ မေစံရှားကို ပြူးကြောင်ကြောင်းငေးကြည့်ဆဲ။ မျက်တောင်ပင်မခတ်ဟု ဆိုနိုင်၏။ ပါးစပ်အဟောင်းသားက ပြန်မစေ့။

အတန်ကြာမှ ...

"မေ ... မေစံရှားက အကြားအမြင်ရလား"

ပြောနေသော အကြောင်းအရာနှင့် ကွဲပြားခြားနားစွာသော အမေး။ ကိုနေသော်ရော မေစံရှားပါ ပြိုင်တူ ပြုံးရယ်မိကြ၏။

"မမသီတာကလည်း မဟုတ်တာ။ ဘာလဲ ကျွန်မကို ဘိုးတော်ထင်လို့လား"

မသီတာကမူ မရယ်ပါ။

"တကယ်ပဲ။ ကျွန်မ သိပ်အံ့သြသွားတယ်"

"ဘာဖြစ်လို့လဲ မမသီတာ"

"ကျွန်မ မေစံရှားဆီကိုလာဖို့ဆိုတာ အဲဒီအကြောင်းကြောင့်ပဲ"

"အဲဒီအကြောင်းဆိုတာက ..."

"အခု မေစံရှားပြောတဲ့ အကြောင်းလေ"

"မမကြည်လဲ့က သူ့ရဲ့ကွန်ဒိုအခန်းကို ရောင်းဖို့ဆိုတာလား"

"ဟုတ်တယ်။ ရောင်းပြီးသွားပြီ"

"ဩော် ..."

မေစံရှား၏ အံ့သြမှုက အနည်းငယ်သာ။ မျှော်လင့်တွက်ဆသလို ဖြစ်လာခြင်းအတွက် ထူး၍ မအံ့သြ။ ပြီးတော့ မိမိ၏တွက်ကိန်းက ရာနှုန်းပြည့်နီးပါး မှန်ကန်နေပြီဟူသော အတွေးဖြင့်လည်း ကျေနပ်



www.burmeseclassic.com

www.burmeseclassic.com



သွား၏။

ကိုနေသော်ကမူ အံ့အားသင့်စွာဖြင့် ချစ်သူကို လှမ်းကြည့်၏။ ထိုအကြည့်မှာ အထင်ကြီးမှုလည်း ပါသည်။

"ဘယ်တုန်းကလဲ"

"ဒီနှစ်ရက်လောက်အတွင်းပဲ။ ဝယ်တဲ့လူတွေကတော့ အခန်းကိုလာပြီး သန့်ရှင်းရေးလုပ်ပြီးကြပြီ။ သူတို့ သန့်ရှင်းရေးလုပ်နေတာ သတင်းကြားလို့ သွားမေးတော့မှ ကြည်လဲ့က ရောင်းသွားတာတဲ့"

"ဦးကျော်စွာရော မရှိဘူးလား။ ဦးကျော်စွာကိုရော အသိမပေးဘူးလား"

"ဦးကျော်စွာက ခရီးသွားနေတယ်။ ကျွန်မဆီကိုလည်း အကြောင်းမကြားပါဘူး။ ဒါပေမဲ့ အရောင်းအဝယ် စာချုပ်ချုပ်တဲ့ နေ့တုန်းက ဦးကျော်စွာ ပါသတဲ့"

"ဘယ်လို ..."

သည်တစ်ခါ အံ့ဩရပြန်၏။ လုပ်ချက်က ပိရိစေ့စပ်လွန်းပါတကား။

"ဦးကျော်စွာအတုပေါ့လေ။ ပြီးတော့ ရှေ့နေတွေ ဘာတွေနဲ့ အသိသက်သေတွေနဲ့ အပီလုပ်သွားတာ။ ပိုင်ဆိုင်မှု စာရွက်စာတမ်းတွေ အပြည့်အစုံနဲ့ပဲ"

"ပိုင်လိုက်တာ"

"ကြည်လဲ့ကို ကျွန်မ အံ့ဩလို့မဆုံးဘူး။ ဘာကြောင့် လျှို့လျှို့ဝှက်ဝှက် ထွက်သွားလဲ။ ဘာကြောင့် လျှို့လျှို့ဝှက်ဝှက် ပြန်ပေါ်လာပြီး အခန်းကို ရောင်းသွားလဲ"

မေစံရှားက သက်ပြင်းချလိုက်သည်။

စိတ်ကူးသစ်စာပေ



မသီတာ အဖြေထုတ်မရသော ပဟေဠိကို မေစံရှားက အဖြေသိရှိနေဟန်မျိုးရှိသည်ဟု ဘေးမှ ကိုနေသော်က တွေးသည်။

"ရှား သိနေတာ ဘာရှိလဲ"

ကိုနေသော့် အမေး။

"အကွက်လေးတွေက သိပ်လှတာပဲ ကိုကို။ စစ်တုရင်စကားနဲ့ပြောရရင် ခွချက်ပဲ။ ခွချက်မှ ခွချက်ကြီးကြီး။ ဘုရင်ကြီးနဲ့ ဘုရင်မကြီးရော၊ ရထားရော သုံးခုလောက်ကိုမိအောင် ခွပြီးချက်တာ"

မေစံရှားထံမှ ဦးစွာထွက်လာသည့် အဖြေစကား။

"ကျွန်မနားလည်အောင် ပြောပါဦး"

မသီတာ ဝင်မေးသည်။

"အခုအချိန်မှာတော့ ပြောဖို့ နည်းနည်းစောသေးတယ်။ အတည်ပြုဖို့ အချက်တစ်ချက်လိုသေးတယ်။ မကြာခင် မမသီတာ အားလုံး ရှင်းသွားမှာပါ။ ခုနေတော့ ကျွန်မ ကြိုပြောနိုင်တာက တစ်ခုပဲရှိတယ်။ အခန်းရောင်းတယ်ဆိုတဲ့ မမကြည်လဲ့ဟာ အစစ်မဟုတ်ဘူး။ အတု"

"ဟင် ..."

မမသီတာ မျက်ခုံးများပင့်တက်သွားကာ မျက်လုံးများ ပြူးသွားပြန်၏။

"ကျေးဇူးပဲ မမသီတာ။ မမကြည်လဲ့ကိစ္စမှာ မမသီတာက အများကြီး ကူညီခဲ့တာပဲ။ ကဲ ... ကျွန်မတို့ကို ခွင့်ပြုပါဦး။ အရေးတကြီးသွားရမယ့်နေရာ ရှိလို့ပါ"

မေစံရှား နှုတ်ဆက်ပြီး မသီတာအခန်းမှ ပြန်ထွက်လာတော့ ကိုနေသော်က မေးသည်။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

"ဘယ်သွားမှာလဲရှား"

"ရုံးခန်းကို ခဏပြန်မယ်။ မောင်ရှင် လာပေးသွားတုန်းက ပါတဲ့ မမကြည်လှဲ့ရဲ့ ခြေထောက်ဓာတ်မှန်ယူပြီး ကိုဝေယံဆီကို သွားချင်တယ်"

မေစံရှား၏ခြေလှမ်းများ သွက်လက်လွန်းလှပြီး ကိုနေသော်ပင် လိုက်မမီ။

| ၂၅ |

ရုံးခန်းရှိ မေစံရှား၏ စားပွဲအံ့ထဲမှ မမကြည်လှဲ့၏ ခြေထောက်ဓာတ်မှန်ကို ထုတ်ယူနေခိုက်မှာပင် မေစံရှား၏ လက်ကိုင်ဖုန်းက မြည်လာ၏။ ကိုနေသော်က ဖုန်းကို ကောက်ယူ၏။ ဖုန်းကို ကြည့်လိုက်သည်နှင့် ရဲအုပ်ဝေယံဆီကမှန်း ကိုနေသော်သိလိုက်သည်။

ကိုနေသော် ဖုန်းကို မေစံရှားကို လှမ်းပေးလိုက်သည်။

"ကိုဝေယံဆီက"

ဟုလည်း ပြောလိုက်သည်။

"ဟဲလို ...ကိုဝေယံ။ ကျွန်မလည်း ခုပဲ ရဲအုပ်ကြီးဆီကို လာမလို့"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com

ရဲအုပ်ဝေယံအသံ ပေါ်လာ၏။

"ဟုတ်လား . . . ။ လာမယ်ဆို ချက်ချင်းလာခဲ့ပါ။ ဒီမှာ အရေးတကြီး ပြောစရာရှိတယ်"

"ဘာများလဲ ကိုဝေယံ"

"ကျွန်တော်တို့ သမာဓိမောင်ရှင်ကို ကျောက်စိမ်းကွန်ဒိုနားမှာ ဖမ်းမိလိုက်တယ်။ သူကတော့ ငြင်းနေတုန်းပဲ။ ဒါပေမဲ့ ကျွန်တော်တို့ရထားတဲ့ သက်သေတွေနဲ့ စစ်ဆေးရင် သူဝန်ခံရမှာပါ။ ဒေါ်မေစံရှားအဖို့လည်း အချက်အလက်ရတာပေါ့"

မေစံရှားရင်ဝမှာ အလုံးတစ်လုံး လာဆို့သည်။ အပူလုံး။

"ကျွန်မအခုပဲ လာခဲ့ပါမယ် ကိုဝေယံ။ မောင်ရှင်ကို ခဏထိန်းထားပါ။ ဘာမှ မမေးမစစ်ပါနဲ့ဦး။ ကျွန်မ ကိုဝေယံကို တင်ပြစရာရှိသေးလို့ပါ"

"ကောင်းပါပြီ"

မေစံရှား ဖုန်းပိတ်ပြီး သက်ပြင်းချသည်။

ကိုနေသော်က စိတ်ပူစွာဖြင့် . . .

"မောင်ရှင် ဘာဖြစ်လို့လဲ"

အလောတကြီးမေးသည်။

"မောင်ရှင့်ကို ဖမ်းမိထားတယ်တဲ့။ ကျောက်စိမ်းကွန်ဒိုနားမှာတဲ့။ ဖြစ်ရမယ် မောင်ရှင်ကတော့။ ခြေငြိမ်ငြိမ်နေပါဆိုကာမှ ဒီကျောက်စိမ်းကွန်ဒိုနားကိုပဲ သွားရသတဲ့"

မေစံရှား၏ မချင့်မရဲစကား။

"သူက မမကြည်လဲ့ကို အမိဖမ်းချင်နေတာကိုး။ မမကြည်လဲ့နဲ့ အလွဲမခံနိုင်ဖြစ်နေတာကိုး"

စိတ်ကူးသစ်စာပေ



ကိုနေသော်က အမောနှင့် မှတ်ချက်ပေးသည်။

"အဲဒါ အချစ်ရူး ရူးတာပဲ။ အဲဒါ ကိုကို့မှာလည်း တာဝန်ရှိတယ်"

"အိုး . . . ဘာဆိုင်လို့လဲ ရှားရဲ့"

"ကိုကိုပဲ မောင်ရှင့်ကို မြှောက်ပေးတာလေ"

"ဟာကွာ . . ."

"စိတ်ပူစရာတော့ သိပ်မရှိပါဘူး။ ရှားတို့က အမှန်တရားကို ဖော်နိုင်ရင် မောင်ရှင် လွတ်လာမှာပါ"

"ဒါဆို အခု ရဲစခန်းကို သွားမှာလား"

"ဒါပေါ့ . . . ။ ရဲအုပ်ဝေယံနဲ့ အရေးတကြီး နောက်ဆုံးအဆင့် အဖြေရှာဖို့ရှိတယ်"

"ကဲ . . . သွားကြစို့၊ မြန်မြန်။ အချုပ်ထဲက မောင်ရှင့်မျက်နှာကို ကြည့်ချင်တယ်။ ဘယ်လောက် ရှုံ့မဲ့နေမလဲဆိုတာ"

"စပ်ဖြုံဖြုံဖြစ်နေမှာပါ ကိုကိုရယ်။ သူ့အကြောင်း ကိုကိုသိသားနဲ့"

အပြင်မှာ ရာသီဥတုက သာယာနေ၏။

မုန်းတိုင်းလွန်ခဲ့ပြီဟူသော နိမိတ်ကို ပြနေသည်ထင့်။

www.burmeseclassic.com

## | ၂၆ |

မြေအောက်ခန်း၏ အောက်သိုးသိုးအနံ့တွေထဲမှာ မီးလောင်ထားသဖြင့် မီးခိုးနံ့ မှိုင်းနံ့များက ရောနေ၍ဖြင့် အသက်ရှူ၍ ခက်လှသည်။ သို့သော် ကိုယ့်ဇောနှင့်ကိုယ်မို့ ထိုအနံ့များကို အာရုံက သိပ်မရောက်။

မေစံရှားနှင့် ကိုနေသော်တို့ မှုံရွှေရည်အသတ်ခံ မီးရှို့ခံရသော မြေအောက်ခန်းထဲမှာ ရောက်နေခြင်းဖြစ်၏။

ကိုနေသော်က လက်မှာနာရီကို ပင့်ကြည့်သည်။ အလာမြူနှင့် ပြနေသော နာရီဒိုင်ခွက်ဂဏန်းက ညဆယ်နာရီထိုးတော့မည်ကို ပြသနေ၏။

စိတ်ကူးသစ်စာပေ



ဤအခန်းထဲကို ရောက်နေသည်မှာပင် တစ်နာရီကျော်ခဲ့ပြီ။

"ရှား မှန်းဆသလို ဖြစ်ပါ့မလား"

ကိုနေသော့်အမေး။ သူ့အမေးမှာ သံသယအနည်းငယ်ပါ၏။

"ဖြစ်မယ်လို့ ယုံကြည်ပါတယ်"

မေစံရှားကမူ အားတင်းကြည့်၊ ယုံကြည်မှုအပြည့်ဖြင့် ပြန်ဖြေသည်။

အခန်းထဲမှာ လုံး၀ မှောင်ပိန်းနေ၏။ အပြင်က အသံတွေလည်း မကြားရ။ မေစံရှားနှင့် ကိုနေသော် တစ်ဦးကိုတစ်ဦးပင် မမြင်ရ။ လက်နှိပ်မီးကို တစ်ချက်တစ်ချက်ဖွင့်မှသာ တစ်ဦးကိုတစ်ဦး မြင်နိုင်၏။

"လင်းမြတ်က ရှားပြောသလို ပြောပါ့မလား"

"ပြောမှာပါ။ သူက ပင်ကိုစိတ် မဆိုးတဲ့ လူငယ်လေးပါ"

မေစံရှားက လင်းမြတ်ကိုတွေ့ဆုံကာ သူ့ဦးလေးကို ဖုန်းဆက်ပြောနိုင်းခြင်းဖြစ်၏။

နေ့လယ်က ရဲစခန်းမှ ပြန်လာပြီးနောက် . . .။

www.burmeseclassic.com

www.burmeseclassic.com

❑

"လင်းမြတ်က ကိုခင်မောင်ရင်ကို ဖုန်းဆက်ပြီး ပြောပေးပါ။ ရဲတွေက မှုံရွှေရည်အသတ်ခံရမှုကို ဖော်နိုင်တော့မယ်။ သမာဓိမောင်ရှင် ဆိုတဲ့ တရားခံကို မိထားပြီတဲ့။ ဒါပေမဲ့ မောင်ရှင်က လူသတ်ရာမှာ အသုံးပြုတဲ့ဓားကို ထုတ်မပေးဘူးတဲ့။ အဲဒီဓားရရင် အမှုကပြီးပြီတဲ့။ ကိုခင်မောင်ရင် စိတ်ချမ်းသာရတော့မှာလို့ ပြောပေးပါ"

"ဟုတ်ကဲ့ . . . ကျွန်တော် ဖုန်းဆက်ပြီး ပြောပါ့မယ်"

❑

"ဘာပဲပြောပြော ဒီကွင်းဆက်တွေကို ရှာရခဲ့တာ မောင်ရှင့် ကျေးဇူး။ မောင်ရှင့် စွမ်းဆောင်ချက် အများကြီးပါတယ်"

မှောင်ထဲမှ မေစံရှား၏အသံ ထွက်လာသည်။

ကိုနေသော်က အပြင်မှအသံကို နားစွင့်နေသော်လည်း ယခုထိ ဘာမျှ ထူခြားမှုမရှိသေး။

"နေ့လယ်ဘာ ကိုဝေယံကိုပြတဲ့ မမကြည်လဲ့ရဲ့ ဓာတ်မှန်ကို ပြောတာလား"

"ဟုတ်တယ်။ ဒါတင်မကဘူး၊ ငါးသေတ္တာဘူးခွံရော၊ အကျီပြင်တဲ့ ပြေစာရောပေါ့"

"အဲဒါတွေ ရှားက ဘယ်လိုတွေးမိလဲ"

"ကိုခင်မောင်ရင်ရဲ့ ထွက်ဆိုချက်မှာ ခင်မေလွင်ကို ဆေးခန်းပို့ရာက မှုံရွှေရည်ဆီကို ဖုန်းဆက်တာ ကိုးနာရီ။ အဲဒီနောက် အိပ်မီးလောင်တယ်။ လင်းမြတ်တွေ့ခဲ့ရတာက မှုံရွှေရည် (မှုံရွှေရည်လို့ ယူဆရတဲ့သူ) သေနေတာ ရှစ်နာရီခွဲကတည်းက။ ပြီးတော့ ကြွပ်ကြွပ်အိတ် အမည်းထဲက ငါးသေတ္တာဘူးခွံ"

"ဒီတော့ . . ."

စိတ်ကူးသစ်စာပေ

www.burmeseclassic.com



"မောင်ရှင် မမကြည်လဲ့ရဲ့ အခန်းထဲကရလာတဲ့ ငါးသေတ္တာဘူးခွံလေ"

"အဲဒါနဲ့ ဘယ်လို ..."

"သေဆုံးသူရဲ့ အူထဲမှာတွေ့တာက ငါးသေတ္တာစားထားတယ်ဆိုတဲ့အဖြေ မဟုတ်လား။ ဒီတော့ သေဆုံးသူဟာ မမကြည်လဲ့ရော မဖြစ်နိုင်ဘူးလား"

"ဟာ ... ဖြစ်နိုင်တာပေါ့"

"အင်္ကျီပြင်ဆိုင်ကိုသွားတော့ အင်္ကျီလာပြင်သူဟာ မမကြည်လဲ့ပုံဖြစ်ပေမဲ့ မှဲ့နေရာမှာ ပလာတ်စတာကပ်ထားတယ်။ ဒါက သံသယဖြစ်စရာအချက်။ ဟော ... ကြည်လဲ့ရဲ့ ခြေထောက်ရိုးဓာတ်မှန်ကို သေဆုံးသူရဲ့ အရိုးတွေကိုရိုက်ထားတဲ့ ဓာတ်မှန်နဲ့တိုက်ကြည့်တော့ တူနေတာတွေ့ရတယ်။

နေ့လယ်က ကိုဝေယံနဲ့အတူ စီအိုင်ဒီက စုံထောက်တွေနဲ့ စစ်ဆေးခဲ့တာ ကိုကိုအသိပဲ။ သေဆုံးသူရဲ့ ခြေထောက်အရိုးမှာ ကျိုးပေါင်းအတက်ရှိနေတယ်လေ။ ဒီတော့ ရှားတင်ပြတဲ့ သေဆုံးသူဟာ မမကြည်လဲ့ ဖြစ်နိုင်မယ်ဆိုတဲ့အချက်ကို လက်ခံလိုက်ကြတယ်။ ဒီတော့ သေဆုံးသူဟာ မှုံ့ရွှေရည်မဟုတ်ဘူး။ မှုံ့ရွှေရည်သေဆုံးတာ မဟုတ်ပါဘဲနဲ့ မှုံ့ရွှေရည်က ဘယ်ရောက်နေလဲ"

"ဟုတ်တာပေါ့"

"လင်းမြတ်တွေ့ခဲ့တဲ့ အိတ်အမည်းထဲက ငါးသေတ္တာဘူးခွံဟာ တရားခံက မမကြည်လဲ့အိမ်က ယူလာတာရော မဖြစ်နိုင်ဘူးလား"

"ဖြစ်နိုင်တယ်"

"ဒီအချက်တွေဟာ သေဆုံးသူဟာ မမကြည်လဲ့ ဖြစ်နိုင်တယ်





ဆိုတဲ့ တွေးလုံးတွေပဲ။ အဲဒါကို အတည်ပြုပေးတာက မမကြည်လဲ့ရဲ့ ခြေထောက်ရိုးဓာတ်မှန်။ ဒီလိုဆိုတော့ မမကြည်လဲ့က ဘာကြောင့် မှုံ့ရွှေရည်ရဲ့ မြေအောက်ခန်းထဲရောက်ပြီး အသတ်ခံရလဲ၊ မီးရှို့ခံရလဲ။ မီးရှို့တာက လူကို မမှတ်မိအောင်လို့"

"မှန်တယ်"

"တရားခံက မမကြည်လဲ့ကို အကြောင်းကိစ္စတစ်ခုခုနဲ့ အိမ်ကိုခေါ်တယ်။ ဒါမှမဟုတ် မမကြည်လဲ့က သူ့ဘာသာလာနေကျအတိုင်း ဖြစ်ကောင်းဖြစ်နိုင်တယ်။ ဒါပေမဲ့ ပိုပြီးဖြစ်နိုင်တာက ပထမအချက်ပဲ။ ဘာကြောင့်လဲဆိုတော့ နဂိုကတည်းက အစီအစဉ်ရှိပြီး ကြိုတင်ပြင်ဆင်ထားလို့ပဲ"

"ရှားဆိုလိုတာက ခင်မောင်ရင် သူ့ညီမကို ဆေးခန်းပို့တယ်ဆိုတာလား"

"မှန်တယ်။ ခင်မောင်ရင်က သူ့ညီမကို ဆေးခန်းလိုက်ပို့နေရလို့ အပြန်နောက်ကျမယ်လို့ မှုံ့ရွှေရည်ဆီကို ဖုန်းဆက်တယ်။ ညကိုးနာရီတဲ့။ ဒါဟာ ရဲကို မျက်စိလှည့်တာပဲ။ တကယ် မမကြည်လဲ့ သေဆုံးတာက ရှစ်နာရီခွဲမတိုင်မီက။ မှုခင်းဆရာဝန်ကြီးက ဒီအချက်ကို လက်ခံတယ်။ ပြီးတော့ ခင်မောင်ရင်တို့ သွားပြတယ်ဆိုတဲ့ စူပါအထူးကုဆေးခန်းကို ရှား ရောက်ခဲ့ပြီးပြီ။ အဲဒီနေ့ အဲဒီညက ခင်မေလွင်နာမည်နဲ့ လာပြတဲ့လူနာ မရှိဘူးတဲ့။ ဒီတော့ ဒီအချက်ဟာ လိမ်စဉ်ကြီးဆိုတာ သေချာနေတယ်ပေါ့"

"အင်း ... ဒါက ခင်မောင်ရင်က အလိဘိုင်လုပ်ထားတာပေါ့နော်"

"ဒါပေါ့။ အဲဒါနဲ့ ရှားက သေချာအောင် လင်းမြတ်ကို သွား



www.burmeseclassic.com

www.burmeseclassic.com



ထပ်ရှာတယ်။ မှုံရွှေရည်က ဝီကေစားတတ်လားမေးတော့ စားတတ်တယ်တဲ့။ စားပြီးသား ဝါးပြီးသားပီကေကို ဟိုကပ်ဒီကပ် ကပ်တတ်တဲ့ အကျင့် ရှိတယ်တဲ့''

''ဒါဖြင့် ဒေါ်ဦးအခန်းဖောက်တာ၊ ချို့မာအခန်းကိုဖောက်တာ၊ ရှားအခန်းကို ဖောက်တာ ...''

''သူပဲပေါ့ ကိုကို။ ဒေါ်ဦးဆီက မမကြည်လဲ့နဲ့သူ ပတ်သက်တဲ့အချက်တွေ၊ အဓိက ဓာတ်ပုံရိုက်ထားတာ၊ ဒေါ်ဦးက ရှားကိုပေးခဲ့တဲ့ ဓာတ်ပုံလေ။ အဲဒါကို သူ ရဲလက်မရောက်စေချင်လို့ ဒေါ်ဦးအခန်းကို ဝင်မွှေတယ်။ ချို့မာ့အခန်းကို ဝင်မွှေတာကလည်း ဒီသဘောပဲ။ ဒါပေမဲ့ ချို့မာကနိုးပြီး ရင်ဆိုင်တွေ့လို့ ချို့မာ့ကိုသတ်ခဲ့တာ''

''ရှားအခန်းက ဓာတ်ပုံယူသွားတာလည်း ဒီသဘောပဲ ဖြစ်မှာပေါ့''

''ဒါပေါ့ ကိုကို။ ရှား ဒီအမှုနဲ့ပတ်သက်ပြီး ကွန်ပျူတာထဲမှာ ထည့်ထားတဲ့ အချက်တွေတောင် ဖျက်သွားသေးတယ်''

''ခက်ခက်ကရော''

''ခက်ခက်က မှုံရွှေရည်ပဲ။ မှုံရွှေရည်ရုပ်ဖျက်ထားတာ မမကြည်လဲ့ ခရီးထွက်သွားကြောင်း အများကိုပြချင်လို့''

''မမသိမ့်နဲ့ သူ့ယောကျ်ားက ...''

''အဲဒါက တမင်ခေါင်းစားအောင် ဝင်လာတဲ့ကိစ္စပဲ ကိုကို။ ဒီအမှုနဲ့ ဘာမှမပတ်သက်ဘူး။ မမသိမ့်တို့ လင်းမယားအကြောင်းကို မမသိမ့်တို့နဲ့ အနေနီးတဲ့ ရှားမိတ်ဆွေ ရှေ့နေကြီးဦးတင်ယုကို စုံစမ်းနိုင်းတော့ သူတို့လင်မယားက အမြဲ ပြဿနာရှာနေတဲ့သူတွေပဲ။ တစ်ယောက်ကိုတစ်ယောက် စွပ်စွဲနေကြတာတဲ့။ နှစ်ယောက်စလုံး ဆေး





သမားနဲ့ အရက်သမားတွေတဲ့''

''ဒါဆိုရင် အမှုက ရှင်းပါပြီ။ ကိုကိုနားမလည်တာတစ်ခုက မှုံရွှေရည်တို့က ဘာကြောင့် မမကြည်လဲ့ကို သတ်တာလဲဆိုတာ''

''အဲဒါက ရှား ဟိုတစ်နေ့က မမသိတာတို့အိမ်မှာပြောသလို အကြံကြီးကြီးနဲ့ ခွချက်လုပ်တာပဲ''

''ခွချက် ... ဟုတ်လား။ ဘယ်လို ခွချက်လဲ''

''ခင်မောင်ရင်နဲ့ မှုံရွှေရည်က အကြွေးဝိုင်းနေတယ်လေ။ ဖြေရှင်းစရာနည်းလမ်းက မရှိတော့အောင် အကျပ်အတည်းဖြစ်နေတာ။ နှစ်ယောက်စလုံး လောင်းကစားသမားတွေကိုး။ အဲဒီတော့ အိမ်နဲ့ မှုံရွှေရည်ကို အာမခံထားတယ်။ အိမ်မီးလောင်ရင်၊ မှုံရွှေရည် တစ်ခုခုကြောင့် သေရင် အာမခံလျော်ကြေး ရအောင်လို့ပေါ့။

ဒါပေမဲ့ မှုံရွှေရည် ဘယ်အသေခံမလဲ။ ဒီနေရာမှာ မမကြည်လဲ့ကို ဓားစာခံလုပ်တာပေါ့။ မမကြည်လဲ့ကို သတ်တယ်။ မီးရှို့တယ်။ မှုံရွှေရည်အသတ်ခံရပြီး အိမ်မီးလောင်တဲ့သဘော လုပ်တာ။

တစ်ဆက်တည်းမှာပဲ မမကြည်လဲ့ပိုင် ပစ္စည်းတွေနဲ့ တိုက်ခန်းကို မှုံရွှေရည်က မမကြည်လဲ့ဟန်ဆောင်ပြီး အပိုင်ထုတယ်။ ရွှေနေအတုတွေ၊ သက်သေအတုတွေနဲ့ ရောင်းစားသွားတာ ကြည့်ပါလား။ မမကြည်လဲ့ ပျောက်နေတာကျတော့ ခရီးထွက်တဲ့ပုံစံဖြစ်အောင် ဖန်တီးတယ်လေ။ ခက်ခက်ပေါ်လာတာ အဲဒါကြောင့်ပေါ့''

''အား ... အကြံကြီးသလောက် ရက်စက်လိုက်တဲ့ မိန်းမပဲ''

''ကိုဝေယံနဲ့တွေ့ပြီး ခင်မောင်ရင်နဲ့ မှုံရွှေရည်ရဲ့ နောက်ကြောင်းကိုရှာတဲ့အခါကျတော့ သူတို့ဟာ တစ်ချိန်က ထောင်ကျဖူးတဲ့ ဖောက်



www.burmeseclassic.com

www.burmeseclassic.com

ထွင်းရေးသမား လင်မယားဆိုတာ တွေ့ရတော့တာပဲ''

''ဒါဆို သူတို့လင်မယားကို လျှော့တွက်လို့ မရဘူးနော်။ သူ တို့လာရင်တောင် အန္တရာယ်ရှိတယ်''

''အပြင်မှာ ကိုဝေယံတို့ ရှိနေတာပဲ ကိုကို။ မစိုးရိမ်ပါနဲ့''

''သူတို့ကရော လာပါ့မလား''

''လာမှာပါ။ နေ့လယ်က လင်းမြတ်ကနေတစ်ဆင့် ရွာက သားကောင်ထွက်လာအောင် တောခြောက်ခဲ့ပြီးပြီလေ။ သက်သေခံ လက်နက် ရှာနေတယ်ဆိုတာ။ ဒီတော့ သူတို့လင်မယား တခြားကို ရှောင်မပြေးခင် သက်သေခံစားကို အစဖျောက်ပစ်ရမယ်။

ရှားယူဆချက်က ဒီဓားဟာ ဒီအိမ်ရဲ့ မြေအောက်ခန်းတစ်နေ ရာမှာ ဝှက်ထားတာ ဖြစ်ရမယ်။ မမကြည်လဲ့ကိုသတ်တာနဲ့ ချိုမာ့ကို သတ်တာ ဒီဓားတစ်ချောင်းတည်းပဲ။ ဒါကြောင့် ဒီဓားကို အပြီးတိုင် မဖျောက်ဖျက်ရသေးဘူး။ ဝှက်ထားတာပဲ ဖြစ်ရမယ်။

ဝှက်ရမယ့်နေရာကလည်း လုံခြုံတာ ဒီနေရာပဲလေ၊ အခု သူတို့လစ်ပြေးမယ်ဆိုရင် နောက်ကြောင်းအေးအောင် ဒီဓားကို အစ ဖျောက်ရမှာပေါ့။ မဟုတ်ဘူးလား။ ဒီကို လာကိုလာမှာ သေချာပါတယ်''

''ဟော . . . အပြင်က အသံလား။ နားထောင်စမ်း''

ကိုနေသော့ သတိပေးသံကြောင့် နှစ်ဦးစလုံး အသံတိတ်လိုက် ကာ ငြိမ်၍ နားစွင့်လိုက်ကြသည်။

မှန်သည်။

အသံတချို့ ကြားလိုက်ရ၏။ တံခါးဖွင့်သံ ပိတ်သံဟု ထင် သည်။ ခင်မောင်ရင်နှင့် မှုံရွှေရည် လာလေပြီလား။

ထို့နောက် စကားသံတိုးတိုးနှင့် ကြမ်းပြင်ပေါ်မှာ လျှောက်





သာသော ခြေသံအချို့ကို ပါးပါးလျလျ ကြားရသည်။

မေစံရှားက ကိုနေသော့လက်ကို ဆုပ်ကိုင်၍ ဖျစ်ညှစ်လိုက် သည်၊ သတိရှိနေစေရန် သတိပေးလိုက်ခြင်းဖြစ်၏။

အသံက မြေအောက်ခန်းတံခါးဝနား ရောက်လာပြီ။

တံခါးက မီးလောင်ကျိုးပျက်နေသဖြင့် အပေါ်ကအသံများ ကို ကြားရခြင်းဖြစ်ရုံမက အပေါ်မီးရောင်ကိုပါ မြင်ရ၏။ လက်နှိပ် မီးရောင်ဖြစ်သည်။ အိမ်က မီးလောင်ပြီး ဝါယာကြိုးများ ပြတ်တောက် သွားခဲ့ပြီး ပြန်လည်ပြင်ဆင်ခြင်း မရှိသေး။

ဟော . . . မြေအောက်ခန်းတံခါးကို ဆွဲဖွင့်နေပြီ။

မေစံရှားတို့ရပ်နေရာနေရာသည် မြေအောက်ခန်းသို့ ဆင်း လာရာ လှေကား၏အောက် သစ်သားပုံးခွံလွတ်များ၏ နောက်မှာဖြစ် သဖြင့် လှေကားမှမီးထိုး၍ ဆင်းလာလျှင် သူတို့ မြင်နိုင်ဖွယ်မရှိ။

ကိုနေသော်ကမူ စိတ်လှုပ်ရှားနေပုံရ၏။ သူ၏အသက်ရှူသံ မှာ မြန်နေပြင်းနေသည်။

''ဖြည်းဖြည်းဆင်း''

ယောကျ်ားသံ။ ခင်မောင်ရင့်အသံ ဖြစ်ပေမည်။

''ရှင် ဒီပေါ်ကပဲ စောင့်''

မှုံရွှေရည်က ပြန်ပြောခြင်းဖြစ်၏။

ပြီးတော့ လက်နှိပ်မီးနှင့် ထိုး၍ လှေကားမှဆင်းလာသည်။ တစ်ထစ်၊ နှစ်ထစ်။ ပြီးလျှင် ပြန်ရပ်ကာ အပေါ်မှ ခင်မောင်ရင့်ထံ ပြန်ကြည့်သည်။

''အပြင်ကို သေသေချာချာကြည့်ထားဦး။ ဟိုရှေ့နေမက ဉာဏ် တော်တော်များတာ။ ဒါ သူ့လှည့်ကွက် ဖြစ်ချင်ဖြစ်နေမှာ။ ရှေ့နေမ



www.burmeseclassic.com

www.burmeseclassic.com

လာလို့ကတော့ ရှင်းသာပစ်''

''အေးပါကွာ။ မင်းသာ ဟိုဟာကို မြန်မြန်ယူပြီး ထွက်လာပါ။ ဒီနေရာကနေ တို့ ဝေးလေကောင်းလေ။ မြန်မြန်ဝေးလေ မြန်မြန်ကောင်းလေပဲ''

မှုံရွှေရည် လှေကားမှ ဆက်၍ဆင်းလာသည်။

မှောင်ရိပ်ရှိ မေစံရှားနှင့် ကိုနေသော်မှာ လှုပ်ရှားခြင်းမဲ့ ငြိမ်သက်စွာ စောင့်ကြည့်နေကြ၏။

မှုံရွှေရည်တို့ ဓားကို လာယူခြင်းကတော့ သေချာနေသည်။ ဓားကို ဘယ်မှာဝှက်ထားသလဲ။

ဓားကို မှုံရွှေရည်ယူပြီး ပြန်အတက်မှာမှ မေစံရှားတို့က လှုပ်ရှားရမည်ဖြစ်၏။ အပြင်မှာ ကိုဝေယံတို့ အသင့်ဖြစ်နေလောက်ပြီ။ သို့သော် ခင်မောင်ရင်ကရော မှုံရွှေရည်ပါ မြေတိုက်ခန်းထဲဆင်းမလာဘဲ ခင်မောင်ရင်က အပြင်ကွင် စောင့်နေသည်မှာ မေစံရှားတို့ မျှော်လင့်မထားသောအရာ။

ဟော ... မှုံရွှေရည် မြေအောက်ခန်းကြမ်းပြင်သို့ ရောက်လာပြီ။ လက်နှိပ်မီးဖြင့် ဟိုထိုးဒီထိုးလုပ်နေသဖြင့် မေစံရှား ပို၍ ငြိမ်နေရ၏။ လောလောဆယ် မှုံရွှေရည်မီးထိုးနေသည်က မေစံရှားတို့ဘက် မဟုတ်သဖြင့် တော်ပေသေးသည်။

သို့သော် ...

မှုံရွှေရည်က အခန်းထောင့်တစ်နေရာရှိ သံပုံးအချို့ကို ဖယ်ထုတ်ကာ အောက်မှ ပုံးတစ်ခုထဲသို့ နှိုက်ပြီး ဓားကို ဆွဲထုတ်လိုက်ချိန် ...

''မှုံ ... မှုံ ... မြန်မြန်တက်ခဲ့။ အခြေအနေမကောင်းဘူး''

စိတ်ကူးသစ်စာပေ



အပေါ်မှ ခင်မောင်ရင်၏ ထိတ်ထိတ်ပျာပျာ အသံပေါ်လာ၏။

မှုံရွှေရည်လည်း လှုပ်ရှားသွားသည်။

ဓားကို ကိုင်လျက်နေရာမှ ပြန်လှည့်ကာ လှေကားဆီသို့ ပြေးလာ ...

အပေါ်ထပ်မှ အသံများ ကြားလိုက်ရ၏။

ရဲအုပ်ဝေယံတို့ ဝင်လာပြီထင်သည်။

''ဟော့ ... မလှုပ်နဲ့။ ရပ်နေစမ်း''

အမိန့်ပေးသံ။ ခြေသံ၊ လှုပ်ရှားသံများ၊ အော်ဟစ်သံအချို့။

မှုံရွှေရည် အခြေအနေကို နားလည်သွားပုံရှိ၏။

အာဂမိန်းမ။ အညံ့ခံ၊ အဖမ်းခံဖို့ စဉ်းစားပုံမရ။

မြေအောက်ခန်း၏ အခြားတစ်ဖက်မှ ထွက်ပေါက်ရှိရာသို့ ပြေးသွားသည်။ ထိုအပေါက်က ကယ်ပေါက်ဟုခေါ်ရမည်။ အရေးကြုံက သုံးရန်ဖောက်ထားသည့် မလွယ်ပေါက်။ လူတစ်ကိုယ် ဝင်သာလွတ်သာရုံ လေးထောင့်အပေါက်ငယ်ဖြစ်သည်။ မြေအောက် အခြားတစ်နေရာမှ မြေပေါ်သို့ထွက်နိုင်သော အပေါက်ဖြစ်ဟန်ရှိ၏။

မှုံရွှေရည်က ထိုအပေါက်ရှိ သံတံခါးကို ဒူးတွင်ပါလာသော သော့ဖြင့် ဖွင့်လိုက်သည်။

မေစံရှားတို့ ကြည့်နေ၍မဖြစ်တော့။

မထင်မှတ်သောနေရာမှ မှုံရွှေရည် လွတ်မြောက်သွားနိုင်၏။ အပေါ်မှာတော့ ခင်မောင်ရင်ကို ရဲအုပ်ဝေယံတို့ ဖမ်းဆီးမိလောက်ပြီ။

မေစံရှား လှုပ်ရှားလိုက်သည်။

ရပ်နေရာမှ မေစံရှား ပြေးထွက်သွား၏။

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရှား . . . သတိထား"

အော်၍ သတိပေးရင်း လက်နှိပ်မီးဖြင့်ထိုးရင်း ကိုနေသော်ကလည်း နောက်မှ ပြေးလိုက်သည်။ နောက်မှအော်သံ၊ လှုပ်ရှားသံကြောင့် အပေါက်တွင်း ငုံ့ဝင်တော့မည့် မှုံရွှေရည်က ချာခနဲလှည့်ကြည့်၏။ သူမ၏လက်မှ မီးရောင်ဖြင့်လည်း မေစံရှားတို့ကို လှမ်း၍ထိုးသည်။

ရုတ်တရက်ဝင်လာသော မီးရောင်ကြောင့် မေစံရှားမျက်လုံးတွေ ပြာသွားသည်။ ထိုအခွင့်ကောင်းကို မှုံရွှေရည်က အသုံးချလိုက်ကာ လက်မှကိုင်ထားသောဓားဖြင့် မေစံရှားကို ဆီး၍ထိုးလိုက်သည်။

မေစံရှားအဖို့မူ 'သတိ' ဆိုသည်က အမြဲအစဉ် ကပ်ထားသည့်အရာ။ မျက်လုံးပြာဝေသွားချိန် လက်နှင့် မီးရောင်ကိုကာစဉ် ခြေကို တုံ့ရုပ်ပစ်လိုက်သဖြင့် မှုံရွှေရည် အနီးသို့မရောက်။ မှုံရွှေရည် လှမ်းထိုးလိုက်သောဓား၏ လက်ခနဲအရောင်နှင့် မှုံရွှေရည်၏ လှုပ်ရှားဟန်ရိပ်ခနဲကို မြင်လိုက်ရ၏။

ခန္ဓာကိုယ်ကိုလှည့်၍ တစောင်းပြုကာ ရှောင်လိုက်သည်။

ဓားက ရင်ဝနားမှကပ်ကာ လွဲချော်သွားသည်။ တကယ့်သီသီကလေး။

ဓားက ရင်ဝမှ လွဲချော်သွားသည်နှင့် မေစံရှားက ဘယ်လက်ဝါးစောင်းဖြင့် မှုံရွှေရည်၏ ဓားကိုင်လက်ကောက်ဝတ်ကို တွန်းထုတ်ကာ ညာလက်ဖြင့် ပဲခွက်အတွင်း။ သဲခွက်အတွင်း ကြိမ်ဖန်များစွာ ထိုး၍ လေ့ကျင့်ခဲ့သည့် Soybean Thrust, Sand Thrust ကို အသုံးပြုလိုက်သည်။ Spear Hand လှံသွားလက်ဟုခေါ်သည်။ Nukite ခေါ် လက်များအားဖြင့် ထိုးသွင်းချက်ဖြစ်၏။ လက်မနှင့်လက်ချောင်း လေးချောင်း ပူးကပ်ကာ လှံသွားလို မှုံရွှေရည်၏ဝမ်းဗိုက်ဆီသို့ ဝင်သွားသည်။

စိတ်ကူးသစ်စာပေ



"အူး . . ."

မှုံရွှေရည်၏ အော်ညည်းသံ ပေါ်ထွက်လာသည်။ နာကျင်မှုကြောင့် ဟန်ချက်လည်း ပျက်သွား၏။ နောက်မှထိုးပေးနေသော ကိုနေသော်၏ မီးရောင်အောက်တွင် ဖရိုဖရဲ ယိမ်းယိုင်သွားသော မှုံရွှေရည်၏ ဘယ်ဘက်မျက်နှာဆီသို့ မေစံရှားက ညာခြေကိုမြှောက်၍ ခြေစုံပတ်ကန်လိုက်သည်။ Mawashi-geri ခေါ် Roundhouse kick ဖြစ်သည်။

"အား . . ."

မှုံရွှေရည် ဘေးသို့ ယိုင်ဆင်းပြိုလဲကျသွားသည်။ လက်မှဓားလည်း လွတ်ကျသွား၏။ လူက ဒူးထောက်လျက် ဖြစ်သွားသည်။

ပြန်၍ ရင်ဆိုင်နိုင်သည့် အနေအထားမရှိတော့။

"ဒေါ်မေစံရှား ဘယ်မှာလဲ"

အပေါ်မှ အော်ဟစ်မေးမြန်းသံနှင့်အတူ မီးရောင်များဖြာကျလာကာ လှေကားမှ ဆင်းလာသံများ ကြားလိုက်ရ၏။ ရဲအုပ်ဝေယံတို့ ဖြစ်သည်။

"ရှားကို ထိသွားသလား"

ကိုနေသော်က မေစံရှားကို စိတ်ပူပန်စွာမေးသည်။

"ဟင့်အင်း . . . မထိပါဘူး"

ရဲအုပ်ဝေယံတို့ အနားရောက်လာကာ မှုံရွှေရည်ကို ဆွဲထူပြီး သက်ထိတ်ခတ်လိုက်သည်။

"ဟိုကောင်က ထွက်ပြေးလို့ ဝိုင်းဖမ်းလိုက်ရသေးတယ်"

ရဲအုပ်ဝေယံက ပြောရင်း ကြမ်းပြင်မှဓားကို ကောက်ယူသည်။ နှစ်ဖက်သွားဓားက မီးရောင်တွင် တလက်လက်။

www.burmeseclassic.com

www.burmeseclassic.com



အရယ်စွက်ထားသော်လည်း မောင်ရှင့်အသံမှာ ဆွေးမြည့်မြည့်ရှိနေပြီး မျက်လုံးများမှာ အရည်လဲ့နေသည်။ မျက်ရည်ဝဲနေသော မှိုင်းပျပျမျက်လုံးများမှာ ခါတိုင်းမြင်နေကျ အရောင်လက်လက် မျှော်လင့်ချက်များ ပျောက်ဆုံးနေသည်ဟု မေစံရှားရော ကိုနေသော်ပါ တွေးမိကြသေး။

"မင်းအတွက် စိတ်မကောင်းပါဘူး မောင်ရှင်ရယ်။ ဒါပေမဲ့ အချစ်ဆိုတာ ဘဝရဲ့ အစိတ်အပိုင်းတစ်ခုပါကွာ။ ဘဝတစ်ခုလုံး မဟုတ်ပါဘူး"

မေစံရှားက တိုးညင်းဖျော့တော့စွာ နှစ်သိမ့်စကားဆိုသည်။

ကိုနေသော်ကလည်း ...

"နေဝင်ရင် လထွက်လာဦးမှာပါ ငါ့ညီရာ"

ဟု ဖြည့်စွက်အားပေးသည်။

"မမကြည်လဲ့ကို သတ်ခဲ့တဲ့ တရားခံတွေကို ဖော်ထုတ်ပေးနိုင်ခဲ့လို့ မမကြည်လဲ့ကိုယ်စား ကျွန်တော်က မမရှားကို ကျေးဇူးတင်ပါတယ်ဗျာ"

"အဲဒါက မင်း စွမ်းဆောင်ချက်တွေကြောင့်ပါ မောင်ရှင်ရယ်"

"ကျွန်တော့်စွမ်းဆောင်ချက်က ရာခိုင်နှုန်း နည်းနည်းလေးပါ။ မမရှားတို့ ရဲအုပ်ကြီးတို့ရဲ့ ကြိုးစားချက်က အဓိကပါ"

"တော်သေးတယ်နော်။ မင်းကို ကိုဝေယံတို့က ချိုမာသတ်မှုနဲ့ ဖမ်းထားတာ။ တရားခံအစစ်ပေါ်လာလို့"

"အဲဒီအတွက်လည်း ကျွန်တော် မမရှားကို ပိုကျေးဇူးတင်တာ"

"မင်းကကွာ ... မောင်နှမချင်း ဒါတွေပြောဖို့ မလိုပါဘူး"



[ ၂၇ ]

❑

မေစံရှားနှင့် ကိုနေသော်က သူတို့ရှေ့တွင်ရောက်လာသော ရေခဲမုန့်ဘူးများကို ကြည့်၍ သမာဓိမောင်ရှင်ကို ပြုံးတူမော့ကြည့်မိကြ၏။

မောင်ရှင်က ရယ်ကျဲကျဲဖြင့် ...

"ကျွန်တော်က မမကြည်လဲ့နဲ့လက်ထပ်ရင် ရေခဲမုန့်ကျွေးမယ်လို့ ရည်ရွယ်ထားတာမို့ မမကြည်လဲ့နဲ့ လက်ထပ်ခွင့်မရပေမဲ့ ကိုနေနဲ့ မမရှားကိုတော့ လာကျွေးတာပါ"

ဟုပြောသည်။



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတွေပြောဖို့မလိုရင် ထားလိုက်ပါတော့။ ပြောဖို့လိုတာတော့ ပြောပါရစေ"

"ဘာများလဲ"

ကိုနေသော်ရော မေစံရှားပါ မောင်ရှင့်ထံ အာရုံစူးစိုက်သွားကြသည်။ မောင်ရှင်က မျက်နှာတည်တည်ကလေးဖြင့် ...

"ကျွန်တော်ရော ဘယ်တော့ ရေခဲမုန့်စားရမှာလဲ။ ကိုနေနဲ့ မမရှားတို့ ရေခဲမုန့်ကျွေးတာ စားချင်ပြီ"

"ဟာ ... မမရှားက အကောင်းမှတ်လို့ နားထောင်နေတာ"

မေစံရှား၏ ရှက်မျက်နှာကိုကြည့်၍ မောင်ရှင်က တဟားဟား ရယ်သည်။

"အကောင်းပြောတာလေ မမရှားရဲ့။ ဒီထက်ကောင်းတဲ့စကားတောင် ဒီလောက်မကောင်းနိုင်ဘူး။ ဟုတ်တယ်နော် ကိုနေ"

"သိပ်မှန်တာပေါ့ မောင်ရှင်ရာ"

"တော်ပါ ...။ ညီအစ်ကိုတွေ ဘယ်တုန်းက တိုင်ပင်ထားလဲ မသိဘူး။ အတိုင်အဖောက်ကို ညီလို့"

သုံးယောက်သား ကြည်နူးစွာ ရယ်မောနေကြစဉ် ...

မေစံရှား၏ ရုံးခန်းအတွင်းသို့ အမျိုးသမီးငယ်တစ်ဦး ပြေးဝင်လာသည်။

"ဒေါ်မေစံရှား ... ဒေါ်မေစံရှား ... ကျွန်မကို ကူညီပါဦး"

မေစံရှား၊ ကိုနေသော်နှင့် သမာဓိမောင်ရှင်တို့၏ အာရုံများ ထိုအမျိုးသမီးထံသို့ ရောက်ရှိသွားကြသည်။

အမှန်တရားတစ်ခုကို ပိုင်းဝန်းဖော်ထုတ်ဖို့ လိုအပ်လာပြီဖြစ်ကြောင်း သူတို့ သဘောပေါက်လိုက်သည်။

---

စိတ်ကူးသစ်စာပေ



"အတ္တထက် ပရ' ကို ပို၍ အလေးထားသည့် သူတို့၏နှလုံးသားများသည် ပုံမှန်ထက် ပို၍မြန်ကာ တဆတ်ဆတ် ခုန်လာနေသည်ကိုလည်း သူတို့ဘာသာ နားလည်လိုက်ကြလေသည်။

နေစိုးသော်

BURMESE CLASSIC .com

www.burmeseclassic.com